အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.1120(1950-1964)

ပြန်လည်မွေးဖွားခြင်းအဆင့်

သို့တက်လှမ်းခြင်း

.May Be:

၁၉၅၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၅၀ - လှည့်ကွက်ကစားခြင်း

ယန်ယဲ့ ပြောလိုက်သည့် စကားကြောင့်

လုလီကူး က အံ့သြသွား၏။

ထာဝရတန်ခိုးရှင် များက

အလွန်သန်မာသလား။

မှန်သည်၊ ထာဝရတန်ခိုးရှင်များ က

ပြန်လည်မွေးဖွားခြင်းအဆင့် ထက်

ကျော်လွန်သောကျင့်ကြံသူများပင်မဟု

တ်ပါလား။ သူတို့ဟာ ကမ္ဘာကြီးကို

ချက်ချင်း ဖျက်ဆီးပစ်နိုင်၏။

ကောင်းကင်ဘုံ ပင်

ထိုအဆင့်ကျင့်ကြံသူများကို

ကြောက်ရွံ့ခဲ့ရသည်။

သို့သော် ထိုအရာက

အဓိကအချက်မဟုတ်ပါ။

အဓိကကတော့ ယန်ယဲ့၏ လေသံပါ။

သူ့လေသံက ထာဝရတန်ခိုးရှင်များကို

အထင်အမြင်သေးနေသလိုဖြစ်လို့ပါ။

စကားပြောပြီးသည်နှင့် ယန်ယဲ့ သည်

လုလီကူး ကို နောက်ထပ်

ဂရုမစိုက်တော့ဘဲ ထာဝရတန်ခိုးရှင် ၂

ပါး ကို လှည့်ကြည့်လိုက်သည်။ ထို့နောက်

သူ၏လက်သီးများကို

တင်းတင်းဆုပ်လိုက်သည်။

ဤတစ်ကြိမ်မှာ သူ၏လက်သီးချက်က

အရှိန်ပြင်းပြင်းနှင့်

ကြောက်မက်ဖွယ်ရာစွမ်းအားလှိုင်းကြီး

တစ်ခု ပေါက်ကွဲလာသည်။ ၎င်းသည်

သူ့ပတ်ဝန်းကျင် ၃ ကီလိုမီတာအကွာရှိ

အာကာသပြင်ကို

ရေကန်၏မျက်နှာပြင်ကဲ့သို့
လှုပ်ခတ်သွားစေခဲ့သည်။

ထိုမြင်ကွင်းကို မြင်လိုက်သောအခါ
လုလီကူး၏ မျက်လုံးထဲ၌
အံ့အားသင့်မှုတစ်ခု ပေါ်လာသည်။
ရှင်းရှင်းပြောရလျှင် ယန်ယဲ့၏ခွန်အားက
သူထင်ထားသည်ကို ပိုနေလို့ပါ။

ယန်ယဲ့၏ ရှေ့မှ ထာဝရတန်ခိုးရှင် ၂
ပါးဟာ အကြည့်ချင်းဖလှယ်လိုက်ပြီး
သူတို့မျက်လုံးထံ၌လည်း
သတိအပြည့်ထားနေခဲ့ကြသည်။

ထိုအချိန်တွင် ယန်ယဲ့၏အသံက
လုလီကူး၏ စိတ်ဝိညာဉ်ထဲသို့
ဝင်ရောက်လာသည် "မင်းအရင်
ထွက်သွားလိုက်"

လုလီကူး က အနည်းငယ်

အံ့အားသင့်သွားပြီး

ခေါင်းယမ်းလိုက်သည် "ငါလုလီကူး

ဒီလိုမျိုး မလုပ်နိုင်ဘူး"

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်သည်။

ထိုခဏလေးမှာပဲ

နတ်ဆိုးဘုရားစွမ်းအင်ဟာ

သူ့ခန္ဓာကိုယ်အနှံ့ ဖြန့်ကျက်သွား၏။

တစ်ဆက်တည်း

သူ၏ညာဖက်လက်သီးကို ဆုပ်ကာ

ရှေ့သို့ဆောင့်ထိုးချလိုက်ပါသည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းလက်သီး...

လက်ရှိအချိန်တွင် သူက

စားမသုံးနိုင်သောကြောင့်

ကောင်းကင်ဘုံဖျက်ဆီးခြင်းလက်သီး

ကိုသာ ထုတ်သုံးလိုက်ရတော့သည်။

မဟုတ်လျှင် လက်ရှိသူ့ခွန်အားက

ထာဝရတန်ခိုးရှင် ၂ ပါးကို

တိုက်ခိုက်နိုင်မည်မဟုတ်ပါ။

လက်သီးဖြင့် ရှေ့ကိုထိုးချလိုက်သည်နှင့်

လက်သီးချက်မှ ကြောက်မက်ဖွယ်ရာ

အားလှိုင်းတစ်ခု ချက်ချင်း

ထွက်ပေါ်လာသည်။ထိုခဏလေးမှာပဲ

ယန်ယဲ့၏အနီးတစ်ဝိုက်မှ

အာကာသပြင်ဟာ ပြိုကျလာပြီး

တစ်စစီဖျက်ဆီးခံလိုက်ရတော့သည်။
ဒီအချိန်မှာ ယန်ယဲ့က အနက်ရောင်
အမှောင်ထုကြီးအလယ်မှာ
ရပ်နေခဲ့သည်။

ယန်ယဲ့၏ လက်သီးချက်
ပြေးဝင်လာသည်နှင့် ထာဝရတန်ခိုးရှင် ၂
ပါး၏အမူအရာက
သိသိသာသာပင်ပြောင်းလဲသွားခဲ့သည်။

နှစ်ယောက်စလုံးက ပေါ့ပေါ့ဆဆ

မလုပ်ဆောင်ဝံ့ဘဲ

သူတို့၏လက်ဝါးများကို ရှေ့သို့

ပြိုင်တူဆန့်ကာ

ရိုက်ထုတ်လိုက်ကြသည်။

လက်ဝါးနှစ်ဖက်မှ ပြင်းထန်သော

စွမ်းအင်လှိုင်းနှစ်ခု စီးထွက်လာပြီး

ယန်ယွဲ့၏လက်သီးချက်ကို

ခုခံလိုက်သည်။

ဂျုန်း…

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ သူတို့ပတ်ပတ်လည်မှ အာကာသတွင်းနက်ကြီးဟာ ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။

လုလီကူး၏ မျက်လုံးများထဲ၌တော့ စိတ်လှုပ်ရှားမှုများ ထွက်ပေါ်လာသည် " အစွမ်းထက်တဲ့

လက်သီးနည်းစနစ်ပါ။ဆက်ထိုးလိုက်၊

ထပ်လုပ်ပါ။ ထပ်ပြီး သတ်ရင် သူတို့…”

"နောက်တစ်ခါ မင်းကိုပဲသမလိုက်မယ်"

ယန်ယဲ့၏အသံက လုလီကူး၏

စိတ်ဝိညာဉ်ထဲသို့ ပေါ်လာသည် "နောက်

ဆုတ်တော့" ထို့စကားပြောပြီးသည်နှင့်

ယန်ယဲ့၏ပုံရိပ်ကတစ်ချက်တုန်ခါသွားသ

ည်။ ထို့နောက်

အနက်ရောင်အလင်းတန်းအသွင်ပြောင်း

ကာ အဝေးဆီသို့

ပျောက်ကွယ်သွားတော့သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းလက်သီး က

အားကောင်းသည့်တိုင် ထာဝရတန်ခိုးရှင်

၂ ပါးကို သတ်ပစ်ရန် မဖြစ်နိုင်ပေ။

နှစ်ယောက်ကို မပြောဘဲ

တစ်ယောက်ကိုပင်

သတ်ပစ်နိုင်စွမ်းမရှိပါ။ မှန်သည်၊

ကောင်းကင်ဘုံဖျက်ဆီးခြင်း က

အဆင့်နိမ့်လို့မဟုတ်ပေ။

ထာဝရတန်ခိုးရှင် များပင်

လျှော့မတွက်ဝံ့သော

အစွမ်းထက်နည်းစနစ်တစ်ခုပါ။

သူကိုယ်တိုင်သာ အားနည်းနေခဲ့သည်။

ထို့အပြင် သူ၏ရည်ရွယ်ချက်ကိုက

လုံးဝကို ရိုးရှင်းပါသည်။ ထွက်မပြေးခင်

ခဏရပ်ပြီး ထာဝရတန်ခိုးရှင် ၂ ပါးကို

တိုက်ခိုက်ဟန်ပြကာ

အလစ်ထွက်ပြေးခြင်းပင်။ သူ
ကြံစည်ထားသည့်အတိုင်း တစ်ချက်
တိုက်ခိုက်ပြီးသည်နှင့် တပြိုင်နက်
လှည့်ထွက်ပြေးသွားခဲ့သည်။

ယန်ယဲ့ ထွက်ပြေးသွားသည်ကိုမြင်သော
အခါ လုလီကူး က
အံ့အားသင့်သွားသည်။နောက်ဆုံးတွင်
ယန်ယဲ့ ဟာ ထာဝရတန်ခိုးရှင်များကို
အမှိုက်များသဖွယ်

ပြောဆိုနေသေးသည်မဟုတ်လော။

လက်ရှိတွင်

ချက်ချင်းလှည့်ထွက်ပြေးသွားခဲ့သည်။

ဘာပြောရမှန်းပင်မသိတော့ပေ၊

ထိုအပြောင်းအလဲကြောင့် သူပင်

လိုက်မမှီနိုင်တော့ပေ။

သို့သော် သူ၏တုံ့ပြန်မှု ကလည်း

သိပ်တော့နောက်မကျပေ။ ချက်ချင်း

ထွက်ပြေးသွားသည်။

သူ၏ ခွန်အားကို ယုံကြည်သော်လည်း
ထာဝရတန်ခိုးရှင် ၂ ပါးကို
တိုက်ခိုက်နိုင်မည်ဟုတော့
ယုံကြည်မှုမရှိခဲ့ပေ။

ထိုအချိန်တွင် လုံအလင်းတန်းတစ်ခုဟာ
လေထုကို ဆုတ်ဖြဲကာ ယန်ယွဲ့ နှင့်
လုလီကူး တို့ဆီသို့
ဦးတည်ပြေးသွားလေသည်။

လှုံအလင်းတန်း ကို မြင်သောအခါ

နှစ်ယောက်လုံး နှင့်

မျက်နှာပျက်သွားသည်။ ယန်ယဲ့က

တိုက်ခိုက်ရန်ပြင်လိုက်၏။ သို့သော်

လုလီကူးက သူ့ထက်ပင်

မြန်ဆန်နေသေးသည်။

ဓားစွမ်းအင်အလင်းတန်းတစ်ခု

တောက်ပလာပြီး လှုံအလင်းတန်းကို

တိုက်မိသွားသည်။

ဘမ်း...

တိုက်မိသည်နှင့် တပြိုင်နက်

မီးရှူးမီးပန်းများကဲ့သို့

ပေါက်ကွဲသွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ နှင့်

လုလီကူး တို့နှစ်ယောက်လည်း

ရပ်တန့်သွားခဲ့သည်။

ထိုအချိန်တွင် လီတျန်းဂျူ က

သူတို့နှစ်ယောက် နှင့် မဝေးလှသော

နေရာမှ ပေါ်လာသည်။

ခရမ်းရောင်ဝတ်ရုံအဘိုးအို နှင့်

အုပ်စုကလည်း သူ့နောက်ကွယ်မှ

ရောက်ရှိလာသည်။ ထို့အပြင်

သူတို့အဖွဲ့က ရပ်နေလိုက်သောကြောင့်

ယခင်က ထာဝရတန်ခိုးရှင် ၂ ပါးပါ

ရောက်လာခဲ့သည်။

ဤအခိုက်အတန့်တွင် သူတို့သုံးဦးဟာ
ထာဝရတန်ခိုးရှင် ၄ ပါးဖြင့်
ဝိုင်းရံခံထားရသည်။

လီတျန်းဂျူ က ယန်ယဲ့ နှင့် လုလီကူး ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
အေးစက်စွာ ရယ်မောလိုက်သည်
"ဒီလိုမျိုး ထားခဲ့ရတာ
သိပ်တော့မကောင်းဘူးမဟုတ်လား"

ယန်ယဲ့ က ခရမ်းရောင်ဝတ်ရုံအဘိုးအို

နှင့်အဖွဲ့ကို စိုက်ကြည့်လိုက်ပြီး တစ်ဖန်

လီတျန်းဂျူ ကို စိုက်ကြည့်ရင်း "ငါတို့

ဒီအတိုင်း ဆက်ပြီး

တိုက်ခိုက်နေမယ်ဆိုရင် ငါတို့ထဲက

တစ်ယောက်မှ လွတ်မြောက်နိုင်မှာ

မဟုတ်ဘူး။ ဒီတော့ အရင်ဦးဆုံး

လက်တွဲပြီး ငါတို့ကြားက ကိစ္စကို

နောက်မှ ဖြေရှင်းလိုက်ကြရအောင်။
အဆင်ပြေလား"

လီတျန်းဂျူ က အနည်းငယ်
သိသိသာသာ လှုပ်ရှားသွားသည်။
အကယ်၍
သုံးယောက်ပေါင်းတိုက်ခိုက်လျှင်
ထာဝရတန်ခိုးရှင် ၄ ပါးကို ရင်ဆိုင်ဖို့က
ခက်ခဲမည်မဟုတ်ပေ။သို့သော်
သူတို့အချင်းချင်း တိုက်ခိုက်ရင်း

ရှောင်ပြေးနေမည်ဆိုလျှင် တစ်ယောက်မှ လွတ်မြောက်နိုင်မည်မဟုတ်ပေ။

ထိုအတောအတွင်း ယန်ယဲ့ က ထပ်ပြောလိုက်သည် “ငါတို့ရဲ့ အမြန်နှုန်းက ထာဝရတန်ခိုးရှင်အဆင့်တွေထက် လုံးဝမသာဘူး။

ဒီတော့ ထွက်ပြေးဖို့က

အခွင့်ပေါ်ခွင့်မရှိတော့ဘူး။ ဒါကြောင့်

အကောင်းဆုံးနည်းလမ်းက သူတို့ကို

သတ်ပစ်ဖို့ ဒါမှမဟုတ် ပြန်ဆုတ်အောင်

တွန်းအားပေးမှပဲရမယ်”

လီတျန်းဂျူ၏ မျက်လုံးထဲမှ မဆိုင်းမတွ

ပေါ်လာသည်။

ခရမ်းရောင်ဝတ်ရုံအဘိုးအိုက
"တိုက်ခိုက်ကြ"ဟု
ရုတ်တရက်အော်ပြောလိုက်သည်။

စကားပြောပြီးသည်နှင့် သူအရင်ဆုံး
လီတျန်းဂျူ ထံ ခုန်ဝင်လာသည်။

သူတို့ရှေ့မှ လူငယ် သုံးယောက်ဟာ
ကျင့်ကြံမှုအဆင့် နိမ့်ကျနေသည့်တိုင်
ထိပ်တန်းပါရမီရှင်များ ဖြစ်မှန်း

သိသာပါသည်။ အကယ်၍

ထိုလူငယ်သုံးယောက်သာ

ပေါင်းတိုက်လာလျှင်....။

မည်သို့ပင်ဖြစ်စေ သူက

အပြင်းအထန်တိုက်ခိုက်ရသည့်

အခြေအနေကို မရောက်လိုပါ။

ချက်ချင်းတိုက်ခိုက်ရန်

ပြတ်ပြတ်သားသား အမိန့်ပေးခဲ့သည်။

ခရမ်းရောင်ဝတ်ရုံအဘိုးအို

တိုက်ခိုက်လာသည်ကို မြင်သောအခါ

လီတျန်းဂျူ၏ မျက်နှာက

အေးစက်သွားခဲ့သည်။ ယန်ယဲ့ကို

ချက်ချင်းကြည့်ကာ "ငါတို့

လောလောဆယ် ပူးပေါင်းလိုက်မယ်"

ထိုစကားပြောပြီးသည်နှင့် ညာခြေကို

တစ်ချက်ဆောင့်ကာ

ခရမ်းရောင်ဝတ်ရုံအဘိုးအိုဆီသို့ ပြေးဝင်သွားသည်။

ယန်ယဲ့ က လုလီကူး၏ ပုခုံးပေါ် အသာပုတ်လိုက်ပြီး "ကံကောင်းပါစေ"

ဟု ပြောပြီးသည်နှင့် ထာဝရတန်ခိုးရှင် ၁ ပါးကို တိုက်ခိုက်လိုက်တော့သည်။

ထို့နောက်တွင် လုလီကူး နှင့် လီတျန်းဂျူ
ဟာ ထာဝရတန်ခိုးရှင် ၃ ပါး နှင့်
ရင်ဆိုင်ခဲ့သည်။ ယန်ယဲ့ ကတော့
ထာဝရတန်ခိုးရှင် တစ်ပါးသာ
တိုက်ခိုက်ခဲ့သည်။

သို့တိုင် ယန်ယဲ့ သည်
အပြင်းအထန်တိုက်ခိုက်နေခဲ့ရသည်။

ကံကောင်းထောက်မစွာ သူသည်
တိုက်ပွဲအတွေ့အကြုံကြွယ်ဝပြီး
ပြန်လည်ကုသခြင်းစွမ်းရည် ရှိနေလေရာ
ထာဝရတန်ခိုးရှင်ကို
ထိပ်တိုက်ရင်ဆိုင်နိုင်၏။

အုန်း...

ယန်ယွဲ့ သည် ၃ ကီလိုမီတာအကွာသို့
ပေါက်ကွဲသွားခဲ့သည်။ သူ့ကိုယ်သူ

ရပ်လိုက်သည်နှင့် လီတျန်းဂျူ နှင့်
လုလီကူး တို့ဖက်သို့
တစ်ချက်ကြည့်လိုက်သည်။
ထိုနှစ်ယောက်၏ အခြေအနေကို
မြင်သောအခါ စိတ်ထဲ
အတော်လေးတုန်လှုပ်သွားခဲ့၏။

အစပိုင်းတွင် ထိုနှစ်ယောက်ပေါင်း
တိုက်ခိုက်မှုဟာ ထာဝရတန်ခိုးရှင် ၃
ပါးကို အမြန်အနိုင်ယူလိမ့်မည်ဟု

မျှော်လင့်ထားခဲ့သည်။ သို့သော် သူသည်

ထာဝရတန်ခိုးရှင် ၃ ပါးကို

အထင်အမြင်သေးထားမိခဲ့သည်။

တစ်ချိန်တည်းတွင် လီတျန်းဂျူ နှင့်

လုလီကူး တို့နှစ်ယောက်ဟာ

တဖြည်းဖြည်းနှင့်

အရေးနိမ့်စပြုလာသည်။

ငါ ဒါကို ဆက်မလုပ်နိုင်တော့ဘူး...

ယန်ယဲ့ သည် မျက်နှာပျက်သွားသည်။

ထိုအချိန်တွင် သူ့ရှေ့မှ အာကာသပြင်ဟာ

တုန်ခါသွားပြီးနောက် ထိုနေရာမှ

မီးလျှံလက်သီးကြီး ထိုးချလာသည်။

ယန်ယဲ့ သည် ညာဖက်လက်သီးကို

တင်းတင်းဆုပ်ထားလိုက်ရင်း

ငြိမ်သက်သွားကာ ရှေ့သို့

လှမ်းထိုးလိုက်သည်။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယဲ့ သည် ၁ ကီလိုမီတာအကွာသို့

ထပ်မံလွင့်ထွက်သွားခဲ့သည်။ သူ

ပြန်ထလာသည်နှင့်

အကန့်အသတ်မဲ့ဖိအားများ

သယ်ဆောင်လာသော

မီးလျှံလက်ဝါးကြီးတစ်ဖက်

ကျဆင်းလာသည်ကို

သတိထားမိလိုက်သည်။ဖိအားကြောင့်

သူ့ဘေးနားမှ အာကာသပြင်ဟာ

ချက်ချင်းပင် ပြိုကျလာ၏။

ယန်ယဲ့၏ မျက်လုံးထဲ၌ လေးနက်သော

အမူအရာ ပေါ်လာသည်။

အမှန်တိုင်းပြောရလျှင် သူက

ဓားထုတ်သုံးချင်နေ၏။ သို့သော်

မလုပ်ဝံ့ပေ။

ဓားကိုထုတ်သုံးလိုက်သည်နှင့်

သူရင်ဆိုင်ရမည့်အခြေအနေဟာ

ယခုထက်ပင်

ပို၍ရှုပ်ထွေးသွားပါလိမ့်မည်။

အနည်းဆုံးတော့ လောလောဆယ်

သူ့အတွက်

အနည်းငယ်အားစိုက်ရုံလောက်သာ။

ယန်ယဲ့ သည်

ခဏမျှငြိမ်သက်နေပြီးနောက် ညာခြေကို

တစ်ချက်ဆောင့်ကာ

အပေါ်ခုန်တက်လိုက်သည်။ ထို့နောက် အနက်ရောင်အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ မီးလျှံလက်ဝါးကြီး ရှေ့သို့ ပြေးဝင်သွားပြီး လက်သီးကို အပေါ်သို့ ထိုးလိုက်သည်။

ဤတစ်ကြိမ် လက်သီးချက်က ဒြပ်စင်ချိုးဖျက်ခြင်းနည်းစနစ် နှင့် အဆုံးအစွန်သောနိယာမ ကို ပေါင်းစပ်ထားသည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းလက်သီးကို

ထပ်မသုံးတော့ပေ။ အကြောင်းမှာ

ငင်းသည် သူ၏ဆန်းကြယ်ချီစွမ်းအင်

သာမကဘဲ ရုပ်ခန္ဓာခွန်အားပါ

ကုန်ဆုံးသွားခဲ့လေသည်။ အကယ်၍

သူ့ရှေ့မှ ထာဝရတန်ခိုးရှင် ကို

သတ်နိုင်ရင်တော့ စိတ်မဝင်စားပေ။

ကံမကောင်းစွာပဲ၊ လက်သီးချက်က

ရန်သူကို မသတ်နိုင်သည့်အပြင်

သူကိုယ်တိုင်ပါ ဒဏ်ရာရသွားနိုင်၏။

ထို့ကြောင့်

ဒြပ်စင်ချိုးဖျက်ခြင်းနည်းစနစ် နှင့်

အဆုံးအစွန်သောနိယာမ ကို

ပေါင်းစပ်ပြီးအသုံးချဖို့သာ

ရွေးချယ်လိုက်သည်။

အုန်း…

မီးလျှံလက်ဝါးကြီးက ပြင်းထန်စွာ
တုန်ခါကာ ကွဲအက်သွားသည်။
ထိုအချိန်တွင် ယန်ယဲ့ သည်
သူ၏ညာလက်ကို နောက်ပြန်ဆွဲကာ
အပေါ်ထပ်သို့ ဆောင့်ထိုးလိုက်သည်။

ဘုန်း….

လက်သီးချက်က မီးလျှံလက်ဝါးကြီး၏

အလယ်တည့်တည့်မှ

ထိုးဖောက်သွားသည်။

တစ်ချိန်တည်းတွင် ယန်ယဲ့သည်

အနက်ရောင်အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲကာ အဝေးဆီသို့

ပျောက်ကွယ်သွားတော့သည်။

"မင်း ပြေးနိုင်မယ်ထင်လား"

ထာဝရတန်ခိုးရှင်က အေးစက်စွာ

အော်ဟစ်လိုက်ပြီး နေရာမှာအဲ

ပျောက်ကွယ်သွားခဲ့သည်။

ထို့နောက်တွင် သူတို့နှစ်ယောက်လုံး

ပျောက်သွားကြသည်။

တိုက်ပွဲ ကတော့ ဆက်ဖြစ်နေတုန်းပါ။

၁၅ မိနစ်လောက်အကြာတွင်တော့

ခရမ်းရောင်ဝတ်ရုံအဘိုးအိုနှင့်အဖွဲ့

လီတျန်းဂျူ နှင့် လုလီကူး တို့ပါ

ရုတ်တရက် တိုက်ပွဲရပ်သွားသည်။

တစ်ဆက်တည်း အဝေးကို

မျှော်ကြည့်ပြီးနောက်

သူတို့၏မျက်လုံးများက

ကျဉ်းမြောင်းသွားကြသည်။ ထို့အပြင်

မယုံနိုင်စရာများဖြင့်

ပြည့်နှက်နေခဲ့သည်။

ထိုနေရာတွင် ပုံရိပ်တစ်ခုပေါ်လာသည်။
အစောပိုင်းက ရုတ်တရက်
ထွက်ပြေးသွားသည့် ယန်ယဲ့ပါ။

သူ့လက်ထဲ၌ ခေါင်းပြတ်တစ်ခုပါ
ကိုင်ထား၏။ ထိုခေါင်းပြတ်က
ယန်ယဲ့နှင့်တိုက်ခိုက်နေသော
ထာဝရတန်ခိုးရှင်၏ ဦးခေါင်းပါ။

ယန်ယဲ့က လုလီကူး ကို စိုက်ကြည့်ရင်း

"ထာဝရတန်ခိုးရှင်တွေက

အရမ်းသန်မာလား"ဟု

ထပ်ပြောလိုက်၏။

လုလီကူး က ဘာပြောရမှန်းမသိပုံပါ။

May Be:

၁၉၅၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၅၁ -

ပြန်လည်မွေးဖွားခြင်းသစ်သီး

ထာဝရတန်ခိုးရှင် များက

အလွန်သန်မာသလား။

အစောပိုင်းတုန်းက ယန်ယဲ့ လည်း

ထိုမေးခွန်းကို မေးဖူးသည်။

ဤတစ်ကြိမ်မှာ သူ

မေးလိုက်ခြင်းမဟုတ်ပေ။ လုလီကူး က
အံ့အားသင့်နေရင်း သူ့ကိုယ်သူ
မေးခွန်းထုတ်လိုက်ခြင်းသာ။

ထာဝရတန်ခိုးရှင်တွေက
အရမ်းသန်မာလား။

ထိုကျင့်ကြံသူများက ယန်ယဲ့ အတွက်
သေချာပေါက် သန်မာပါသည်။ သူသည်
ထာဝရတန်ခိုးရှင်များကို

ဘယ်သောအခါမှ

လျှော့တွက်မည်မဟုတ်ပါ။

သူမေးခဲ့သည့် အကြောင်းအရင်းဟာ

အလုံအလောက်သန်မာနေလျှင်

ထာဝရတန်ခိုးရှင်များက

ကြောက်စရာမဟုတ်ဟူ၍ပြောလိုခြင်း

သာ။ အနည်းဆုံးတော့ သူသာ

ဓားသုံးနိုင်ပါက ထာဝရတန်ခိုးရှင်များကို

ကြောက်နေမည်မဟုတ်ပေ။

ဤအဖြစ်အပျက် မတိုင်မီ ၁၅

မိနစ်အချိန်ကို

ပြန်လှည့်ကြည့်လိုက်လျှင်....

ယန်ယဲ့ သည် ထာဝရတန်ခိုးရှင်၏

မီးလျှံလက်ဝါးကြီးကို ဖျက်ဆီးပြီးနောက်

ချက်ချင်း ထွက်ပြေးသွားခဲ့သည်။

တစ်ဆက်တည်း

သူ၏ရုပ်ပိုင်းဆိုင်ရာအမြန်နှုန်းကို

အကန့်အသတ်ထိတိုင်

မြှင့်တင်ထားခဲ့သည်။ ထို့ကြောင့်
အချိန်အနည်းငယ်အတွင်းမှာပဲ
အဝေးကိုရောက်သွားခဲ့သည်။

သို့သော်လည်း ထာဝရတန်ခိုးရှင် ကတော့
ခြေတစ်လှမ်းတိုးရုံမျှဖြင့်ပင်
သူ့နောက်ကနေ ကပ်လျက်
လိုက်ပါလာခဲ့သည်။ ထိုအတိုင်းသာ၊
ယန်ယဲ့ သည်

အရှိန်ကိုအမြင့်ဆုံးထိတင်ပါ

ထွက်ပြေးသွားသည်။

၁၀ မိနစ်လောက်အကြာတွင်တော့

ရုတ်တရက် ရပ်သွား၏။

သူရပ်လိုက်သည်နှင့် ထာဝရတန်ခိုးရှင်က

သူ့နောက် မီတာ ၃၀၀ အကွာ၌

ပေါ်လာခဲ့သည်။

ထာဝရတန်ခိုးရှင် က အေးစက်စွာ ရယ်မောရင်း “ဘာလဲ၊ မင်းမပြေးတော့ဘူးလား။ မင်း…”

ယန်ယဲ့ သည် စကားမပြောဘဲ နေရာမှာပင် ရုတ်တရက်ပျောက်ကွယ်သွားသည်။ ထာဝရတန်ခိုးရှင်၏ မျက်လုံးများက ချက်ချင်းပင် ကျဉ်းမြောင်းသွားသည်။သူ၏လက်သီးများကို ဆုပ်ထားလျက်

အသင့်တိုက်ခိုက်ရန် ပြင်လိုက်သည်။

သို့သော် ကြောက်မက်ဖွယ်ကောင်းသော

စိတ်ဆန္ဒဖိအားလှိုင်းတစ်ခုက

သူ့အပေါ်သို့ ကျဆင်းလာသည်ကို

သတိပြုမိခဲ့သည်။

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ ။

ထာဝရတန်ခိုးရှင် က

သတိလက်လွတ်ဖြစ်ကာ

တစ်ကိုယ်လုံးတောင့်တင်းသွားတော့သ
ည်။ ထိုခဏလေးမှာပဲ ဓားတစ်ချောင်းက
သူ၏လည်ပင်းနောက်ကနေ
ထိုးဖောက်လာပါတော့သည်။
ထာဝရတန်ခိုးရှင်က ဆံပင်များ
အဆုံးမဲ့ထောင်မတ်နေကာ
မျက်လုံးများလည်း
ချက်ချင်းပင်ပြူးကျယ်လာခဲ့သည်။
သို့သော် သူသည် အရှုံးမပေးဘဲ

အသက်ရှင်ဖို့ကြိုးစားလိုက်သေးသည်။

သူ၏ခေါင်းကို ညာဖက်သို့ရွှေ့ကာ

ယန်ယဲ့၏ ဓားကို

ကပ်လျက်ရှောင်တိမ်းလိုက်သည်။

ဆူး...

ဓား က

ထာဝရတန်ခိုးရှင်၏လည်ပင်းတစ်ဝက်

ကို လှီးဖြတ်သွားသည်။ ထိုအချိန်တွင်

ထာဝရတန်ခိုးရှင် က ၃

ကီလိုမီတာအကွာသို့ ခုန်ထွက်သွားသည်။

သို့သော် ထိုနေရာသို့ ရွှေ့ပြီးမှသာ ယန်ယဲ့

သည် သူ့နောက်မှာပင် ရှိနေပြီး ဓားက

သူ့လည်ပင်းအား ထိုးသွင်းထားသည်ကို

သတိပြုမိလိုက်သည်။

ပြီးသွားပြီ ...

ထာဝရတန်ခိုးရှင်၏ မျက်လုံးထဲ၌
စိတ်ပျက်လက်ပျက်
အမူအရာများပေါ်လာသည်။

ဆူး...

သွေးများ ပန်းထွက်လာပြီးနောက်
ခေါင်းပြတ်က လေထဲသို့
ပျံတက်သွားသည်။

ဤ်တစ်ကြိမ်တော့ အသံတစ်ချက်မျှပင် မထွက်နိုင်ဘဲ အသတ်ခံလိုက်ရပါပြီ။

ယန်ယဲ့ သည် ခေါင်းမရှိတော့သော အလောင်းကို စိုက်ကြည့်ကာ ဓားကို ပြန်သိမ်းရင်း သူ၏ မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။

နောက်ထပ် ထာဝရတန်ခိုးရှင် ကို သတ်လိုက်နိုင်သော်လည်း

သိပ်ပြီးမလွယ်ခဲ့ပေ။ ၎င်းက

သူ၏အစွမ်းထက်ဆုံး

တိုက်ခိုက်မှုဖြစ်သည့်

ဓားပြန်လည်မွေးဖွားခြင်း ပါ။

ထို့အပြင် သူက အမှောင်တာအိုဥပဒေသ၊

ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒ

နှင့် ဓားနယ်မြေကိုပါ အသုံးပြုထား၏။

ထိုအချိန်တွင်ပင် သူ၏တိုက်ခိုက်မှုက
ထာဝရတန်ခိုးရှင် ကို သတ်ဖြတ်ရန်
လွဲချော်လုနီးပါးပါ။

အောင်မြင်ခဲ့သည့် အကြောင်းအရင်းက
အမှောင်တာအိုဥပဒေသ ကြောင့်ပါ။
အကယ်၍ သူသာ ထာဝရတန်ခိုးရှင်၏
အရိပ်ကို ပူးကပ်မထားနိုင်ပါက
သတ်ပစ်နိုင်မည်မဟုတ်ပေ။

တစ်ချိန်တည်းတွင် ယန်ယဲ့ သည်

အမှောင်တာအိုဥပဒေသ အကြောင်း

တဖြည်းဖြည်း ပို၍ နားလည်လာသည်။

တစ်စုံတစ်ယောက်၏ အရိပ်မှာ

သူ့ကိုယ်သူ တွယ်ကပ်နေသရွေ့ ထိုလူ

နှင့်အတူ လျှောက်သွားနိုင်ကြောင်း

သတိပြုလို့ပါ။

ထိုအခြေအနေက မည်သို့နည်း။

တစ်စုံတစ်ယောက်၏အရိပ်နှင့်
တွယ်ကပ်ထားလျှင် ထိုလူက သူ့လက်မှ
လွတ်မြောက်ဖို့ အိပ်မက်သာ
မက်နိုင်သည်ဟု ဆိုလိုသည်။

ထို့အပြင် သူ၏ အမှောင်တာအို
ဥပဒေသည် ယခင်ထက် များစွာ
အားကောင်းလာခဲ့သည်။ သူသာ
မတိုက်ခိုက်ဘဲ ပုန်းအောင်းနေသရွေ့
ထာဝရတန်ခိုးရှင်များပင် သူ့အား

ရှာနိုင်လိမ့်မည်မဟုတ်ပေ။ မှန်သည်၊ ကြိုတင်သတ်မှတ်ချက်က သူ့အနေဖြင့် တိုက်ခိုက်လို့မရပါ။ ထို့အပြင် သူ၏အရိပ်ကိုပါ အနည်းငယ်ပင် လှုပ်ရှားလို့မရပေ။

ခဏအကြာတွင် ယန်ယွဲ့ သည် သူ၏အတွေးများကို ထိန်းကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်း လက်ကို ဝှေ့ယမ်းလိုက်သည်။

ထာဝရတန်ခိုးရှင်၏ ခေါင်းပြတ်က

သူ့လက်ထဲကို ချက်ချင်း ပျံတက်လာပြီး

နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

...

၁၅ မိနစ်အကြာ။

အားလုံးက ယန်ယွဲ့ ကို

ကြည့်နေကြသည်။ လုလီကူး၏

မျက်လုံးများထဲ၌ ထိတ်လန့်မှု

အရိပ်အယောင်များ

ရှိနေသည်။ခရမ်းရောင်ဝတ်ရုံအဘိုးအိုနှ

င့် အဖွဲ့ကတော့

မျက်လုံးထဲ၌ အံ့သြမှုနှင့် ကြောက်ရွံ့မှု

အရိပ်အယောင်များ ရှိနေသည်။ ယခင်က

ယန်ယဲ့ သည်

အားအနည်းဆုံးဟုထင်ခဲ့ကြသည်မဟုတ်

ပါလား။ လက်ရှိတွင်တော့ သူတို့ရှေ့မှ

အဖြစ်မှန်ဟာ အထင်မှားသွားပြီကို
သိလိုက်ရလေပြီ။
ထိုအနက်ရောင်ဝတ်လူငယ်က
အားအနည်းဆုံးမဟုတ်ဘဲ
ကြောက်စရာအကောင်းဆုံး
ပါရမီရှင်ဖြစ်နေခဲ့သည်။

ယန်ယဲ့ က သူ့လက်ထဲမှ ခေါင်းပြတ်ကို
အနည်းငယ်လှုပ်ယမ်းပြရင်း “ကဲ၊
သုံးယောက် သုံးယောက်ပဲ။ မင်း ငါတို့ကို

တိုက်ခိုက်ချင်နေသေးလား"ဟုပြောလိုက်လေသည်။

ခရမ်းရောင်ဝတ်ရုံအဘိုးအိုက ယန်ယဲ့ကို လေးလေးနက်နက်ဖြင့် အကြာကြီးကြည့်လိုက်ပြီးနောက် "ယန်မျိုးနွယ်၊ ယန်ယန်။ ကောင်းတယ်။ ငါ့ဝမ်ကလန် က ဒါကို မှတ်မိလိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့်တပြိုင်နက် အခြားသော ထာဝရတန်ခိုးရှင် ၂ ပါး နှင့်အတူ အဝေးသို့ ထွက်ပျောက်ကွယ်သွားသည်။

ထိုအချိန်တွင် လုလီကူး က ယန်ယွဲ့ ထံသို့ ရုတ်တရက် ရောက်ရှိလာပြီး "ဒါကို မင်းဘယ်လိုလုပ်လိုက်တာလဲ"ဟူ၍ မေးလေသည်။

ယန်ယဲ့ က "မင်းဘာတွေပြောနေတာလဲ"

"လူမိုက်လုပ်နေတာတွေ ရပ်လိုက်"

လုလီကူး က ခေါင်းပြုတ်ကို ညွှန်ပြပြီး

"မင်း သူ့ကို ဘယ်လိုသတ်လိုက်တာလဲ။

မင်းရဲ့ လက်သီးနည်းစနစ်က အဲဒါကို

လုပ်ခဲ့တာလို့ ငါ့ကို မပြောနဲ့။

ဒီနည်းစနစ်က

အားကောင်းနေရင်တောင်မှ

ထာဝရတန်ခိုးရှင်ကို သတ်ဖို့

မလုံလောက်သေးဘူး”ဟုထပ်ပြောပါသ
ည်။

ယန်ယဲ့ က “ဒါဟာ
လျှို့ဝှက်ချက်တစ်ခုပါ။ ဝှက်ဖဲ
နားလည်လား”

“ဟမ့်” လုလီကူး က အေးစက်စွာ
ညည်းညူရင်း “အဲဒါက ဘာကြီးလဲ။
ထောင့်တစ်ခုထဲကို

အတင်းတွန်းပို့လိုက်ရင်

ထာဝရတန်ခိုးရှင်၂ပါးကိုတောင်

သတ်ပစ်နိုင်တယ်”

ယန်ယဲ့ က ပခုံးတွန့်လိုက်ပြီး လီတျန်းဂျူ

စိုက်ကြည့်ရင်း "မင်းကော။ မင်းက

ငါတို့ကို တိုက်ခိုက်ဖို့ ကြံနေသေးလား။

မင်းလုပ်ရင် နှစ်ယောက်နဲ့ တစ်ယောက်

တိုက်ခိုက်ရမယ်"ဟု

ဆက်ပြောလိုက်သည်။

လီတျန်းဂျူ က ယန်ယဲ့ကို

အချိန်အတော်ကြာ စိုက်ကြည့်ပြီး

"ယန်မျိုးနွယ်၊ ယန်ယန်။ ကောင်းတယ်၊

အရမ်းကောင်းတယ်။ ငါ လီတျန်းဂျူ က

မင်းကို တစ်နေ့ကျရင်

နှစ်ဆပြန်ပေးဆပ်ရအောင်လုပ်မယ်"

ဟု ပြောပြီး ထွက်သွားရန် ပြင်သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က

"နှစ်ဆပြန်ပေးဆပ်ခိုင်းမှာလား။ ဟမ့်၊

ကိုယ့်ကိုကိုယ် အထင်ကြီးလွန်းတယ်။

ငါ့သခင်ငယ်က

ထူးခြားတဲ့ပါရမီရှင်တစ်ယောက် ဆိုတာ

မင်းကိုပြောပြရမယ်။

မင်းကိုပြောစရာမရှိဘူး၊

နဂါးငွေ့တန်းကြယ်စင်စုရဲ့

လူငယ်မျိုးဆက်မှာတောင် သူ့ကို

ယှဉ်နိုင်တဲ့သူ ရှိပါ့မလား"

“ဟေး! ဟေး" ထိုအချိန်တွင် လုလီကူး က

ရုတ်တရက် အော်ပြောလိုက်သည်

"ညီအစ်ကို၊ အဲဒါက

အရမ်းများလွန်းတယ်။ ယန်ယန် မှာ

အရည်အချင်းတစ်ချို့ရှိတယ်ဆိုတာ

ဝန်ခံရမှာပါ။ ဒါပေမဲ့

နဂါးငွေ့တန်းကြယ်စင်စု ရဲ့

လူငယ်မျိုးဆက်တွေက

သူနဲ့မယှဉ်သာဘူးလို့ ပြောနေတာဟာ

ဝေးလွန်းပါတယ်။ သူ့ကို မပြောပါနဲ့၊

မင်းတို့ ယန်ကလန် ရဲ့ နံပါတ်တစ်

ပါရမီရှင် ယန်လျန်ရှမ်း တောင်မှ

နဂါးငွေ့တန်းကြယ်စင်စုရဲ့

နံပါတ်တစ်ပါရမီရှင် လို့မပြောရဲဘူး"

"ယန်ယန် သူ့လိုကောင်လား။

လူငယ်မျိုးဆက်သစ်တွေ နဲ့

မယှဉ်နိုင်ဘူးလား" လီတျန်းဂျူ က

လှောင်ပြောင်ရယ်မောရင်း

“ရယ်စရာကောင်းလိုက်တာ။

ထားလိုက်ပါ၊ ငါဘာမှ မပြောတော့ဘူး။

မင်းရဲ့ သခင်ငယ် ဆီကို ပြန်သွားပြီး ငါ

လီတျန်းဂျူ က သူနဲ့ မင်းကိုပါ ဒီအတွက်

သေချာပေါက် ပေးဆပ်ရလိမ့်မယ်”

ထိုစကားပြောပြီးနောက်

အလင်းတန်းတစ်ခုအသွင်ဖြင့်

အဝေးဆီသို့
ပျောက်ကွယ်သွားလေတော့သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
နောက်လှည့်ကာ ထွက်သွားဖို့
ပြင်လိုက်သည်။

သို့သော် လုလီကူး က ယန်ယဲ့၏ရှေ့ကနေ
ပိတ်ရပ်ထားကာ "မြေကြီးဝိညာဉ်က

မင်းလက်ထဲမှာမဟုတ်လား"

ဟုမေးလိုက်သည်။

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်

“ဒါအမှန်ပဲ”

လုလီကူး က အံ့အားသင့်သွားပြီး "ဒါဆို

မင်းရဲ့စိတ်ဝိညာဉ်ကို ဘာလို့

ကျိန်ဆိုဝံ့တာလဲ"ဟု ထပ်မေးပါသည်။

ယန်ယဲ့ က သူ့ရင်ဘတ်ကို

လက်ညှိုးထိုးပြပြီး "ငါ့မှာ လိပ်ပြာလုံလို့"

လုလီကူး က အံ့အားသင့်သွားပြီး

"ဒါတွေအားလုံးပြီးရင် မင်းမှာ

လိပ်ပြာလုံတဲ့စိတ်ရှိသလား။ မင်း...

မင်းရဲ့ အသိစိတ်က အံ့သြစရာပဲ”

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ယန်ကလန် ကို ငါဘယ်လိုသွားရမလဲ"

"မင်းက ယန်မျိုးနွယ်က မဟုတ်ဘူးလား"

"ငါ လမ်းပျောက်လို့ မရဘူးလား"

လုလီကူး က ဘာပြောရမှန်းကို မသိတော့ပေ။

လုလီကူး က ခဏမျှ နှုတ်ဆိတ်သွားပြီး “မင်းက ယန်ကလန် က မဟုတ်ဘူး"ဟုပြောလိုက်ပါသည်။

သူသည် လူမိုက်မဟုတ်ပေ၊ ယန်ယဲ့က ယန်ကလန်၏ တည်နေရာကို မေးနေသဖြင့်အစောပိုင်းကလုပ်သမျှဟာ ရည်ရွယ်ချက်ရှိရှိနဲ့ ရန်တိုက်ပေးနေခြင်းသာ။

တစ်နည်းအားဖြင့် ယန်ယဲ့ သည်
ယန်ကလန်နှင့် ရန်သူများဖြစ်အောင်
ကြားထဲကနေ သွေးထိုးပေးနေ၏။

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး
"ဘယ်လိုရှင်းပြရမလဲ။ ငါက
ယန်ကလန်ရဲ့အဖွဲ့ဝင်လို့
ယူဆထားပေမယ့် ငါ
တကယ်မဟုတ်ဘူး"

"မင

စကားမပြောတတ်ဘူးလား"လို့လီကူး က ဒေါသတကြီးပြောလိုက် “မင်းသာဆိုရင် မင်းဖြစ်မယ်။ မင်းမဟုတ်ရင် မင်းမဟုတ်ဘူး။ အဲဒါ ဘာကိုဆိုလိုတာလဲ။ မင်းက ငါ့ကို ခေါင်းကိုက်အောင်လုပ်နေတာပဲ"

ယန်ယဲ့ က "ငါ့ရဲ့သွေးမျိုးဆက်အရဆို ငါက ယန်ကလန် နဲ့ သက်ဆိုင်တယ်၊

ဒါပေမဲ့ တကယ်တော့ ငါက ယန်ကလန်ရဲ့
အဖွဲ့ဝင်မဟုတ်ဘူး။ နားလည်လား"

လုလီကူး က သူ့ကို
တစ်ချက်ကြည့်လိုက်ပြီး
ခေါင်းညိတ်ပြသည် “ငါ နားလည်ပြီ။
ငါ့လိုလူနဲ့တွေ့ဖို့ မမျှော်လင့်ထားဘူး။
တကယ့် ကံကြမ္မာပဲ”

ယန်ယဲ့ က အံ့သြသွားသည်

"မင်းနဲ့တူတဲ့သူတစ်ယောက်လား။

ဘာကိုဆိုလိုတာလဲ"ဟုထပ်မေးလိုက်၏။

လုလီကူးက ပခုံးတွန့်လိုက်ပြီး

“နဂါးငွေ့တန်းကြယ်စင်စု မှာ

မဟာကာလန်ကြီး (မျိုးနွယ်စုကြီး) ၈ ခု

ရှိတယ်။ ဒီအထဲမှာ ငါ့ရဲ့ လုကာလန်

လည်းပါတယ်။ ငါတစ်ချိန်က လုကာလန်

ရဲ့ အဖွဲ့ဝင် ဖြစ်ခဲ့ပေမယ့်
အခုမဟုတ်တော့ဘူး"

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

သူက "ငါ ငယ်ငယ်တုန်းက ထူးဆန်းတဲ့
ရောဂါတစ်ခု ရခဲ့လို့
ငါ့ရဲ့သွေးကြောတွေအကုန်
ပိတ်ဆို့နေခဲ့တယ်။ ဒါကြောင့်
လေ့ကျင့်လို့မရခဲ့ဘူး။ မျိုးနွယ်စုတွေက

အားနည်းသူတွေကို မလိုအပ်ဘူးဆိုတာ
မင်းသိမှာ သေချာပါတယ်။ ဒါကြောင့်
သူတို့က ငါ့နာမည်ကို လုကလန် ကနေ
အပြီးတိုင်ဖယ်ရှားလိုက်တယ်။ ပြီးတော့
ငါ့ကိုလည်း ကလန်ရဲ့အပြစ်သားလို့
ခေါင်းစဉ်တပ်ပြီး
နှင်ထုတ်လိုက်ကြတယ်"

ယန်ယဲ့က လုလီကူး ကို စိုက်ကြည့်ပြီး

"နောက်ဆုံးမှာ မင်းက ကံကောင်းတဲ့

ကြုံဆုံမှုမျိုး ရသွားပြီမဟုတ်လား"

လုလီကူး က ခေါင်းခါယမ်းလိုက်ပြီး

“မဟုတ်ဘူး၊ ငါ သူတို့ကို တစ်ဖြည်းဖြည်း

ရှင်းထုတ်ပစ်လိုက်တယ်။

တကယ်ကိုကြောက်စရာ၊ အဲဒီ ဝေဒနာ...

ဒါဟာ တကယ်ကို နာကျင်စရာပါပဲ။

ငါဒါကိုပြန်လုပ်နိုင်ရင်

ငါဒီလိုလုပ်ရတာထက် ကိုယ့်ကိုယ်ကို သတ်သေလိုက်မယ်"ဟု ပြန်ပြောလေသည်။

ယန်ယဲ့ က “မင်းအခု အရမ်းသန်မာနေပြီမဟုတ်ဘူးလား။ လုကလန် က မင်းကို ပြန်မခေါ်ဘူးလား"

လုလီကူး က သူ့ခေါင်းကို ခါလိုက်သည် "သူတို့က ဘယ်လိုလုပ်မှာလဲ။ ငါက

ယန်လျှန်ရှမ်း လိုအဆင့်က

ပါရမီရှင်တစ်ယောက်ဆိုရင် လုကလန်

ကို ပြန်လာဖို့ ချက်ချင်းဆင့်ခေါ်လိမ့်မယ်။

ကံမကောင်းစွာပဲ၊ ငါက

ဒီလောက်ကြီးကြီးမားမားမဟုတ်ပါဘူး။

ဒါဆို လုကလန် လို

မာနကြီးတဲ့မျိုးနွယ်စုက

ဘယ်လိုလုပ်ပြန်ခေါ်ပါ့မလဲ။ ဒါ့ပြင်

သူတို့က ငါ့ကို ပြန်လာခွင့် ပေးရင်တောင်
ငါ့ မလုပ်ဘူး။ ငါ့ကိုယ်ပိုင်မာနရှိတယ်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်
"ကျင့်ကြံသူတွေဟာ သူတို့ရဲ့
ဂုဏ်သိက္ခာနဲ့ မာနကို ဘယ်တော့မှ
မဆုံးရှုံးစေရဘူး"

သူက လုလီကူး ကို ထပ်မံစိုက်ကြည့်ရင်း

“ငါ့အတွက် အရေးကြီးစရာတွေလုပ်ဖို့ တစ်ယောက်ယောက် လိုအပ်နေတယ်။ မင်းဘာလို့ငါနဲ့အတူမလာတာလဲ။ ငါနဲ့ လိုက်ရင် မင်းက အရင်းအမြစ်တွေနဲ့ အဆင့်အတန်း နှစ်ခုစလုံး ပိုင်ဆိုင်ရမယ်လို့ ငါအာမခံတယ်”

“ဖယ်စမ်းပါကွာ...” လုလီကူး က ဒေါသတကြီးပြောခဲ့သည် "မင်းမှာ လှည့်ကွက်တွေနဲ့ ပြည့်နေတယ်။

မင်းငါ့နောက်ကျောကို အချိန်မရွေး

ဓားနဲ့ထိုးနိုင်တယ်။ ဒါ့ထက်၊ အဲဒါက

အဆိုးဆုံးအပိုင်းမဟုတ်သလို၊

အဆိုးဆုံးအပိုင်းကတော့

မင်းနောက်ကျောကို ဓားနဲ့ထိုးတာတောင်

ငါဘာမှမတတ်နိုင်လောက်ဘူး”

ယန်ယဲ့ က

ဘာပြန်ပြောရမှန်းမသိတော့ပေ။

ထိုအချိန်တွင် လုလီကူး က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ရတနာရှိတဲ့နေရာကို ငါသိတယ်။ ငါ အဲဒါကို လိုချင်နေတာ ကြာပြီ။ ဒါပေမဲ့ ကိုယ့်ဘာသာကိုယ် ရအောင်ယူနိုင်တဲ့ အရည်အချင်းကို မယုံကြည်ဘူး။ မင်းငါနဲ့လက်တွဲဖို့စိတ်ဝင်စားလား"ဟု ပြောလိုက်သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

"စိတ်မဝင်စားဘူး" ဟုပြောပြီးသည်နှင့်

လှည့်ထွက်သွားသည်။ သူသည်

ယန်ကလန် ကိုသာ

အမြန်ဆုံးသွားချင်နေ၏။

"ဘာလို့စိတ်မဝင်စားတာလဲ" လုလီကူး

က ဆက်ပြောလိုက်သည် “ဒါက

ဘယ်လိုရတနာဆိုတာ သိလား။

ပြန်လည်မွေးဖွားခြင်းသစ်သီးတွေ။

ပြန်လည်မွေးဖွားခြင်းအဆင့်ကို
တက်လှမ်းနိုင်အောင်
ကူညီပေးနိုင်တယ်ဟ…”

လုလီကူး၏ စကားသံကို ကြားသောအခါ
ယန်ယွဲ့က ချက်ချင်းရပ်လိုက်ပြီး
လှည့်ကြည့်ကာ "မင်းဘာလုပ်နေတာလဲ။
လမ်းပြစမ်း”

လုလီကူး က အတော်လေး

အံ့အားသင့်သွားသည်။

May Be:

၁၉၅၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၅၂ - ယန်ကလန်၏

နံပါတ်တစ်ပါရမီရှင်

ကောင်းကင်ငယ်ကို ကယ်တင်ဖို့က

အရေးကြီးသော်လည်း လက်ရှိတွင်

သူ့ခွန်အားကိုမြှင့်တင်ဖို့က

ပိုအရေးကြီးပါသည်။ နောက်ဆုံးတွင်

သူ့ခွန်အားက သန်မာလာလေလေ

ကောင်းကင်ငယ်ကို ကယ်တင်ဖို့

အခွင့်အရေးပိုများလေလေပင်မဟုတ်ပါ

လား။

ယန်ကလန် သည်

သာမန်မျိုးနွယ်မဟုတ်ပါ။

"ခဏလောက်

စိတ်အေးအေးထားပါ"လုလီကူး က

ဆက်ပြောပါသည် “ရဖို့က

ဒီလောက်မလွယ်ပါဘူး။ ငါတို့

အစီအစဉ်တွေ လုပ်ရမယ်။

နားလည်လား"

ယန်ယဲ့ က “အန္တရာယ်ရှိလား” ဟု မေးလိုက်သည်

လုလီကူး က ခေါင်းညိတ်လိုက်ပြီး “ဒါက အရမ်းအန္တရာယ်များတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီနေရာက မျိုးနွယ်စုတစ်ခုကနေ ပြန်လည်မွေးဖွားခြင်းသစ်သီးတွေကိုအထူးစိုက်ပျိုးထားတာလေ။ သူတို့က နဂါးငွေ့တန်းကြယ်စင်စု မှာ

ပြန်လည်မွေးဖွားခြင်းသစ်သီးတွေ ပိုင်ဆိုင်တဲ့ တစ်ခုတည်းသော မျိုးနွယ်စုပဲ။ သူတို့ကိုယ်သူတို့ အားကိုးပြီး ကြွယ်ဝလာတယ်။ ဒါဆို အန္တရာယ်ရှိမယ်ထင်လား"

"သူတို့မှာ ပြန်လည်မွေးဖွားခြင်းသစ်သီးတွေပဲရှိတာ မဟုတ်ဘူးလား"ယန်ယွဲ့က "ဘာဖြစ်လို့လဲ"ဟု ထပ်မေးလိုက်သည်။

"မွေးဖွားခြင်းသစ်ပင်" လုလီကူး က
“သူတို့မှာ မွေးဖွားခြင်းသစ်ပင် ရှိတယ်။
အခုအချိန်အထိ သူတို့မှာ
နဂါးငွေ့တန်းကြယ်စင်စု တစ်ခုလုံးရဲ့
တစ်ပင်တည်းလို့ဆိုနိုင်တဲ့
မွေးဖွားခြင်းသစ်ပင်ရှိတယ်။ မှန်တယ်၊
နဂါးငွေ့တန်းကြယ်စင်စု က
အကြီးကြီးပဲ။ ဒီတော့ တခြားစနစ်တွေမှာ
တကယ်ရှိမရှိတော့ သေချာမသိပါဘူး။

ဒါ့အပြင် တခြားမျိုးနွယ်စုတွေမှာ ရှိကောင်းရှိနိုင်ပေမယ့် သူတို့က ထုတ်မပြခဲ့ဘူး”

ယန်ယဲ့ က "ဘယ်မျိုးနွယ်လဲ"

လုလီကူး က "ဝူကလန်"

ယန်ယဲ့ က "သူတို့ အရမ်းသန်မာနေသလား"

လုလီကူး က ယန်ယဲ့ကို စိုက်ကြည့်ရင်း
"မင်းက သေချာပေါက် ယန်ကလန်ရဲ့
လူငယ်သခင်တွေထဲက တစ်ယောက်ပဲ
မဟုတ်ဘူးလား"ဟုပြောလိုက်သည်။

ယန်ယဲ့၏ မျက်လုံးထံမှ
အံ့အားသင့်မှုတစ်ခု ထွက်ပေါ်လာသည်
"မင်းဘယ်လိုသိတာလဲ"

လုလီကူး ပ မျက်လုံးပြူးပြီး "မင်း ဂူကလန် ကိုတောင် မသိဘူး။ ဆိုလိုတာက မင်းကိုယ်မင်း လေ့ကျင့်နိုင်အောင် ကလန်ကနေ အဝေးကို အပို့ခံရတာပဲ။ ငါမှားရင် မင်းက ယန်ကလန်ရဲ့ ဘိုးဘေးနေရာ ဆက်ခံသူတိုက်ပွဲအတွက် ပြန်ရောက်လာတာမဟုတ်လား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

လုလီကူး က "မင်းကိုယ်တိုင်ပဲ ပြန်လာတာလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်
“ဒါပေါ့”

"မင်းမှာအကူအညီမရှိဘူးလား"

"နည်းနည်းလောက်ပဲ..."

လုလီကူး က အံ့အားသင့်သွားပြီး

"နည်းနည်းလောက်ပဲလား"

ယန်ယဲ့ က "ဒါဆို ငါဘယ်နှစ်ယောက်

လိုလဲ" ဟု မေးခွန်းတစ်ခုနှင့်

ဖြေလိုက်သည်။

လုလီကူး က ခေါင်းခါလိုက်ပြီး

"မင်းပြီးပြီ။ မင်းသေပြီ"ဟုသာ

ပြောပါသည်။

ယန်ယွဲ့ သည်

စကားမပြောနိုင်လောက်အောင်

ခံစားလိုက်ရသည်။

ထိုအချိန်တွင် လုလီကူး က

ဆက်ပြောလိုက်သည် "အဲ့ဒီလူ ယန်ယန်

ကို သိလား။

သူ့ခွန်အားဘယ်လောက်ရှိလဲ သိလား။

သူ့အမေရဲ့ မျိုးနွယ်၊ သူ့မိန်းမတွေရဲ့

မျိုးနွယ်စု နဲ့ သူကိုယ်တိုင် ဖန်တီးထားတဲ့ အင်အားတွေ... ဒါ့အပြင် သူက ယန်ကလန်ရဲ့ နောက်ဆက်ခံမယ့် အလားအလာ အရှိဆုံးသူတွေထဲမှာ ကျောထောက်နောက်ခံ အရှိဆုံးသူတော့ မဟုတ်သေးဘူး"

ယန်ယဲ့ က ဘာပြန်ပြောရမှန်းမသိပေ။

လုလီကူး က ရုတ်တရက် “တကယ်တော့

မင်းက အခွင့်အရေး

လုံးဝမရှိတာမဟုတ်ဘူး။ မင်းရဲ့

ယန်ကလန်ရဲ့ ယန်လျန်ရှမ်း၊ ဟီးဟီး...

သူမရဲ့ ထောက်ခံပေးတာကိုသာရနိုင်ရင်။

မင်းက အရမ်းကောင်းတဲ့

အခွင့်အရေးတစ်ခု

ရလိမ့်မယ်"ဟုပြောခဲ့သည်။

"ယန်လျန်ရှမ်း လား" ယန်ယဲ့ က "ဒါဘယ်သူလဲ"

"မင်းတို့ ယန်ကလန် ရဲ့ နံပါတ်တစ် ပါရမီရှင်" လုလီကူး က “သူမက တကယ်ကိုထူးခြားပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်က ထာဝရတန်ခိုးရှင်အဆင့် နဲ့ ခြေလှမ်း တစ်ဝက်ပဲ ဝေးတော့တယ်လို့ ကြားမိတယ်။

အခုဆိုရင် သူမက ထာဝရတန်ခိုးရှင်

ဖြစ်နေလောက်ပြီ။

ရိုးရိုးသားသားပြောရရင် သူမ

ယောက်ျားလေးဆိုရင် အားလုံးက

အိမ်ပြန်ပြီး ကလေးမွေးလို့ပဲရတယ်။

ကံမကောင်းစွာပဲ၊ သူမက

ယောက်ျားလေးမဟုတ်ဘူး။ ယန်ကလန်

က အမျိုးသားတွေကိုပဲ

ကလန်ဘိုးဘေးနေရာ

ဆက်ခံဖို့ခွင့်ပြုထားတယ်။ မဟုတ်ရင် မင်းတို့ထဲက တစ်ယောက်မှ သူ့ပြိုင်ဖက်ဖြစ်နိုင်မှာမဟုတ်ဘူး"

"ထာဝရတန်ခိုးရှင်အဆင့် လား" ယန်ယဲ့၏မျက်လုံးများက အနည်းငယ်ကျဉ်းမြောင်းသွားသည်။ ယန်လျန်ရှမ်းက အသက် ၃၀ ပင်မရှိသေးပေ။ အကယ်၍ ယန်လျန်ရှမ်း သာ ထာဝရတန်ခိုးရှင် ဖြစ်နေပါက အသက်

၃၀ မပြည့်သေးသော ထာဝရတန်ခိုးရှင် ဖြစ်ပေမည်။ ထိုကဲ့သို့ ပါရမီရှင်များဟာ အဆင့်ကျော်တိုက်ခိုက်နိုင်သည်ဟူသော အချက်နှင့်တွဲစပ်လျက် ယန်လျန်ရှမ်း၏ စွမ်းအားကိုမှန်းဆကြည့်နိုင်လေသည်။

လုလီကူး က ဆက်ပြောပါသည် “သူမရဲ့ ခွန်အားဟာ ကြောက်စရာအကောင်းဆုံး အစိတ်အပိုင်းတစ်ခုတော့ မဟုတ်သေးဘူး။ အဓိကက သူမရဲ့

ဂုဏ်သတင်းပဲ။ ဒီယန်လျန်ရှမ်းက ယန်ကလန် ရဲ့ လူငယ်မျိုးဆက်တွေကို ကိုယ်စားပြုတယ်လို့ပြောရမယ်။

ဒါကြောင့်

မင်းသူမရဲ့အကူအညီကိုရနိုင်ရင် အခွင့်အရေးအများကြီးရလိမ့်မယ်"

ယန်ယွဲ့က ခေါင်းခါလိုက်သည်

“သူတစ်ပါးကို အားကိုးမယ့်အစား

ကိုယ့်ကိုကိုယ် အားကိုးတာက

ပိုကောင်းပါတယ်။ အဲဒါကို

ဆက်မပြောပါနဲ့။ အဲဒီအစား

ပြန်လည်မွေးဖွားခြင်းသစ်သီး

အကြောင်း ပြောကြည့်ရအောင်။

အဲဒီအသီးကို စားလိုက်တာနဲ့ ငါတို့က

ပြန်လည်မွေးဖွားခြင်းအဆင့်ကိုတကယ်

ရောက်နိုင်ပါ့မလား"ဟုမေးလိုက်သည်။

သူ၏လက်ရှိခွန်အားက ယန်လျန်ရှမ်း

ကဲ့သို့ ထိပ်သီးပါရမီရှင်များနှင့်
လုံးဂမယှဉ်နိုင်ပေ။

အခြားသူများကို အသာထား၊
သူ့ခွန်အားက လုလီကူး ကို
သတ်နိုင်သည်ဟုပင်မယုံကြည်ပါ။
ထိုအစား လုလီကူး ကသာ သူ့အား
သတ်လိုက်နိုင်၏။ အမှန်တော့ သူ့ရှေ့မှ
လူငယ်ဟာ ထာဝရတန်ခိုးရှင်များကို

သတ်နိုင်စွမ်းရှိ၏။ သို့သော်
သူ၏ဝှက်ဖဲများကို အပြင်ထုတ်မပြခဲ့ပေ။

"မသေချာဘူး" လုလီကူး က “ဒါဟာ
အရမ်းခိုင်မာတဲ့ အခြေခံအုတ်မြစ်ရှိတဲ့
လူတွေအတွက်ပဲ အသုံးဝင်ပါတယ်။
ဒီလိုလူတွေပဲ
ပြန်လည်မွေးဖွားခြင်းသစ်သီးကို
စားရဲတယ်။ ဒီလိုမှမဟုတ်ရင် အခုမှ
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ကို

ရောက်တဲ့လူတစ်ယောက်က အဲဒါကို
စားသုံးရင် ဘာမှ အကျိုးရှိမှာ
မဟုတ်ဘူး။ သူတို့က
ပြန်လည်မွေးဖွားခြင်းအဆင့်ကို
အင်အားသုံးပြီးချိုးဖျက်လို့တော့ရတယ်။
ဒါပေမဲ့ အနာဂတ်မှာ
ပြဿနာတွေဖြစ်လာလိမ့်မယ်။ ဒါ့အပြင်
သူတို့ရဲ့ခွန်အားက သာမန်
ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတွေထက်တောင်မှ
နိမ့်ကျနေဦးမယ်"

သူက ယန်ယဲ့ ကို စိုက်ကြည့်ပြီး “မင်းရဲ့
အငွေ့အသက်က သမုဒ္ဒရာလို
နက်နဲတယ်။ကြည့်ရတာ
မင်းရဲ့အခြေခံအုတ်မြစ်က
ထူးထူးခြားခြား နက်ရှိုင်းနေတယ်ဆိုတာ
သိသာပါတယ်။ ဒါဆို
မွေးဖွားခြင်းသစ်သီး

တစ်လုံးလောက်ပဲစားရင်တောင်
အဆင်ပြေနိုင်တယ်"ဟုပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "လာပါ၊
သူတို့ဆီက ယူသွားရအောင်"ဟု
ပြောလိုက်၏။

"မင်းရှုးနေလား" လုလီကူး က
ဒေါသတကြီးပြောလိုက်သည် "ဝူကလန်
ကို သိလား။ သူတို့ဆီက လုယက်မလား။

ငါတို့လို လူ ၁၀,၀၀၀ အုပ်စုတောင်မှ

အသက်ရှင်လျက်

ပြန်လာနိုင်မှာ မဟုတ်ဘူး”

ယန်ယဲ့ က အံ့အားသင့်သွားကာ

“သူတို့ဆီက ခိုးမယူရင်

ငါတို့တောင်းရမယ်လို့

မင်းပြောနေတာလား။ သူတို့က

ငါတို့ကိုပေးမှာလား။ ဒါမှမဟုတ် ငါတို့က ခိုးသင့်တယ်လို့ မင်းပြောနေတာလား"

"ဟီး၊ ဟီး" လုလီကူး က ယန်ယဲ့ကို ကြည့်ရင်း  "ခိုးယူတာပဲဖြစ်ဖြစ် ယူတာပေါ့။ မင်းအရင်တုန်းက ဓားပြလား"

ယန်ယဲ့၏ မျက်နှာက ရှုံ့မဲ့သွားသည်။

လုလီကူး က “ဒီလိုအတွေးတွေကို

မေ့လိုက်ပါ။ ဝူကလန် ရဲ့ ခွန်အားက

မင်းစိတ်ကူးထားတာထက်

ကျော်လွန်သွားပြီ။ ဒီလိုမျိုး

တစ်ခုခုလုယက်ဖို့ကြိုးစားရင် မင်းဟာ

ကိုယ့်သေတွင်းကို တူးသလိုပဲ။

ဒီတစ်ခါတော့ မှန်ကန်တဲ့နည်းလမ်းနဲ့

လုပ်သွားမယ်။ ဝူကလန် က

သစ်သားဓားတစ်ချောင်းနှင့်

ကျောက်ပြားတစ်ချပ်ကို

တစ်နေရာရာကနေ ရယူထားတယ်။ ဒါကို

သူတို့ရဲ့ သိုင်းနတ်ဘုရားခန်းမရှေ့မှာ

ချပြထားခဲ့တယ်။

အဲဒီအရာတွေရဲ့လျှို့ဝှက်ချက်တွေကို

နားလည်နိုင်စွမ်းရှိတဲ့ ဘယ်သူမဆို

ပြန်လည်မွေးဖွားခြင်းသစ်သီးကို

ပေးမယ့်အပြင် ဝူကလန် ရဲ့

သိုင်းနတ်ဘုရားခန်းမထဲကိုပါ
ဝင်ရောက်နိုင်မယ်လို့ ပြောခဲ့တယ်"

"သစ်သားဓားလား၊
ကျောက်ပြားတစ်ချပ်လား" ယန်ယွဲ့က
အံ့သြသွားပြီး
"အဲဒါဘာလဲ"ဟုမေးလိုက်သည်။

လုလီကူး က သူ့ခေါင်းကို
ခါယမ်းလိုက်ပြီး “တကယ်တော့ ငါလည်း

သေချာမသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ်

ငါတို့က ကံကောင်းမကောင်း

စမ်းကြည့်ရတာပေါ့။

သူတို့လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ရင်

ဘယ်လိုလုပ်မလဲ”

"ဒါဟာ ထောင်ချောက်တစ်မျိုးလို့

မင်းမထင်မိဘူးလား" ယန်ယဲ့ က

"သူတို့လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြီးရင်

ငါတို့ကို နှုတ်ပိတ်လိုက်ရင်ကော၊ ဒါဆို ဘယ်လိုလုပ်မလဲ"

"သူတို့ မလုပ်ဘူး" လုလီကူး က ဆက်ပြောပါသည် “ဝူကလန် ရဲ့ နာမည်ဂုဏ်သတင်းက အရမ်းကောင်းတယ်။ ဒီလိုမျိုး လုံးဝမလုပ်ကြဘူး။ ဒါဆို ငါတို့ ဘယ်လိုကြိုးစားကြမလဲ"

ယန်ယွဲ့ က ခဏလောက်စဉ်းစားပြီး "ဒါဆို စမ်းကြည့်ရအောင်" ဟု ပြောလိုက်သည်။

ယန်ယွဲ့ က ခေါင်းညိတ်ပြီး "သွားရအောင်"

“ခဏစောင့်” ယန်ယွဲ့ က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ခဏလောက် ကာကွယ်ပေးပါ" ဟု ပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့်

အာကာသထဲမှာပင်

တင်ပျဉ်ခွေထိုင်ချကာ

သူ၏ဝိညာဉ်ကိုယ်ပွားကို မူလစေတီ ထဲ

ပို့လွှတ်လိုက်သည်။

မူလစေတီ ။

ယန်ယဲ့၏ ကိုယ်ပွား

ရောက်လာသည်နှင့်တပြိုင်နက်

နှင်းပွင့်လေး နှင့် ဇီအာ က

သူ့ရှေ့တွင်ပေါ်လာသည်။ နှင်းပွင့်လေးက

လက်ထဲမှာ

မြေဝါရောင်အလင်းလုံးတစ်လုံးကို

ကိုင်ဆောင်ထားသည်။

မြေကြီးဝိညာဉ် ။

အလင်းလုံးက မြေကြီးဝိညာဉ် ပါ။

နှင်းပွင့်လေး က အလင်းလုံးကို

ယန်ယဲ့ဆီသို့ ယူဆောင်လာခဲ့သည်။

ယန်ယဲ့က အလင်းလုံးကို

ဖမ်းကိုင်ရန်ပြင်လိုက်၏။ သို့သော်

မြေဝါရောင်အလင်းလုံးက

နှင်းပွင့်လေး၏ နောက်ကိုကို

ရောက်သွားလေသည်။

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး
အလင်းလုံးကို လက်သည်းဖြင့်
အသာပုတ်ကာ တစ်ခုခုပြောနေပုံရသည်။

အချိန်ခဏကြာသွားပြီးနောက်
မြေကြီးဝိညာဉ်က ယန်ယွဲဆီကို
ဖြည်းညှင်းစွာ လွင့်မျောလာပြီး
အသာအယာ ထိတွေ့လိုက်လေသည်။

ယန်ယဲ့ က ပြုံးပြီး ပေါ့ပေါ့ပါးပါး

ကိုင်လိုက်သည် ။

မြေကြီးဝိညာဉ်တစ်ခု။

သူသည် ကောင်းကင်တိုက်ကြီးမှ

မြေကြီးဝိညာဉ် ကို မြင်တွေ့ခဲ့ဖူးသည်။

မြေကြီးဝိညာဉ်က ကမ္ဘာမြေကြီး၏

စွမ်းအင်များပါဝင်သည်။

ထူးခြားဆန်းကြယ်သော

ချပ်ဝတ်တန်ဆာတစ်ခုဟုပင် ဆိုနိုင်၏။

ကံမကောင်းစွာပဲ၊

ကောင်းကင်တိုက်ကြီး၏

မြေကမ္ဘာဝိညာဉ်ကို သူနှင့်အတူ

မယူနိုင်ခဲ့ပါ။ အကြောင်းကတော့

မြေကြီးဝိညာဉ်ကို ထုတ်ယူလာသည်နှင့်

ကောင်းကင်တိုက်ကြီးဟာ

ချိနဲ့သွားနိုင်လို့ပါ။

အကယ်၍ ကမ္ဘာတစ်ခုဟာ

ကမ္ဘာမြေကြီး၏ ဝိညာဉ်တော်

မရှိတော့လျှင် ၎င်းမှ အသက်စွမ်းအင်ဟာ

တဖြည်းဖြည်း

ပျောက်ကွယ်သွားပါလိမ့်မည်။

ယန်ယဲ့ သည် ခဏမျှ တိတ်ဆိတ်သွားပြီး

မြေကြီးဝိညာဉ်ကို စိုက်ကြည့်ကာ

"နောင်မှာ ငါလိုအပ်ရင်

မင်းကူညီနိုင်မလား"ဟု
မေးလိုက်လေသည်။

မြေကြီးဝိညာဉ်က ဘာမှပြန်မဖြေပါ။
ထိုအချိန်တွင် နှင်းပွင့်လေးက
ကမန်းကတန်း ခေါင်းညိတ်ပြသည်။
ထို့နောက် သူမလေးက တစ်ခုခုကို
တွေးနေပုံရပြီး မြေကြီးဝိညာဉ်ကို
ရင်ခွင်လေးထဲ အမြန်ဆွဲယူကာ
ခေါင်းညိတ်ပြန်သည်။

ယန်ယဲ့က တဟားဟားရယ်လိုက်ပြီး နှင်းပွင့်လေးကို လက်နှစ်ဖက်ဖြင့် ပွေ့ချီကာ နမ်းလိုက်သည်။ သူ့အတွက် ထိုကလေးမလေးက လုံးဝကို ချစ်စရာကောင်းလွန်းသည်။

ထို့နောက်တွင် နှင်းပွင့်လေး၊ ဇီအာ တို့နှင့် အချိန်အတော်ကြာ ကစားပေးလိုက်၏။

ခဏကြာကစားပြီးနောက်တွင်
တတိယမြောက်အထပ်ကို
တက်သွားခဲ့သည်။ လက်ရှိအချန်တွင်
အန်နန်ကျင်းက မြေပြင်ပေါ်မှာသာ
တင်ပျဉ်ခွေထိုင်လျက်ရှိနေသေး၏။
သို့သော် သူမ၏အထက်ရှိ
ရွှေရောင်ပုံရိပ်သေးသေးလေးဟာ
တဖြည်းဖြည်းနှင့်
ပို၍အသက်ဝင်လာပါသည်။

ထိုအချိန်တွင် ရှောင်ယုရှီ က ယန်ယွဲ့ထံလျှောက်လာရင်း “ငါတို့က နဂါးငွေ့တန်းကြယ်စင်စု မှာ ရှိနေတာလား”ဟု မေးလိုက်လေသည်။

ယန်ယွဲ့ က သူမ၏လက်ကိုဆွဲကာ ခေါင်းညိတ်လိုက်ပြီး "ငါတို့ ယန်ကလန်နဲ့ သိပ်မဝေးဘူး"ဟုပြောလိုက်သည်။

ရှောင်ယု ရှီက သူ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး "သတိထားပါ"ဟုပြောခဲ့သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။ သူက ရှောင်ယု ရှီ နှင့်ခဏတာ စကားစမြည်ပြောပြီးနောက် မူလစေတီထဲမှ ထွက်သွားသည်။

အပြင်ကမ္ဘာ ။

ယန်ယဲ့ သည်

မျက်လုံးကိုပြန်ဖွင့်လိုက်၏။

မျက်လုံးဖွင့်လိုက်သည်နှင့် သူ့အား

စေ့စေ့ကြည့်နေသော လုလီကူး

ကိုတွေ့လိုက်ရသည်။ လုလီကူး က

မျက်တောင်မခတ်ဘဲ

သူ့ကိုကြည့်နေသည်။

ယန်ယဲ့က "မင်းဘာလုပ်နေတာလဲ"ဟုမေးလိုက်သည်။

လုလီကူး က သူ့ကို တစ်ချက်ကြည့်လိုက်ပြီး ဘေးနားကို ရွှေ့လိုက်သည် "မင်း အိပ်ပျော်သွားပြီထင်တာ"

ယန်ယွဲ့ သည်

စကားမပြောနိုင်တော့သလိုပင်။

လုလီကူး က ခေါင်းခါလိုက်ပြီး

"သွားကြရအောင်။

မူလသိုင်းပညာကြယ်စနစ်က

အရမ်းဝေးတယ်"

စကားပြောနေရင်း

အလင်းတန်းသဖွယ်ပြောင်းကာ

အဝေးဆီသို့
ပျောက်ကွယ်သွားတော့သည်။

ယန်ယဲ့ လည်း နောက်ကနေ
အမြန်လိုက်သွားခဲ့သည်။

သို့သော် သိပ်မကြာလိုက်ဘဲ
နှစ်ယောက်စလုံး၏ အမူအရာများ
ပြောင်းလဲသွားကြသည်။ ထို့နောက်
နှစ်ယောက်သား

နေရာတွင်ရပ်နေကြသည်။ ထို့အပြင်
ချက်ချင်းဆိုသလို ၃ ကီလိုမီတာအကွာထိ
နောက်ပြန်ဆုတ်သွားကြသည်။

ထိုအချိန်တွင် သူတို့ရပ်နေသော
နေရာသည် ရုတ်တရက်
တုန်လှုပ်သွားကာ သူတို့ရှေ့တွင်
အဘိုးကြီး ၅ ယောက် ပေါ်လာသည်။

ထာဝရတန်ခိုးရှင် ၅ ပါး ။

အဖွဲ့ကို ဦးဆောင်လာသူက

မီးခိုးရောင်ဝတ်ရုံအဘိုးအို ပါ။ ထို့အပြင်

မီးခိုးရောင်ဝတ်ရုံအဘိုးအို နောက်ကွယ်မှ

အဘိုးကြီး ၃ ယောက်ဟာ

သူတို့နှစ်ယောက်အတွက်

မျက်နှာသစ်များမဟုတ်ပေ။

အကြောင်းမှာ ထိုလူအို ၃ ယောက်ဟာ

အစောပိုင်းက သူတို့နဲ့

တိုက်ခိုက်ခဲ့သူများဖြစ်နေသောကြောင့်ပါ

။

"ဝမ်ကလန် ရဲ့ အကြီးအကဲ ဝမ်ယန်"

လုလီကူး က

မီးခိုးရောင်ဝတ်ရုံအဘိုးအိုကို

စိုက်ကြည့်ရင်း "သူက ငါတို့ကို

အနိုင်ယူနိုင်တဲ့သူ မဟုတ်ဘူး။ ငါတို့..."

ယန်ယဲ့ က ရုတ်တရက် သူ့လက်ကို

မြှောက်ပြီး "ငါ အရှုံးပေးတယ်"ဟု

အော်ပြောလိုက်သည်။

လုလီကူး က စကားမပြောနိုင်ဘဲ

အံ့အားသင့်သွားသည်။

May Be:

၁၉၅၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၅၃ - သူမဟုတ်ရင်ငါ

အရှုံးပေးတာလား ။

ထိုရုတ်တရက်အလှည့်အပြောင်းကြောင့်

လူတိုင်း အံ့အားသင့်သွားကြသည်။

ထိုအချိန်တွင် ယန်ယဲ့၏ပုံရိပ်သည် မီတာ

၃၀ ကျော်အကွာမှ ပေါ်လာသည်။

ထိုခဏလေးအတွင်းမှာပဲ
သူတို့၏အမြင်အာရုံကနေ
ပျောက်ကွယ်သွားခဲ့သည်။

သူထွက်ပြေးတာလား ။

သူတို့အားလုံး
စကားမပြောနိုင်သလိုဖြစ်သွားကြသည်။

"သူ့ကိုဖမ်းလိုက်..."

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက ရုတ်တရက်

အမိန့်ပေးလိုက်သည်။ ထို့နောက်

ခရမ်းရောင်ဝတ်ရုံအဘိုးအိုနှင့်

အခြားသော ထာဝရတန်ခိုးရှင် ၂ ပါးဟာ

ယန်ယဲ့ နောက်သို့

ချက်ချင်းလိုက်ပါသွားခဲ့သည်။

ထိုအချိန်တွင်

မီးခိုးရောင်ဝတ်ရုံအဘိုးအို၏

အကြည့်သည် လုလီကူး ပေါ်သို့

ချက်ချင်းဆင်းသက်လာသည်။

ထို့နောက် သူ့လက်ကို ဖြည်းညှင်းစွာ

မြှောက်လိုက်လေသည်။ သို့သော်

လုလီကူး က သူ့လက်နှစ်ဖက်ကို

မြှောက်လိုက်ပြီး “ငါ

လက်မြှောက်လိုက်တယ်”ဟု

ကမန်းကတန်း ပြောလိုက်လေသည်။

အဘိုးအိုက မလှုပ်ရှားသေးဘဲ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လုလီကူး ကို အေးစက်စက် ကြည့်နေခဲ့သည်။ စကားမပြောသော်လည်း သူ့ထံမှ ထာဝရတန်ခိုးရှင် အရှိန်အဝါက လုလီကူး ပေါ်သို့ ပိတ်လှောင်ထားသည်။

လုလီကူး က ရှက်ရွံ့စွာ ပြုံးလိုက်ပြီး "ငါ... ငါ တကယ် လက်မြှောက်တာပါ"

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက လုလီကူး

ထံသို့ လျှောက်သွားကာ "လုကလန်က

မင်းကို စွန့်ပစ်ထားပေမယ့် ငါမင်းကို

နည်းနည်းလေးလေးစားတယ်။

နောက်ဆုံးတော့ မင်းဟာ ကိုယ့်ကိုယ်ကို

အားကိုးပြီး ပိတ်ဆို့နေတဲ့

သွေးကြောတွေကို ဖွင့်နိုင်ခဲ့တယ်။

အဲဒါက ထူးခြားတဲ့ စွမ်းအားတွေ

လိုအပ်တယ်။ဒါ့အပြင် မင်းဟာ

အရင်းအမြစ်တွေမပါဘဲနဲ့

လက်ရှိအဆင့်ထိ

ရောက်လာနိုင်တယ်။မင်းက

လူငယ်မျိုးဆက်သစ်တွေထဲမှာ

တော်တော်ထူးချွန်ပါတယ်။ ဒါကြောင့်

ငါ့ဝမ်ကလန်ရဲ့ မြေကြီးဝိညာဉ်ကို

လွှဲပေးလိုက်ရင် မင်းကို

ငါမသတ်တော့ဘူး"ဟု ပြောခဲ့သည်။

လုလီကူး က ပခုံးတွန့်လိုက်ပြီး

"ငါ့မှာမရှိဘူးလို့ပြောရင်

မင်းယုံမှာလား"ဟုသာ ပြန်ပြောသည်။

"ဒါဆို ငါ့ဝမ်ကလန်ကို

အလည်အပတ်လိုက်ခဲ့ပါ"

စကားပြောပြီးနောက်

လက်နှစ်ဖက်ဆန့်ကာ လုလီကူး

ရပ်နေသည့် နေရာကို

လက်ခုပ်တီးလိုက်သည်။ လုလီကူး၏

ပတ်ပတ်လည်ရှိ အာကာသပြင်က
ချက်ချင်းတွန့်ခေါက်သွားကာ
ကြောက်မက်ဖွယ်ကောင်းသော
ဖိအားလှိုင်းကြီးတစ်ခု ပေါ်လာသည်။

လုလီကူး က သူ့အပြုံးကို
ထိန်းထားပြီးနောက် မျက်လုံးထဲမှ
ရက်စက်ကြမ်းကြုတ်သော
အမူအရာတစ်ခု
တောက်ပလာသည်။ခဏအကြာတွင်

သူ၏ခန္ဓာကိုယ်ထဲမှ

ကြောက်မက်ဖွယ်ကောင်းသော

ဓားစိတ်ဆန္ဒလှိုင်းများ

ပေါက်ကွဲထွက်လာသည်။ ထို့နောက်

သူ၏ဓားကို ဆွဲထုတ်ကာ

မီးခိုးရောင်ဝတ်ရုံအဘိုးအို အား

လျှပ်တစ်ပြက် ပိုင်းချလိုက်သည်။

...

၁၅ မိနစ်လောက်ကြာပြီးနောက် ယန်ယွဲ့ သည် ထွက်ပြေးနေရင်း ရုတ်တရက် ရပ်သွားသည်။ ထို့နောက် နေရာမှာပင် ဖျတ်ခနဲပျောက်သွားပြီး ခရမ်းရောင်ဝတ်ရုံအဘိုးအို နှင့် ထာဝရတန်ခိုးရှင် ၂ ပါး ရှေ့၌ ပေါ်လာခဲ့သည်။

ယန်ယွဲ့ ရုတ်တရက် ရပ်သွားကြောင်း မြင်သောအခါ ထာဝရတန်ခိုးရှင် ၃

ပါးလုံး ချက်ချင်းပင်

သတိအပြည့်ဖြစ်သွားကြသည်။

ယန်ယဲ့သည် အချိန်ခဏလေးဖြင့်

ထာဝရတန်ခိုးရှင် ၂ ပါးအား

သတ်ပစ်လိုက်သည်ကို သူတို့

မမေ့ခဲ့ကြပေ။

ယန်ယဲ့ သည် ထာဝရတန်ခိုးရှင် ၃ ပါးကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ယန်ယဲ့

တိုက်ခိုက်လာသည်ကိုမြင်သောအခါ

ခရမ်းရောင်ဝတ်ရုံအဘိုးအို၏မျက်လုံးထဲ

မှ အထင်အမြင်သေးမှုတစ်ခု

ထွက်ပေါ်လာသည်။

သူ၏ညာဖက်လက်ကို မြှောက်၍

တိုက်ခိုက်ဖို့အသင့်ပြင်ထားလိုက်၏။

သို့သော် သူ၏အမူအရာကရုတ်တရက်

ပြောင်းလဲသွားသည်။ခရမ်းရောင်ဝတ်ရုံ

အဘိုးအိုတစ်ယောက်တည်းသာမဟုတ်

ပါ၊ သူ့ဘေးနားမှ ထာဝရတန်ခိုးရှင် ၂

ပါး၏ အမူအရာများလည်း

ပြောင်းလဲသွားခဲ့သည်။

အကြောင်းကတော့ ယန်ယဲ့ က

သူတို့ရှေ့မှာ ရှိနေသောကြောင့်ပါ။

သို့သော် ထိုအရာက အဓိက

အကြောင်းရင်းမဟုတ်ပေ။

အဓိကအကြောင်းအရင်းမှာ ယန်ယွဲ့၏

နံဘေးမှ အနက်ရောင်အရိပ် ၂ ခု

ရုတ်တရက် ပေါ်လာသောကြောင့်ပင်။

ထာဝရတန်ခိုးရှင် ၃ ပါးစလုံး

အန္တရာယ်အငွေ့အသက်ကို

ချက်ချင်းခံစားလိုက်ရသည်။

ခရမ်းရောင်ဝတ်ရုံအဘိုးအို အပါအဝင်
ထာဝရတန်ခိုးရှင် ၂ ပါးလုံး
အံ့သြသွားကြသည်။ ၃ ယောက်သား
နောက်ပြန်ဆုတ်ခါနီးတွင်တော့
စိတ်ဆန္ဒကြိုးမျှင်နှင့် ပြင်းထန်သော
သွေးချီအရှိန်အဝါနှစ်ခုက
သူတို့အပေါ်သို့
ရုတ်တရက်လွှမ်းခြုံသွားသည်။ထို့နောက်
သူတို့မျက်လုံးရှေ့တွင်

အလင်းတန်းတစ်ခု

လင်းလက်လာသည်ကို

မြင်လိုက်ရတော့သည်။

ဆူး...

ခရမ်းရောင်ဝတ်ရုံအဘိုးအိုရဲ့ခန္ဓာကိုယ်

ဟာ တောင့်တင်းနေခဲ့သည်။

သူ့မျက်လုံးများက

ဟာလာဟင်းလင်းဖြစ်နေကာ ရှေ့ကို

လှမ်းကြည့်ရင “ဓားစိတ်ဆန္ဒ...
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ...”

ထိုစကားပြောပြီးနောက်...

ဆူး...

သူ၏နဖူးလယ်မှ သွေးများ ဖျန်းခနဲ
ဖျန်းခနဲ ပန်းထွက်လာပြီး မျက်လုံးထဲမှ
အရောင်များ ပျောက်ကွယ်သွားသည်။

ခရမ်းရောင်ဝတ်ရုံအဘိုးအိုကို

တစ်ချက်တည်း

အဆုံးသတ်ပေးလိုက်ပြီးနောက်

ယန်ယွဲ့သည်

နောက်ထပ်မတိုက်ခိုက်ခဲ့ပေ။ ၃

ကီလိုမီတာအကွာကို

ပြန်ဆုတ်သွားလိုက်သည်။

ထိုအချိန်တွင် သွေးရုပ်သေး ၂ ကောင်က သူ့ဖက်သို့ ပြန်ဆုတ်လာကြသည်။ ထာဝရတန်ခိုးရှင် ၂ ပါးကတော့ အသတ်ခံလိုက်ရပါပြီ။

သူတို့နှစ်ယောက်လုံး ထာဝရတန်ခိုးရှင်များ ဖြစ်သည့်တိုင် သွေးရုပ်သေး ၂ ကောင်အား မယှဉ်နိုင်ခဲ့ပေ။ သွေးရုပ်သေးများ၏ တိုက်ခိုက်ရေးစွမ်းအားဟာ သာမန်

ထာဝရတန်ခိုးရှင်များထက်
ကျော်လွန်နေခဲ့သည်။ထို့အပြင်
ပြိုကြ်ဖက်များက
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့် ဓားစိတ်ဆန္ဒ
ကို သတိမထားမိဘဲ ဖိနှိပ်ခံရသည်နှင့်
သုံးယောက်စလုံး
ချက်ချင်းအသတ်ခံလိုက်ရလေသည်။

ယန်ယဲ့ သည် အလောင်း သုံးလောင်းကို
သန့်စင်ဖို့ မလုပ်ခဲ့ပေ။ အကြောင်းမှာ

သွေးရုပ်သေး ၂ ကောင်ဟာ

သူ၏စိတ်ဝိညာဉ်အခြေအနေ

အကန့်အသတ်ဖြစ်နေလို့ပါ။

ထို့အပြင် ဓားပြန်လည်မွေးဖွားခြင်း ဖြင့်

အသတ်ခံရသော ကျင့်ကြံသူများဟာ

ဓားအစေခံအဖြစ်

သန့်စင်လို့မရတော့ပေ။

နောက်တစ်ခုအနေနဲ့

သူ၏ဓားစိတ်ဆန္ဒဟာ

ထာဝရတန်ခိုးရှင်အဆင့်

ဓားအစေခံသန့်စင်လို့မရပါ။

ယန်ယဲ့ သည် သူ၏အတွေးများကို

ထိန်းထားပြီး ပတ်ဝန်းကျင်ကို

ကြည့်လိုက်ပြီးနောက် နေရာတွင်ပင်

ပျောက်သွားခဲ့သည်။

...

အခြားတစ်ဖက်တွင် ။

အုန်း...

ပေါက်ကွဲသံများ ကျယ်လောင်စွာ

ထွက်ပေါ်လာပြီးနောက် ပုံရိပ်တစ်ခုက

လွင့်ပျံသွားခဲ့သည်။ အဆိုပါ ပုံရိပ်ဟာ

၁၀ ကီလိုမီတာကျော်အထိ

လွင့်ပျံသွားပြီး နောက်ဆုံးမှသာ

ရပ်တန့်လိုက်နိုင်သည်။

အခြားသူမဟုတ်ပါ၊ လုလီကူး ပါ။

"မင်းမဆိုးပေမယ့် ငါ့အတွက်တော့
မင်းဟာ အားနည်းလွန်းတယ်"
မီးခိုးရောင်ဝတ်ရုံအဘိုးအိုက လုလီကူး
ဆီသို့ ဖြည်းညှင်းစွာလျှောက်လာကာ
"မြေဝိညာဉ်ကို ငါ့မျိုးနွယ်စုရဲ့
သခင်လေးက ပျိုးထောင်ပေးထားတာပဲ။
ဒါဟာ သူ့အတွက်

အရမ်းအရေးကြီးပါတယ်။

မင်းလက်ထဲမှာမရှိပေမယ့်

ဘယ်သူ့ဆီမှာရှိတယ်ဆိုတာ

မင်းသိထားတာတော့ သေချာတယ်။

ငါမင်းကိုနောက်ဆုံးအခွင့်အရေးတစ်ခု

ပေးမယ်။

ဘယ်သူ့လက်ထဲမှာရှိသလဲဆိုတာ

ပြောပြပါ၊ မင်းကို

အသက်ရှင်ခွင့်ပေးမယ်။ မဟုတ်ရင်…”

"ဒါက လီတျန်းဂျူ ရဲ့ လက်ထဲမှာပဲ"

လုလီကူး က ပစပ်ထောင့်မှ

စီးကျနေသော သွေးများကို သုတ်ရင်

"လီတျန်းဂျူ က လီကလန် ကို

ပြန်ယူသွားပြီ။ မင်းပြန်ယူချင်ရင်တော့

လီကလန် ကိုလိုက်သွားသင့်တယ်"ဟု

ပြန်ပြောလိုက်သည်။

"မင်း သေလမ်းရှာနေတာပဲ" မီးခိုးရောင်

ဝတ်ရုံအဘိုးအိုက အေးစက်စက်

အော်ငေါက်လိုက်သည် “ငါတို့

ဒီကိုမလာခင် လီတျန်းဂျူနဲ့တွေ့ပြီးပြီ။

ဒါပေမဲ့ သူ့လက်ထဲမှာ မရှိဘူး။ ဒါတောင်

မင်း…”

"ဒါဟာ ငါ့သခင်ငယ်လေးရဲ့

လက်ထဲမှာပဲ" ထိုအချိန်တွင် အဝေးမှ

အသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာသည်။

မီးခိုးရောင်ဝတ်ရုံအဘိုးအို၏

မျက်လုံးများ သည်

ကျဉ်းမြောင်းသွားကာ

စကားသံထွက်လာရာဆီသို့

လှည့်ကြည့်လိုက်သည်။

သိပ်မကြာလိုက်ပေ၊

အနက်ရောင်ဝတ်ရုံဝတ်လူတစ်ယောက်

ပေါ်လာခဲ့သည်။

ထိုအနက်ရောင်ဝတ်လူက ယန်ယဲ့ ပါ။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက ယန်ယဲ့ကိုမြင်သောအခါ လက်သီးများကိုဆုပ်ထားလိုက်သည် “သူတို့သေပြီ” ဟုမပြောခင် ယန်ယဲ့ကို အချိန်အတော်ကြာစိုက်ကြည့်နေသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး “သခင်ငယ်က ငါ့ကို သတင်းစကားပါးခိုင်းလိုက်တယ်။ မြေကြီးဝိညာဉ်က သူ့လက်ထဲကို ရောက်နေပြီ။ မင်းမှာ

အစွမ်းအစရှိရင် ယန်ကလန်ကို

လာပြီးတော့ သူ့ကိုရှာလိုက်ပါ"

"ယန်ယန် လား" အဘိုးအိုက

ခေါင်းညိတ်လိုက်သည် “ယန်မျိုးနွယ်က

မျှော်လင့်ထားသလိုပဲ။ ခိုးတာတောင်

မောက်မာတဲ့ပုံစံနဲ့ လုပ်တယ်။

သိပ်ကောင်းသည်။ ငါ့သခင်ငယ်ရဲ့

စကားကိုလည်း ပြန်ပို့ပေးလိုက်ပါ။

ငါ့ဝမ်ကလန်ရဲ့ သခင်ငယ်က ဒါကို
မှတ်မိလိမ့်မယ်”

ထိုစကားပြောပြီးသည်နှင့် နောက်ဆုံး
ကျန်နေသော ထာဝရတန်ခိုးရှင် နှင့်အတူ
နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

လုလီကူး က အံ့ဩသွားသည် "ဒီလိုပဲ
ထားခဲ့တာလား"

"တစ်ခြားဘာများရှိသေးလဲ..." ယန်ယဲ့က မသိသလိုဖြင့် ပြောလိုက်သည်။ အဘိုးအိုက သူတို့ နှစ်ယောက်လုံးကို သတ်ချင်ကြောင်း သဘာဝကျကျ သိသာပါသည်။ သို့သော် လက်ရှိတွင် မီးခိုးရောင်ဝတ်ရုံအဘိုးအိုက မလုပ်ဝံ့တော့ပေ။ အကြောင်းမှာ သူ့အဖော် ထာဝရတန်ခိုးရှင် ၃ ပါးလုံး အသတ်ခံလိုက်ရသောကြောင့်ပါ။

ထို့ကြောင့် မီးခိုးရောင်ဝတ်ရုံအဘိုးအို၏

အမြင်အရ ယန်ကလန်၏

ကျင့်ကြံသူများ ရောက်နေမည်ကို

တွေးပြီးကြောက်ရွံ့သွားခဲ့လေသည်။

ယန်ယဲ့က

ခဏကြာတိတ်ဆိတ်နေပြီးနောက်

လုလီကူး ကို တစ်ချက်ကြည့်လိုက်ပြီး

"မင်းအဆင်ပြေရဲ့လား"ဟုမေးလိုက်သ

ည်။

လုလီကူး က သူ့ခေါင်းကို ခါယမ်းလိုက်ပြီး "ငါ သူ့ကို မယှဉ်နိုင်ပေမယ့် သူ ငါ့ကို သတ်ဖို့ မလွယ်ပါဘူး"ဟု ပြန်ပြောပါသည်။

သူက ယန်ယဲ့ ကို စိုက်ကြည့်ပြီး "အဲဒီလူသုံးယောက်ကို မင်းဘယ်လိုလုပ်လိုက်တာလဲ"

ယန်ယွဲ့ က "ဒါဟာ လျှို့ဝှက်ချက်ပဲ"

လုလီကူး က ပခုံးတွန့်လိုက်ပြီး အဖြေကို မမေးတော့ဘဲ "ဒါဆို မင်းနဲ့ယန်ယန်ကြားမှာ ရန်ငြိုးရှိသလား"ဟု ထပ်မေးပါသည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်

"သူသေရင်သေ၊

သူမသေရင်ငါသေရမှာပဲ"

လုလီကူး က အံ့အားသင့်သွားပြီးနောက်
ခေါင်းခါလိုက်သည်
"ဒီကောင့်အတွက်တော့ ဝမ်းနည်းစရာပဲ"

ယန်ယဲ့ က "လာ၊ ဝူကလန်
ကိုသွားရအောင်"ဟု ပြောလိုက်သည်။

လုလီကူး က ခေါင်းညိတ်လိုက်သည်။

"အရင်ဆုံး

ပြန်ကောင်းလာအောင်လုပ်ရမယ်"

နောက် ၁ နာရီအကြာတွင်

နှစ်ယောက်သား ဂူကလန် သို့

ထွက်ခွာသွားကြသည်။

လမ်းတစ်လျှောက်လုံးတွင် ယန်ယွဲ့ သည်

နဂါးငွေ့တန်းကြယ်စင်စု အကြောင်းကို

အဆက်မပြတ်မေးမြန်းခဲ့သည်။ သူသည် လုလီကူး၏ ရှင်းပြချက်မှတစ်ဆင့် အကြမ်းဖျင်းနားလည်လာခဲ့သည်။

နဂါးငွေ့တန်းကြယ်စင်စု၏ အလယ်အလတ်အဆင့်စကြာဝဠာ၌ "ယင်ကလန်၊ ဝူကလန်၊ ယန်ကလန်၊ လီကလန်၊ ဝမ်ကလန်၊ လုကလန်၊ ကူကလန် နှင့် ချင်ကလန် " ဟူ၍ မဟာကလန်ကြီး ၈ ခု ရှိခဲ့သည်။

ထိုကာလန်ကြီး ၈ ခုဟာ

အလယ်အလတ်အဆင့်စကြာဝဠာ၏အုပ်

စိုးသူများဟု ဆိုနိုင်ပါသည်။

နတ်ဆိုးမျိုးနွယ်နှင့် အခြားသော

မျိုးနွယ်ခြားများ ရှိနေသည့်တိုင်

လူသားမျိုးနွယ်ဟာ ဤစကြာဝဠာ၏

အင်အားအကောင်းဆုံးမျိုးနွယ်စုကြီးပါ။

တစ်နည်းဆိုရသော် လူသားမျိုးနွယ်သည် အလယ်အလတ်စကြာဝဠာ၏ အစွမ်းထက်ဆုံး အင်အားစုပင်။

အဆိုပါ မျိုးနွယ်စု(မဟာကာလန်ကြီး) ၈ ခုအနက် အင်အားအကောင်းဆုံးက ယင်ကာလန် ပါ။ ထို့နောက် ဝူကာလန် နှင့် ယန်ကာလန်က အစဉ်လိုက်ရပ်တည်နေခဲ့သည်။

ခြင်းချက်အနေနှင့် ကူကလန် က

လျှို့ဝှက်ဆန်းကြယ်ဆုံး

မျိုးနွယ်စုကြီးတစ်ခုဖြစ်ခဲ့သည်။

အကြောင်းအရင်းကိုတော့ လုလီကူး

လည်း သိပုံမရပေ။ သူပြောသည်မှာ

ကူကလန် က

အလွန်လျှို့ဝှက်ဆန်းကြယ်သည်ဟူ၍

သာ။

ကူကလန် သည် မဟာကလန်ကြီး ၈

ခုအနက်

လျှို့ဝှက်ဆန်းကြယ်ဆုံးဖြစ်သည့်အပြင်

အနိမ့်ဆုံးအင်အားစုအနေဖြင့်သာ

ရပ်တည်နေခဲ့သည်။ ၎င်း၏

အဖွဲ့ဝင်များကို အပြင်လောကသို့

တစ်ခါမှ စေလွှတ်ခြင်းမပြုခဲ့ပေ။

သို့သော်လည်း ယင်ကလန် သို့မဟုတ်

ယန်ကလန် ဟူသော အရှုးမျိုးနွယ်စု

နှစ်ခုပင်လျှင် ကူကလန် ကို

အလွယ်တကူစော်ကားဝံ့ခြင်းမရှိပေ။

ထို့အပြင် ယင်ကလန် နှင့် ယန်ကလန်

အပါအဝင် အခြားသော

မျိုးနွယ်စုများအားလုံးဟာ

ကူကလန်၏အဖွဲ့ဝင်များကို

မစော်ကားရဟူသော အမိန့်တစ်ခုပါ

ထုတ်ပြန်ထားခဲ့သည်။ ဖြစ်နိုင်လျှင်

ကူကလန်၏ အဖွဲ့ဝင်များကို

မျက်နှာသာပေးလိုက်ခြင်းသာ
အကောင်းဆုံးပင်။

ထိုအမိန့်ကြောင့် ကူကလန် သည် ပို၍ပင်
ထူးဆန်းနေပုံရသည်။

ယင်ကလန်၊ ဝူကလန်၊ ယန်ကလန် နှင့်
လျှို့ဝှက်ဆန်းကြယ်သော ကူကလန်
အပြင် အခြားသော မျိုးနွယ်စု (၄)ခုဟာ
အင်အားတူညီကြသည်။

အမှန်တကယ်တော့ မျိုးနွယ်စုကြီး (၈)
ခု၏ အင်အားဟာ
သိပ်ပြီးကွာဟချက်မရှိဟုဆိုရပေမည်။
အင်အားအကောင်းဆုံး ယင်ကလန်
ပင်လျှင် အခြားသော မျိုးနွယ်စုအား
ဖျက်ဆီးပစ်နိုင်သည်ဟု မပြောနိုင်ပေ။
ထို့ကြောင့် မျိုးနွယ်စုကြီး (၈) ခုဟာ
ကိုယ်ပိုင်နယ်မြေနှင့်ကိုယ် ငြိမ်းချမ်းစွာ
နေထိုင်ခဲ့ကြသည်။

အဓိကကတော့ မည်သူမျှ

စစ်ပွဲမစဝံ့သောကြောင့်ပါ။

စစ်ပွဲ၏ အကျိုးအမြတ်က

မလုံလောက်သောကြောင့်လည်း

ဖြစ်ခဲ့သည်။ စစ်ပွဲ၏ အကျိုးအမြတ်က

ပေးဆပ်ရသော တန်ကြေးထက်

ကြီးမားနေလေရာ

နဂါးငွေ့တန်းကြယ်စင်စု၏

အလယ်အလတ်အဆင့်စကြာဝဠာဟာ

မလုံလောက်တော့ပေ။

ထို့အပြင် မဟာကလန်ကြီး (၈) ခုဟာ

နဂါးငွေ့တန်းကြယ်စင်စု ကို

စူးစမ်းနေခဲ့ကြသည်။ အချို့က

အခြားသော ကြယ်စင်စုများကိုပင်

ထွက်သွားကြသည်။ အမှန်တော့

ထိုနေရာ၏အခြေအနေကို လေ့လာပြီး

လုယက်ဖို့၊သိမ်းပိုက်ဖို့ပင်။

၎င်းသည် နဂါးငွေ့တန်းကြယ်စင်စုမှ မဟာကာလန်ကြီး (၈) ခု၏ ဘုံရည်မှန်းချက်ဖြစ်သည်။

ထိုအချိန်တွင် လုလီကူး က "သိုင်းပညာကြယ်စင်စုက ရှေ့ဆိုရင်ရောက်ပြီ" ဟု ရုတ်တရက်ပြောခဲ့သည်။

May Be:

၁၉၅၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၅၄ - သိုင်းပညာဘိုးဘေး

သိုင်းပညာကြယ်စင်စု ။

ယန်ယဲ့ သည် အဝေးမှ ကြယ်စင်စုအား စိုက်ကြည့်နေစဉ် သူ၏မျက်နှာပေါ်တွင် အလွန်လေးနက်သောအမူအရာရှိနေခဲ့သည်။ အကြောင်းမှာ ၎င်းမှ အစွမ်းထက်အော်ရာ မြောက်များစွာကို ခံစားမိသောကြောင့်ပါ။ ထို့အပြင် ကြယ်စနစ်တစ်ခုလုံးအား ဧရာမဝက်ပါအစီအရင်ကြီးတစ်ခုလို ခံစားရလေသည်။

"သိုင်းနတ်ဘုရားဝင်္ကပါအစီအရင်"

လုလီကူး က

ရုတ်တရက်ပြောလိုက်သည်။

“စနစ်တစ်ခုလုံးဟာ

မဟာဝင်္ကပါအစီအရင်ကြီးတစ်ခုပဲလေ”

"ဒီလောက်ကြီးမားတဲ့ အစီအရင် လား"

ယန်ယဲ့က "ဒါကို ဘယ်သူဖန်တီးတာလဲ"

"ဝူမု..." လုလီကူး က

"ဝူကလန်ရဲ့တည်ထောင်သူဘိုးဘေး ။

နဂါးငွေ့တန်းကြယ်စင်စုရဲ့

အလယ်စကြာဝဠာမှာ

အစွမ်းထက်ဆုံးတည်ရှိမှုတွေထဲကတစ်

ယောက်ပေါ့။ သူက လုံးဝကို

ဒဏ္ဍာရီဆန်တဲ့ပါရမီရှင်ပါ။

ဒဏ္ဍာရီအရဆို သူက

တစ်ချက်ကြည့်ရုံနဲ့တင်

ဘယ်လိုနည်းစနစ်ကိုမဆို ချက်ချင်းသင်ယူနိုင်တယ်လို့ပြောကြတယ်။ ဒါ့အပြင် သူက အဲဒီနည်းစနစ်တွေကို ထပ်ပြုပြင်ပြီးတော့ နဂိုထက်အစွမ်းထက်လာစေနိုင်တယ်"

သူက ယန်ယဲ့ ကို လှည့်ကြည့်လိုက်ပြီး “ဒါက ဘာကို ကိုယ်စားပြုတယ်ဆိုတာ သိလား။ တခြားသူနဲ့ တိုက်ခိုက်တဲ့အခါ သူတို့က သူတို့ရဲ့ နည်းစနစ်ကို

တစ်ကြိမ်ပဲ သုံးလို့ရမယ်။ သူက

ချက်ချင်း ကူးယူနိုင်မယ်လို့

ကိုယ်စားပြုပါတယ်။ ပြီးတော့ သူက

နည်းစနစ်ကို

ချက်ချင်းပြုပြင်နိုင်တဲ့အပြင်

အဲဒီနည်းနဲ့ပဲ

ပြိုင်ဖက်ကိုအနိုင်ယူနိုင်တယ်"

ယန်ယဲ့က

လေးနက်တည်ကြည်စွာပြောလိုက်သည်

"ဘယ်လိုလူစားမျိုးပါလိမ့်"

"ဒါအကုန်မဟုတ်ဘူး" လုလီကူး က

ဆက်ပြောသည် “လွန်ခဲ့တဲ့နှစ်တွေမှာ

သူက မတူညီတဲ့ စိတ်ဆန္ဒ ၉ ခုကို

နားလည်ထားတယ်။ သူက

နဂါးငွေ့တန်းကြယ်စင်စု ရဲ့

အလယ်စကြာဝဠာမှာ စိတ်ဆန္ဒ

အများဆုံးပိုင်ဆိုင်တဲ့လူတစ်ယောက်ဖြစ်ခဲ့တယ်”

မတူညီသော စိတ်ဆန္ဒ (၉) မျိုး ။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ ထိုသို့သောပါရမီရှင်ဟာ ကြီးကျယ်ခမ်းနားသောအရာထက်ပင် ပိုနေပါပြီ။ သို့သော် အန်နန်ကျင်း

ကလည်း နိမ့်ကျမနေလို့ပါ။ သူမက

မတူညီသော စိတ်ဆန္ဒ (၆) ခုကို

နားလည်ထားပြီး

စိတ်ဆန္ဒတစ်ခုတည်းဖြစ်အောင်ပါ

ပေါင်းစပ်ထားလေသည်။ သို့သော်

စိတ်ဆန္ဒတစ်ခုတည်း

ပေါင်းစပ်ပြီးနောက် အဆင့်တက်ထို့

ခက်ခဲသွားခဲ့သည်။

မဟုတ်လျှင် သူမ၏ စိတ်ဆန္ဒ

(၆)ခုစလုံးသာ

ထာဝရရှင်သန်ခြင်းအဆင့်မှာသာ

ရှိနေပါက လုံးဝကိုကြောက်စရာပင်။

ထိုအချိန်တွင် သူကိုယ်တိုင်တောင်

အန်နန်ကျင်း အား ယှဉ်နိုင်တော့မည်

မဟုတ်ပေ။

တစ်ချိန်တည်းတွင် လုလီကူး က ဆက်ပြောပြန်သည် “နောက်ပိုင်းမှာ သူက ရာစုနှစ်တစ်ခုအထိ တံခါးပိတ်ကျင့်ကြံခဲ့တယ်။ အဲဒီအချိန်မှာ အလယ်စကြဝဠာတစ်ခုလုံးက နည်းစနစ်တွေကို လေ့လာပြီးတော့ ပြုပြင်ခဲ့တယ်။ ဒီတော့ သူက ကမ္ဘာပေါ်မှာရှိတဲ့ နည်းစနစ်တွေ အကုန်လုံးနီးပါးကို ပြုပြင်ခဲ့တယ်လေ။

ပြောရရင် သူတစ်ယောက်တည်းကပဲ

ငါတို့ အလယ်စကြာဝဠာရဲ့ အရှိန်ကို

ရှေ့ဆက်တိုးအောင်လုပ်နိုင်ခဲ့တယ်။

ဒါဟာ လူတိုင်းက သူ့ကို

သိုင်းပညာဘိုးဘေး လို့

အသိအမှတ်ပြုခဲ့တဲ့အထိ

ဖြစ်သွားရတာပဲ”

"သိုင်းပညာဘိုးဘေး..." ယန်ယဲ့၏

စိတ်ထဲ၌ အတွေးတစ်ခု

ရုတ်တရက်ပေါ်လာသည်။ ထိုအတွေးက
သိုင်းပညာဘိုးဘေး သို့မဟုတ်
အနှောင်အဖွဲ့ကင်းမဲ့သူ က
ပိုသန်မာသလားဟူ၍ပင်။

"လွန်ခဲ့တဲ့နှစ်တွေအကုန်လုံး အဲဒီခေတ်က
ဂူကလန် ရဲ့ခေတ်ပဲ" လုလီကူး က
"အဲဒီတုန်းက ဂူကလန် က
အပြင်းထန်ဆုံးပဲ။
အားကောင်းလွန်းတော့ တခြား

မျိုးနွယ်စုကြီး (၇) ခုက ပူးပေါင်းဖို့ ဆုံးဖြတ်လိုက်ကြတယ်"

ယန်ယဲ့ က "သူတို့ ပေါင်းလိုက်တာလား"

လုလီကူး က ခေါင်းညိတ်လိုက်သည် “တကယ်တော့ ဒါဟာ သာမန်ပါပဲ။ ငါဒီလိုရှင်းပြပါရစေ။ သူတို့ထဲက တစ်ယောက်ယောက်က ခေတ်တစ်ခေတ်ရဲ့ အထွတ်အထိပ်ကို

အုပ်စိုးနိုင်တဲ့ ပါရမီရှင်တစ်ယောက်

ပေါ်လာရင် တခြားမျိုးနွယ်စုတွေက

အဲဒီမျိုးနွယ်ကို တိုက်ခိုက်မှာ

သေချာပါတယ်။ မဟုတ်ရင် သူတို့က

တစ်ယောက်ပြီးတစ်ယောက် ဖိနှိပ်ခံရဖို့

အလားအလာ အရမ်းများတယ်လေ...”

ယန်ယဲ့ က ရုတ်တရက် မေးလိုက်သည် "

ယန်ကလန် မှာလည်း ဒီလိုမျိုး

ထက်မြက်တဲ့ ပါရမီရှင်

ရှိခဲ့ဖူးတယ်မဟုတ်လား "

"မှန်တယ်..." လုလီကူး က

ဆက်ပြောခဲ့သည် "ဒါဟာ မင်းရဲ့

ယန်ကလန်

တစ်ခုတည်းတော့မဟုတ်ဘူး။

ကလန်ကြီးတစ်ခုစီတိုင်းမှာ

အရင်တုန်းက

ဒီလိုမျိုးကြီးကျယ်ခမ်းနားတဲ့

ပါရမီရှင်တွေ ရှိခဲ့ဖူးတယ်။ မျိုးနွယ်စုကြီး

၈ ခု အလယ်စကြာဝဠာကို

အုပ်စိုးနိုင်တာက အတိတ်တစ်ချိန်က

သူတို့မှာ အစွမ်းထက်ပါရမီရှင်တွေ

ရှိခဲ့လို့ပဲ။ လုံးဝကို ပြိုင်ဖက်ကင်းတဲ့

ပါရမီရှင်တစ်ယောက်

ပိုင်ဆိုင်ထားတဲ့မျိုးနွယ်စုဟာ

အနည်းဆုံး နှစ် (၁၀,၀၀၀)

သက်တမ်းတည် တံ့ဖို့ အာမခံနိုင်တယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

“အသေးစိတ်တော့ မပြောနဲ့။ လာ၊

သစ်သားဓားနဲ့ ကျောက်ပြားကို

သွားကြည့်ရအောင်”ဟုပြောလိုက်သည်။

“ကောင်းပြီ” ထိုစကားပြောပြီးသည်နှင့်

နှစ်ယောက်လုံး နေရာတွင်ပင်

ပျောက်သွားကြသည်။

သိုင်းပညာမြို့တော် ။

လုလီကုး၏ ဦးဆောင်မှုဖြင့်
သိုင်းပညာမြို့တော်
သို့ရောက်ရှိလာခဲ့သည်။ ၎င်းသည်
သိုင်းပညာကြယ်စင်စု၏
အစည်ကားဆုံးနှင့် အင်အားအကြီးဆုံး
မြို့တော်ကြီးပါ။

ယန်ယွဲ့ သည် စိတ်ပိုင်းဆိုင်ရာ
ပြင်ဆင်ထားသော်လည်း

ထိုမြင်ကွင်းကြောင့်

ထိတ်လန့်နေဆဲဖြစ်သည်။

အလွန်တရာမှပင် ကြီးမားလှသော

မြို့တော်ကြီးပါ။

မြို့တော် သဘ် အလွန်ကြီးမားသဖြင့်

သူထင်ထားသည်ထက်ပင်

လုံးဝကျော်လွန်သွားခဲ့သည်။ မြို့နံရံများ

သည်ပင် ၂ ကီလိုမီတာနီးပါးမြင့်သည်။

အကျယ်အားဖြင့်တော့ အဆုံးကိုပင် မမြင်နိုင်ပါ။

"မတုန်လှုပ်ပါနဲ့..." လုလီကူး က ရုတ်တရက်ပြောခဲ့သည် “ဒါက ဘာမှမဟုတ်ပါဘူး။ သိုင်းပညာကမ္ဘာထဲကို ဝင်လိုက်ရင် အဲဒီအဆောက်အဦးတွေဟာ တကယ့်ကို ထိတ်လန့်စရာတွေချည်းပဲ”

ယန်ယွဲ့ က "သိုင်းပညာကမ္ဘာ လား"

လုလီကူး က ပြန်ပြောသည် “ဒါက ဝူကလန် ရဲ့ အဖွဲ့ဝင်တွေ နေထိုင်တဲ့နေရာပါ။ ဒီနေရာနဲ့ မတူဘူး။ အဲဒီနေရာကို လူတိုင်းမဝင်ရဘူး”

သူက ယန်ယွဲ့ကို ရုတ်တရက် စိုက်ကြည့်ရင်း "မင်းက တကယ်ပဲ ယန်မျိုးနွယ်ကလား"

ယန်ယွဲ့ က "ဘာလို့ ဒီလိုမေးတာလဲ"

လုလီကူး က "မင်း

နဂါးငွေ့တန်းကြယ်စင်စု  အကြောင်း

ဘာမှမသိတာကို ငါသတိထားမိလို့။

ဒါပေမဲ့ ငယ်ငယ်ကတည်းက

ကိုယ့်ကိုကိုယ် လေ့ကျင့်နိုင်အောင်

အပို့ခံရတဲ့သူဆိုရင်တောင်

ဘာမှမသိတဲ့အထိ မဖြစ်သင့်ပါဘူး" ဟု ပြောလိုက်သည်။

ယန်ယဲ့ သည် ဘာပြန်ပြောရမှန်းမသိတော့ပေ။

"လုလီကူး..." ထိုအချိန်တွင် အသံတစ်သံက ထွက်ပေါ်လာသည်။

နှစ်ယောက်လုံး အသံလာရာဆီကို

လှမ်းကြည့်လိုက်ရာ သူတို့ဖက်

လျှောက်လာနေသည့် လူသုံးယောက်ကို

တွေ့လိုက်ရသည်။ ယန်ယဲ့ သည်

ထိုလူသုံးယောက်ကို ကြည့်နေရင်း

လုလီကူး၏ မျက်နှာက

ညိုမဲသွားသည်ကို သတိပြုမိလိုက်သည်။

သိပ်မကြာပါ၊ လူ သုံးယောက် က

သူတို့ရှေ့ကို ရောက်လာကြသည်။ အဖွဲ့ကို

ဦးဆောင်သူ အပြာရောင်ဝတ်ရုံလူငယ့်က

ရယ်မောရင်း “မင်းကို ဒီမှာတွေ့ဖို့

မမျှော်လင့်ထားဘူး။ ဒီသစ်သားဓားနဲ့

ကျောက်ပြားအတွက်

မင်းဒီကိုရောက်နေတာလို့

ငါထင်တယ်"ဟု ပြောလိုက်ပါသည်။

စကားပြောနေစဉ် သူက လုလီကူး ကို

ဝေ့ဝဲကြည့်ပြီး "မှန်တယ်၊ မင်းက အခု

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် မှာပဲ

ရှိသေးတယ်။ မင်းမှာ

ပြန်လည်မွေးဖွားခြင်းသစ်သီး မရှိရင်

မင်းကိုယ်တိုင်

ပြန်လည်မွေးဖွားခြင်းအဆင့် ကို ရောက်ဖို့

၁၀ နှစ်လောက် အချိန်ယူရမှာပေါ့။

ဒါပေမဲ့ မွေးဖွားခြင်းသစ်သီးကို

ရဖို့ဆိုတာ သိပ်မလွယ်ဘူးထင်ပါတယ်”

"လုယွန်၊ မင်းပြောလို့ပြီးပြီလား"

လုလီကူး က

အေးစက်စွာပြောလိုက်သည်
"မင်းစကားပြီးရင် ဖယ်လိုက်ပါ"

"မင်းဘယ်လိုသတ္တိရှိလဲ" ထိုအချိန်တွင်
လူယွမ်၏ညာဖက်ရှိ
အဖြူရောင်ဝတ်ရုံလူငယ်က
ဒေါသတကြီးအော်လိုက်သည်
“လုလီကူး၊ မင်းရဲ့ဝမ်းကွဲအစ်ကိုကို
ဘယ်လိုပြောရဲတာလဲ"

"ငါ့ဝမ်းကွဲအစ်ကို လား" လုလီကူး က အေးစက်စွာ ရယ်မောလိုက်ပြီး "လုလင်း၊ ငါက လုကလန်ရဲ့ အဖွဲ့ဝင် မဟုတ်တော့ဘူး"

လုယွမ် က ခေါင်းခါလိုက်ပြီး "မင်းဘာလို့ဒီလိုလုပ်ရတာလဲ။ မင်းရဲ့ အမှားကိုဝန်ခံရုံပဲလေ။ ဒါဆိုရင် ကလန်က ချက်ချင်းပြန်ပြီးလက်ခံမှာပါ။ အဲဒီ ပြန်လည်မွေးဖွားခြင်းသစ်သီး

နဲ့ဆိုရင် မင်းက

မြန်မြန်ဆန်ဆန်အဆင့်တက်နိုင်မှာပါ။

ဒါ့အပြင် မင်းက မျိုးနွယ်စုရဲ့

ပံ့ပိုးမှုမရှိရင်

အနာဂတ်အောင်မြင်မှုတွေက

အကန့်အသတ်ရှိလိမ့်မယ်"

"ဒါ ငါ့ပြဿနာပဲ" လုလီကူး က "ဒါ့အပြင်

ငါ့ရဲ့တည်ရှိမှုက လုကလန် အတွက်

မထူးခြားပါဘူး၊ ဟုတ်တယ်မလား"

“ကောင်းပြီ” လုယွမ် က ဆက်ပြောသည်

"နောက်တစ်ခါ ထပ်ပြောမယ်" သူက

ခဏရပ်ပြီး ဆက်ပြောလိုက်သည် " မင်း

ဝမ်ကလန်ရဲ့ မြေကြီးဝိညာဉ်ကို

လီတျန်းဂျူ နဲ့ပေါင်းပြီး

ခိုးယူသွားတယ်လို့ ငါသတင်းရခဲ့တယ်။

မင်းနဲ့အတူရှိသလား"

လုလီကူး က အေးစက်စွာ

ရယ်မောလိုက်သည် "မင်းဘာလို့

ဒီလိုညင်ညင်သာသာနဲ့

ဆက်ဆံနေရတာလဲ ငါ သိချင်နေခဲ့တယ်။

ဒါကြောင့်ဖြစ်တာက မြေကြီးဝိဥာဉ်

ကြောင့်ပဲ”

လုယွမ်က “ငါက

အကာအကွယ်ရတနာတစ်ခု

သန့်စင်နေတာ။ ဒီအတွက်

လက်နက်ဝိညာဉ်လိုတယ်လေ။

မြေကြီးဝိညာဉ် က

အကာအကွယ်ရတနာတွေရဲ့

လက်နက်ဝိညာဉ်အဖြစ်

သန့်စင်လို့အကောင်းဆုံးပဲ။ငါ

တည့်တည့်ပဲပြောမယ်။ ငါ့ကို

မြေကြီးဝိညာဉ်ပေးလိုက်ပါ။

မျိုးနွယ်စုကနေ

မင်းအတွက်

ပြန်လည်မွေးဖွားခြင်းသစ်သီး

ရစေရမယ်လို့ ငါအာမခံတယ်။ ဒါ့ပြင်

မင်းကို မျိုးနွယ်ထဲ ပြန်ခေါ်ဖို့အတွက်

ငါကူညီပေးပါ့မယ်"

"ငါက အရူးတစ်ယောက်လို့

မင်းထင်လား" လုလီကူး က

အေးစက်စွာပြောလိုက်သည် "လုယွမ်၊

မင်းက ဘယ်လိုလူလဲဆိုတာ

ငါမသိဘူးထင်နေတာလား။ ဒါ့အပြင် မြေကြီးဝိညာဉ်က ငါ့လက်ထဲမှာ မဟုတ်ဘူး။ ယန်ကလန်ရဲ့ သခင်လေး ယန်ယန် ဆီကိုရောက်သွားပြီ။ မင်းမှာ အရည်အချင်းရှိရင် ယန်ကလန် ကိုသွားပြီး တောင်းလိုက်”

လုယွမ် က လုလီကူး ကို အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက် ခေါင်းညိတ်လိုက်သည် "မင်းမှာ

အဲဒါမရှိလို့

ထားလိုက်ပါ။မင်းကံကောင်းပါစေ"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး

"သခင်လေးယန်ယန် မှာ

အရည်အချင်းရှိတဲ့

လက်အောက်ငယ်သားတွေ

အများကြီးရှိတာပဲ"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

"ငါဘာမှမဖြစ်ပါဘူး။ ငါ့သခင်လေးက

တကယ့်ကိုထူးခြားတဲ့ပါရမီရှင်ပါ။

မဟုတ်ဘူး၊ သူက ဒီခေတ်မှာ

အထွတ်အထိပ်ကို ရောက်နိုင်လိမ့်မယ်။

ဒါကို စောင့်ကြည့်ရုံပါပဲ။

သူ့ရဲ့အစစ်အမှန်စွမ်းအားကို

ထုတ်ပြလာတဲ့အခါ မင်းဟာ သူနဲ့အတူ

မျိုးဆက်တစ်ခုတည်းမှာ နေရတာက

ဘယ်လောက်ကံမကောင်းလဲဆိုတာ
သိလာလိမ့်မယ်”ဟု ပြန်ပြောလိုက်သည်။

လုလီကူး က စကားမပြောနိုင်တော့ပေ။

"ဟုတ်သလား" လုယွမ် က
ဆက်ပြောသည်  “ဒါကြောင့်
သခင်လေးယန်ယန် က သူ့ခွန်အားကို
တကယ်ပဲဖုံးကွယ်ထားတာလား။ငါ
တော်တော် သိချင်နေပြီ။ သူ့ရဲ့ ခွန်အားကို

ပြသတဲ့ အခိုက်အတန့်ကို ငါမြင်ရဖို့ တကယ် မျှော်လင့်ပါတယ်။ အခုတော့ ဒီမှာပဲ နှုတ်ဆက်ပါတယ်”

ထိုစကားပြောပြီးသည်နှင့် နောက်လှည့်၍ အခြားသူများနှင့် ထွက်သွားလေသည်။

"သတိထားပါ"လုလီကူး က ရုတ်တရက်ပြောလိုက်သည် "အဲဒီလူက အပြင်မှာ ဖော်ရွေတဲ့ပုံပဲ။ တကယ်တော့

သူက ရက်စက်တဲ့လူပါ။

သူအကြိုက်ဆုံးအရာက

လူတစ်ယောက်ကို

ညီအစ်ကိုလိုဆက်ဆံပြီး အဲဒီလူရဲ့

နောက်ကျောကို ဓားနဲ့ထိုးလိုက်တာပဲ”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

သူ့အတွက် မည်သည့်မျိုးနွယ်စုမှ

တပည့်များကို လျှော့မတွက်ဝံ့သည်မှာ

သဘာဝအတိုင်းပင်။ အားလုံးက

ခွန်အားနှင့် ဉာဏ်ပညာ နှစ်ခုစလုံး

သူ့ထက် မနိမ့်ကျပေ။

"သွားကြရအောင်" လုလီကူး က

ဆက်ပြောလိုက်သည်

“အဲဒီသစ်သားဓားနဲ့ ကျောက်ပြားရဲ့

လျှို့ဝှက်ချက်ကို ရှာတွေ့နိုင်မလားဆိုတာ

ကြည့်ကြရအောင်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ထို့နောက်တွင် နှစ်ယောက်သား
ခန်းမတစ်ခုရှေ့ကို ရောက်ရှိလာခဲ့သည်။
ထိုအချိန်တွင် ခန်းမရှေ့၌ကား လူများစွာ
စုဝေးနေခဲ့သည်။

ခန်းမဝင်ပေါက်၏
အလယ်တည့်တည့်လေထဲမှာတော့
သစ်သားဓားတစ်လက် နှင့်
ကျောက်ပြားတစ်ချပ် မျောပါနေသည်။

ယန်ယဲ့၏အကြည့်သည်

သစ်သားဓားပေါ်

ချက်ချင်းဆင်းသက်လာသည်။ ဓားက

အတော်အတန် ကြီးမားသည်။ အထုက

၄၀ စင်တီမီတာဝန်းကျင်ရှိကာ

ဓားကိုယ်ထည်က ၂

မီတာခန့်ရှည်လျားပါသည်။

ရောမဓားကြီးတစ်လက်ဟုပင်
ပြောသင့်သည်။

သစ်သားဓား၏ မျက်နှာပြင်ပေါ်၌ စာလုံး
နှစ်လုံးပါရှိသည်။ ယန်ယဲ့၏
အကြည့်များက ဘယ်ဖက်ရှိ
စကားလုံးမျဉ်းပေါ်သို့ ကျဆင်းသွားသည်
။

'ဓားကို စွန့်လွှတ်နိုင်မလား'

"ဓားကို စွန့်ပယ်ရမှာလား"

ယန်ယွဲ့ကအံ့အားသင့်သွားသည်။။

ဖြစ်နိုင်မလား ။

သူသာ ဓားကို စွန့်လွှတ်လိုက်သည်နှင့်

ကောင်းကင်ငယ်အား

မည်သို့ကယ်တင်ရမည်နည်း။ ထို့အပြင်

ယန်ကလန်၏ ဘိုးဘေးနေရာ

ဆက်ခံသူတိုက်ပွဲအား

ယှဉ်ပြိုင်နိုင်မည်မဟုတ်ပါ။

နောက်ဆုံးအနေဖြင့်

သူ၏ချစ်ရသူများကို

ကာကွယ်ပေးဖို့မဖြစ်နိုင်တော့ပေ။

ယန်ယဲ့ သည် ရုတ်တရက် ကြောက်

ရွံ့သွားသည်။

သူသည် ဓားဆုံးရှုံးရမည်ကို

လုံးဝကြောက်နေခဲ့သည်။

အကြောင်းကတော့ သူသည် ဓားကို

လက်လွှတ်လိုက်လျှင်

အရာအားလုံးနီးပါး ဆုံးရှုံးရဖို့

သေချာသလောက်ပင်။

သို့သော် ယန်ယွဲ့ သည်

သူ၏အတွေးများကို ထိန်းလိုပ်ပြီး

ဒုတိယစာကြောင်းကို

စိုက်ကြည့်လိုက်သည်။ ထိုစာလုံးကို

မြင်လိုက်ရသောအခါ

အံ့အားသင့်သွားခဲ့သည်။

ထိုစာလုံးကား..

'မင်းရဲ့စားကို ကျွန်လို့ထင်နေပေမယ့်

မင်းကိုယ်တိုင်

ဓားရဲ့ကျွန်ဖြစ်သွားပြီဆိုတာ

မင်းမသိလိုက်ဘူး' ဟူ၍ပင်။

May Be:

၁၉၅၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၅၅ - ဒါဟာ

ငါ့ရဲ့စိတ်အခြေအနေကို ထိခိုက်စေတယ်

ဓားကို ကျွန်ခံခြင်း ။

ငါက ဓားကိုကျွန်ခံနေတာလား။

ယန်ယဲ့က ထိုမေးခွန်းကို သူ့ကိုယ်သူ
မေးလိုက်သည်။

မှန်သည်။ ဓား ဟူသော စကားက
ဓားတာအို ကို ကိုယ်စားပြုပါသည်။

သူ့အမြင်အရတော့ ဓားကို

ကျွန်ခံနေခြင်းမဟုတ်ပါ။ အကြောင်းမှာ

သူက ဓားကို ထိန်းချုပ်ထားသည်ဟု

ခံစားရလို့ပါ။ဓားကသူ့အား

ထိန်းချုပ်ထားခြင်းမဟုတ်ပေ။

အသုံးပြုသူက ဓားထက်သန်သော

အကြောင်းရင်းတစ်ခုပါ။

ဓားတာအိုသန်မာလာသည့်

အကြောင်းအရင်းမှာ သူ၏စားမဟုတ်ဘဲ
သူကိုယ်တိုင်သာဖြစ်သည်။

အသုံးပြုသူကြောင့် စားတာအို က
သန်မာလာခဲ့သည်။

ထိုအရာက ယခင်က သူထင်နေသော
အကြောင်းများပင်။

သို့သော် လက်ရှိတွင်

စာလုံးမှဖော်ပြထားသလို

ဓားကိုစွန့်လွှတ်နိုင်မည်လော။

သို့မဟုတ် တိတိကျကျပြောရလျှင် သူ၏

ဓားတာအိုကို စွန့်လွှတ်နိုင်မည်မဟုတ်ပါ။

ဓားတာအိုကို စွန့်လွှတ်လိုက်ခြင်းသည်

သူ့ဘဝတစ်လျှောက် အရာများစွာကို

ဆုံးရှုံးရမည်ဟု ဆိုလိုပါသည်။

ထိုသို့ဆိုလျှင် အဖြေက သဘာဝအတိုင်း မဟုတ်ပါ။

သူသည် ဓားကို စွန့်လွှတ်လိုက်ပါက အရာအားလုံး ဆုံးရှုံးသွားရပေမည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် သူသည် ဓားမပါဘဲ ရှေ့ဆက်တိုးနိုင်သော်လည်း ဓားတာအို ကို စွန့်လွှတ်၍တော့မရပေ။

ထိုအရာက ကွာဟချက်ပင်။

ထိုသို့ဆိုလျှင် မည်သူက ကျွန်(အစေခံ) ဖြစ်နေသည်မှာ သိသာပါသည်။

ယန်ယွဲ့ သည် သူ့ရှေ့မှာ လွင့်မျောနေသော သစ်သားဓားကို စိုက်ကြည့်နေသည်။ ထို့နောက် သစ်သားဓား ဆီသို့ ရုတ်တရက်လျှောက်သွားလိုက်တော့သည်။

လုလီကူး က ထိုမြင်ကွင်းကြောင့်

အံ့အားသင့်သွားပြီး ယန်ယဲ့၏

လမ်းရှေ့ပိတ်ရပ်လိုက်သည်။ သူက

"မင်းဘာလုပ်နေတာလဲ"

ယန်ယဲ့ က သစ်သားဓားကို ညွှန်ပြပြီး

"ဒါက ငါ့ရဲ့ စိတ်ပိုင်းဆိုင်ရာ

အခြေအနေကို ထိခိုက်စေတယ်။

ဖယ်ရှားပစ်ရမယ်"ဟုပြန်ပြောလိုက်သည်

။

စကားပြောပြီးသည်နှင့် နေရာတွင်ပင်

ပျောက်သွားပြီးနောက် သစ်သားဓား

အထက်၌ ရှိနေခဲ့သည်။ ထို့နောက်

ယန်ယွဲ့သည် အခြားလူများ

အံ့အားသင့်စွာ စောင့်ကြည့်နေချိန်မှာပဲ

သူ၏လက်သီးဖြင့်

တရကြမ်းထိုးချပစ်လိုက်သည်။

လုလီကူး၏မျက်နှာသည်

ချက်ချင်းဖျော့တော့သွားသည်

"ညီအစ်ကို၊ မင်းဒီလိုလုပ်လို့မရဘူး။

ငါတို့အသတ်ခံရလိမ့်မယ်...”

ထိုအချိန်တွင် လက်သီးချက်က

သစ်သားဓားကို ထိလုနီးနီးဖြစ်နေစဉ်

ယန်ယဲ့ရှေ့မှ

အေးစက်သောအလင်းတန်းတစ်ခု

ပေါ်လာသည်။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယဲ့ သည် မီတာ ၃၀၀ အကွာသို့

လွင့်ထွက်သွားသည်။

သစ်သားဓား ရှေ့မှာ

သက်လတ်ပိုင်းအမျိုးသား တစ်ယောက်

ပေါ်လာသည်။ သူက ယန်ယဲ့ ကို

စိုက်ကြည့်ကာ

"မင်းဒါကိုကြည့်လို့ရတယ်၊ မထိရဘူး"

ဟုပြောလိုက်သည်။

ယန်ယဲ့ သည် သူ့ကိုယ်သူ

ရပ်တန့်လိုက်ပြီး နောက်တစ်ကြိမ်

တိုက်ခိုက်ရန် ပြင်လိုက်၏။

တစ်ချိန်တည်းမှာပဲ လုလီကူး က သူ့ရှေ့ကို ပိတ်ရပ်ထားပြီး "ညီအစ်ကို၊ မင်း ဘာလုပ်နေတာလဲ။ ဒါက ဂူကလန် ပါ။ အရူးတစ်ယောက်လို လုပ်မနေနဲ့။ စိတ်အေးအေးထားပါ"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “ဒီစကားတွေက ငါ့ရဲ့ စိတ်အခြေအနေကို ထိခိုက်စေတယ်။ ငါသူတို့ကို မဖယ်ရှားရင် ငါ့ရဲ့

ကျင့်ကြံမှုလမ်းကြောင်းကို

ရှေ့ဆက်တိုးနိုင်မှာမဟုတ်တော့ဘူး။

ငါစိုးရိမ်မိသလောက်

အတားအဆီးအားလုံးကို

ဖယ်ရှားပစ်သင့်တယ်”ဟုသာ

ပြန်ပြောပါသည်။

စကားပြောပြီးနောက် ယန်ယွဲ့၏ပုံရိပ်က

ဖျတ်ခနဲပျောက်သွားပြီး

သစ်သားဓားရှေ့မှာ ပေါ်လာခဲ့သည်။

လုလီကူး က အံ့အားသင့်သွားပြီး "အတားအဆီးအားလုံးကို ဖယ်ရှားသင့်ပါတယ်... ညီအစ်ကို၊ မင်းက အရမ်းရူးသွပ်လွန်းတယ်..."

ယန်ယဲ့ ထပ်ပြီးတိုက်ခိုက်လိုက်သောကြောင့် လူတိုင်း အံ့သြသွားကြသည်။ သူတို့အတွက် တစ်စုံတစ်ယောက်က

ဝူကလန်ကိုလာပြီး ပြဿနာရှာနေမည်ဟု

မမျှော်လင့်ထားကြပေ။

ထိုအချိန်တွင်

သက်လတ်ပိုင်းအမျိုးသား၏

မျက်လုံးများက ကျဉ်းမြောင်းလာပြီး

အေးစက်သော အလင်းရောင်များ

လင်းလက်လာသည်။ထို့နောက်

သူ၏လက်သီးကို ရှေ့သို့

လှမ်းထိုးလိုက်သည်။

တစ်ချိန်တည်းမှာပင်

ထိုလူရှေ့ရောက်လာသော ယန်ယဲ့

ကလည်း လက်သီးကို ရှေ့သို့

လှမ်းထိုးလိုက်သည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
နှစ်ယောက်စလုံး ကီလိုမီတာ ၁၀၀
အကွာသို့ လွင့်ထွက်လာကြသည်။

ထိုလူက သူ့လက်သီးကို
တစ်ချက်ငုံ့ကြည့်လိုက်ပြီး ယန်ယဲ့ကို
မော့ကြည့်ကာ “ကိုယ်တွင်းအင်္ဂါတွေကို
တည့်တည့်ထိုးဖောက်ပြီး
စွမ်းအင်ပြန်ဆွဲယူလာတယ်။ ဒါဟာ
အတော်လေး စိတ်ဝင်စားဖို့ကောင်းတဲ့

နည်းစနစ်တစ်ခုပါ”

ထိုစကားပြောပြီးသည်နှင့် ညာခြေကို

တစ်ချက်ဆောင့်ကာ ယန်ယဲ့ဆီကို

ခုန်ဝင်လိုက်သည်။

ဘုန်း...

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ

ယန်ယဲ့ သည် တံ့ပြန်နိုင်စွမ်းပင်မရှိဘဲ ၁

ကီလိုမီတာအကွာထိ လွင့်ပျံသွားသည်။

သို့သော် သူ့ကိုယ်သူ
ရုပ်တန့်လိုက်သည်နှင့် နေရာမှာပင်
ပျောက်ကွယ်သွားသည်။

ဘုန်း...ဘုန်း...ဘုန်း....

တစ်ချိန်တည်းမှာပင် ပေါက်ကွဲသံများစွာ
ဆက်တိုက်ထွက်ပေါ်လာသည်။ ယန်ယွဲ့
နှင့် သက်လတ်ပိုင်းအမျိုးသား က
လျှင်မြန်နေသဖြင့် လူတိုင်း

ရှင်းရှင်းလင်းလင်းမမြင်နိုင်ဘဲ
ပေါက်ကွဲသံများသာ
ကြားလိုက်ကြသည်။

ဤအခိုက်အတန့်တွင် ဤနေရာမှ
လူတိုင်းသည်
စူးစမ်းလိုစိတ်များအပြည့်နှင့်ပါ။
သူတို့က ယန်ယဲ့ အကြောင်းကို
သိချင်နေကြသည်။

တစ်စုံတစ်ယောက်က

ဝူကလန်ကိုရောက်လာပြီး

ပြဿနာရှာဝံ့သည့်ကားအတော်လေးထူး

ဆန်းပါသည်။

တစ်ချိန်တည်းမှာပင် လုလီကူး က

ယန်ယဲ့ရ

နှင့် ထိုလူကြားမှ ပြင်းထန်သော

တိုက်ပွဲကို ကြည့်ရင်း

ရင်တထိတ်ထိတ်ဖြင့် "ယန်ကလန် မှာ

သာမန်လူတစ်ယောက်မှ မရှိဘူး။

ငါသူနဲ့အတူနေမယ်ဆိုရင်

ပြန်လည်မွေးဖွားခြင်းသစ်သီး

ရဖို့မပြောနဲ့

ငါအသက်တောင်ဆုံးရှုံးနိုင်တယ်..."

အုန်း...

ထိုအချိန်တွင် ယန်ယဲ့၏ ပတ်ဝန်းကျင်ရှိ
အာကာသပြင်ဟာ ပြင်းထန်စွာ
တုန်ခါသွားပြီးနောက် နှစ်ယောက်စလုံး ၃
ကီလိုမီတာအကွာသို့ အသီးသီး
နောက်ပြန်ဆုတ်လာကြသည်။

"အင်မော်တယ်အဆင့် ရုပ်ခန္ဓာကိုယ်"
ထိုလူက ယန်ယဲ့ ကို
တစ်ချက်ကြည့်လိုက်ပြီး
"မင်းကဘယ်သူလဲ"

ယန်ယဲ့ က ဂရုမစိုက်ဘဲ “ယန်မျိုးနွယ်။
ယန်ယန် က ငါ့ရဲ့ သခင်ငယ်ပဲ”

ယန်မျိုးနွယ် လား။

ယန်ယဲ့၏ စကားကို
ကြားလိုက်သောအခါ
ဤနေရာမှလူများအားလုံး
ချက်ချင်းနားလည်သွားကြသည်။ ယန်ယဲ့

သည် ယန်ကလန် မှဖြစ်မည်ဆိုလျှင်

လုံး၀အစိပ်ပွါယ်ရှိပါသည်။ နောက်ဆုံးတွင်

ထိုမျိုးနွယ်စု၏ အဖွဲ့ဝင်များက

အရုးများချည်းသာမဟုတ်ပါလား။

ထို့အပြင် ယန်ကလန် နှင့် ဝူကလန်၏

အင်အားက

တန်းတူနီးပါးဖြစ်သောကြောင့်ပင်။

သို့မဟုတ် ယန်ကလန် အနေဖြင့်

ဝူကလန်ကို

လုံးဝမကြောက်ဟုပြောရပါမည်။

သို့သော်လည်း ယန်ယန် အတွက်

အလုပ်လုပ်နေသူ

တစ်ယောက်ယောက်က ဝူကလန်ကို

လာရောက်ပြီးပြသနာရှာသည့်အကြော

င်းအရင်းကိုတော့ လူတိုင်း

နားမလည်ခဲ့ကြပေ။

"ယန်မျိုးနွယ် လား၊ ယန်ယန် " ထိုလူ၏

မျက်လုံးများက အနည်းငယ်

မှိုတ်သွားကာ "မင်းကို ဒီမှာ ပြဿနာလာရှာခိုင်းတာ မင်းရဲ့ သခင်ငယ်ပဲ"

ယန်ယွဲ့က ခေါင်းညိတ်ပြပြီး သူ့ရှေ့မှ သစ်သားဓားကို ညွှန်ပြရင်း "ငါ့သခင်လေးက ဒီသစ်သားဓားကို လိုချင်တယ်လို့ ပြောတာ။ အဲဒါကို ရအောင် ယူခိုင်းလိုက်တယ်။နာခံမှုရှိရှိ

လက်လွှဲပေးဖို့ အကြံပြုချင်တယ်။ မဟုတ်ရင်…”

"ဘယ်လောက်ရယ်စရာကောင်းလိုက်လဲ" သက်လတ်ပိုင်းအမျိုးသားက အေးစက်စွာ ရယ်မောရင်း “သူက ဘယ်သူလို့ ထင်လဲ။ ယန်ကလန်ရဲ့ သခင်လေးတစ်ယောက်လို့ မပြောဘဲ၊ ငါ့ဝူကလန်က ယန်ကလန်ရဲ့ ဆက်ခံသူဆိုရင်တောင်

ကြောက်မှာမဟုတ်ဘူး။ ငါ့ဝူကလန်က

တခြားသူတွေကို မစော်ကားသလို

ငါတို့ကိုလည်း ပြဿနာရှာလို့မရဘူး။

မင်းတို့ ယန်ကလန်က ငါ့ဝူကလန်ကို

ပြဿနာရှာနေတာဆိုတော့

ကရုဏာမရှိလို့ ငါ့ကို အပြစ်မတင်နဲ့"

စကားပြောပြီးသည်နှင့် သူ၏

ညာဖက်လက်ညိုးကို ရှေ့သို့ညွှန်ကာ

"ဟင်းလင်းပြင်လက်ချောင်း..."

ထိုခဏလေးမှာပဲ လက်ချောင်းကဲ့သို့
မရေမတွက်နိုင်သော အလင်းတန်းများက
ယန်ယွဲ့၏ပတ်ပတ်လည် အာကာသထဲကို
ဝင်ရောက်သွားသည်။ နောက်ဆုံးတွင်
ရောမစွမ်းအင်မုန်တိုင်းကြီးသဖွယ်
ယန်ယွဲ့ဆီသို့ ကျဆင်းလာပါတော့သည်။

သို့သော် ယန်ယွဲ့၏ အမူအရာသည်
တည်ငြိမ်နေခဲ့သည်။ သူ့မျက်နှာက

ထူးခြားဟန်မပြဘဲ ညာဖက်လက်သီးကို
တင်းတင်းဆုပ်ထားလိုက်သည်။
ထို့နောက် ခြေတစ်လှမ်းတိုးကာ
ရှေ့ကိုလှမ်းထိုးလိုက်သည်။

ကောင်းကင်ဘုံ ဖျက်ဆီးခြင်းလက်သီး...

ဘမ်း...

ထိုခဏအတွင်းမှာပဲ အလင်းတန်းများ
ပျောက်ကွယ်သွားတော့သည်။ ထို့အပြင်
သူ့အနီးနားရှိ အာကာသပြင်ဟာ
အချိန်မရွေး ပြိုလဲသွားသလိုပင်
ပြင်းထန်စွာ တုန်ခါလာသည်။

သက်လတ်ပိုင်းအမျိုးသား က ယန်ယဲ့၏
လက်သီးချက်ကို
တစ်ချက်ကြည့်လိုက်ပြီး "မင်းရဲ့
လက်သီးနည်းစနစ်က မဆိုးပါဘူး၊

အရင်က နည်းစနစ်ထက်
ပိုအားကောင်းတယ်။ လာ၊ ငါ့ကို
နောက်ထပ်ပြစမ်း"

စကားပြောရင်း ထပ်မံတိုက်ခိုက်ရန်
ပြင်လိုက်သည်။ ထိုအချိန်တွင် လုလီကူး
က ယန်ယွဲ့ ရှေ့မှာ ရုတ်တရက် ပေါ်လာပြီး
"ဝူကလန် ရဲ့ ပါရမီရှင်တွေက
အားကောင်းတယ်လို့ ကြားတယ်။ ဒီနေ့
ငါ့ကိုယ်တိုင် ကြည့်ချင်တယ်"

“မင်း…” ယန်ယွဲ့ သည် လုလီကူး ကို စိုက်ကြည့်ရင်း အံ့အားသင့်သွားသည်။ သူ့စိတ်ထဲ လုလီကူး က ပြဿနာထဲကို ဝင်ရောက်စွက်ဖက်လာမည်ဟု မမျှော်လင့်ထားမိပေ။

လုလီကူး က ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး အသံလှိုင်းဖြင့် ဆက်သွယ်ကာပြောလိုက်သည် “သူ့ကို

အချိန်ဆွဲနေတုန်း မြန်မြန်ပြန်ထွက်ပါ။

မင်းရဲ့အရှိန်ကို

အကန့်အသတ်ထိသုံးဖို့ပါသတိရပါ။

ဘာလို့လဲဆိုတော့ ဂူကလန်ရဲ့

တခြားအဆင့်မြင့်ကျင့်ကြံသူတွေက

အရိပ်ထဲမှာ ပုန်းအောင်းနေကြတာပဲ။

မင်း မြန်မြန်မလုပ်ရင် ငါတို့ ဒီနေ့လွတ်

မြောက်နိုင်မှာ မဟုတ်ဘူး”

စကားပြောပြီးသည်နှင့်

သူ့ဓားကိုဆွဲထုတ်ပြီး

သက်လတ်ပိုင်းအမျိုးသားအား

ပိုင်းချလိုက်တော့သည်။

"ဓားကျင့်ကြံသူ"

သက်လတ်ပိုင်းအမျိုးသား က

လုလီကူးကို စိုက်ကြည့်ပြီးနောက်

ခပ်ဝေးဝေးကနေပင် သူ၏လက်ဝါးကို

ရှေ့သို့ အသာပုတ်လိုက်သည်။

ထိုခဏမှာပဲ သူ့ရှေ့မှ အာကာသပြင်ဟာ

တုန်ခါသွားပြီးနောက်

ရောမလက်ဝါးကြီးတစ်ဖက်

ထွက်ပေါ်လာပြီး လုလီကူး ဆီသို့

ဖိချလိုက်သည်။

"ခုတ်ပိုင်းစမ်း..." လုလီကူး က

သူ၏ဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက်

အောက်သို့ပိုင်းချလိုက်သည်။

ဆူး...

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသော ဓားသွားမှ မီတာ ၃၀၀ ရှည်လျားသော ဓားစွမ်းအင်ရောင်ခြည်တန်းတစ်ခု ထွက်လာသည်။

ဘမ်း...

ဓားစွမ်းအင်နှင့် စွမ်းအင်လက်ဖဝါးကြီး
တိုက်မိသည်နှင့် တပြိုင်နက်
ချက်ချင်းပေါက်ကွဲထွက်သွားသည်။
ထို့နောက်တွင် မရေမတွက်နိုင်သော
စွမ်းအင်လှိုင်းလုံးများ နေရာအနှံ့ကို
ရိုက်ခတ်သွားသည်။ သို့တိုင်
သူတို့ပတ်ပတ်လည်မှ အာကာသပြင်ဟာ
တုန်ခါနေရုံသာ။ ပြိုကျသွားခြင်းမရှိပေ။

သက်လတ်ပိုင်းအမျိုးသားက

နောက်တစ်ကြိမ် တိုက်ခိုက်ရန်

ပြင်လိုက်စဉ် သူ၏အမူအရာက

ရုတ်တရက် ပြောင်းလဲသွားသည်။

တစ်ဆက်တည်း သစ်သားဓား

ရှိရာဖက်သို့ လှည့်ကြည့်လိုက်၏။

ထိုအချိန်တွင် ယန်ယွဲ့ က  သစ်သားဓား

ရှေ့မှာပင်ရောက်နေခဲ့လေပြီ။

"မင်းလုပ်ဝံ့သလား" သူက

ဒေါသတကြီးဖြင့် အော်ငေါက်လိုက်ပြီး

တိုက်ခိုက်ရန်ပြင်လိုက်တော့သည်။

သို့သော် တစ်ချိန်တည်းမှာပဲ

မရေမတွက်နိုင်သော

အစွမ်းထက်အော်ရာများ ပျံ့လွင့်လာပြီး

ယန်ယဲ့ ဆီကို

တဟုန်ထိုးဦးတည်သွားသည်။

ထာဝရတာန်ခိုးရှင်တွေ ။

သို့သော် ယန်ယဲ့သည် လစ်လျူရှုထားပြီး

သစ်သားဓားကိုသာ စိုက်ကြည့်ကာ

“ဓားက အသုံးပြုတဲ့သူကို

ကျွန်ခံစေတာလား။ အသုံးပြုသူက

ဓားကိုကျွန်ခံနေခိုင်းသလား။

ဘာလို့ဒီလောက်ရှုပ်ထွေးအောင်လုပ်ရ

တာလဲ"ဟု ပြောသလိုလိုဖြင့်

ရေရွတ်လိုက်ပါသည်။

စကားပြောပြီးသည်နှင့် သူ၏လက်သီးကို

ရှေ့သို့ လှမ်းထိုးလိုက်သည်။

ခွမ်း....

လူတိုင်း ထိတ်လန့်တကြား

စောင့်ကြည့်နေစဉ်မှာပဲ သစ်သားဓားက

အပိုင်းအစများအဖြစ်

ကွဲကြေသွားသည်ကို

မြင်တွေ့လိုက်ကြရသည်။

လုလီကူး၏ မျက်နှာက ချက်ချင်းပင် ချွေးအေးများဖြင့် ဖုံးလာသည်
"ဒီတစ်ခါတော့ ပြီးသွားပါပြီ"

“ကြည့်လိုက်။ အဲဒါဘာလဲ" ထိုအချိန်တွင် တစ်စုံတစ်ယောက်က ရုတ်တရက် အော်လိုက်သည်။ လူတိုင်း လှမ်းကြည့်လိုက်ရာ ကွဲကြေနေသော သစ်သားအပိုင်းအစများကြားမှ

အလင်းတန်းများ ဖြာထွက်လာသည်ကို တွေ့လိုက်ကြလေသည်။ ထို့နောက် သူတို့ အံ့သြနေချိန်မှာပဲ စူးရှသောဓားအူသံက ကောင်းကင်ကို လွင့်ပျံသွားသည် ။

သက်လတ်ပိုင်းအမျိုးသား က ထိုမြင်ကွင်းကိုမြင်သောအခါ ရပ်တန့်သွားသည်။ ထိုအချိန်တွင် အဘိုးကြီး ၄ ယောက်က ယန်ယဲ့၏ ပတ်ပတ်လည်မှ

ပေါ်လာသည်။သို့သော်လည်း ယန်ယွဲ့ကို မတိုက်ခိုက်ခဲ့ပေ။ရှင်းရှင်းပြောရလျှင် ထိုကဲ့သို့ ထူးခြားသောအဖြစ်အပျက်များကို သူတို့ မမျှော်လင့်ထားခဲ့ပေ။

ယန်ယွဲ့ သည် ကောင်းကင်ထက်မှ အလင်းတန်းများကို မော့ကြည့်လိုက်သည်။ သူကြည့် နေစဉ်မှာပဲ အလင်းရောင်တန်းများ

ကောင်းကင်ထက်မှ ဆင်းသက်လာကာ

သူ့ရှေ့ကိုရောက်လာခဲ့သည်။

ခဏအကြာမှာပဲ အလင်းတန်းများ

ပြန့်ကျဲသွားပြီးသစ်သားဓားငယ်တစ်

ချောင်းပေါ်လာသည်။

သစ်သားဓားက

လက်နှစ်ချောင်းအရွယ်အစားခန့်

အကျယ်ရှိသည်။ အရှည် ၁

မီတာဝန်းကျင်ရှိပြီး ဖင်းသည်

ယခင်သစ်သားဓားနှင့်

ပုံသဏ္ဍာန်မတူပေ။

ပို၍ပင်သေးငယ်ခဲ့သည်။

ယန်ယွဲ့ က သစ်သားဓားလေးကို

ကြည့်ရင်း မျက်တောင်ခတ်လိုက်ပြီး

ညာလက်ကို ဝှေ့ယမ်းပြီး မူလစေတီထဲ

ထည့်သိမ်းလိုက်သည်။ ထို့နောက်

သက်လတ်ပိုင်းအမျိုးသား ကို

စိုက်ကြည့်ကာ “ငါ စောစောက

အလောတကြီးဖြစ်သွားခဲ့တယ်။

တောင်းပန်ပါတယ်။

ရိုးသားစွာတောင်းပန်ပါတယ်။

ဟုတ်တယ်... ငါ့မှာ လုပ်စရာတွေရှိလို့ ငါ

နှုတ်ဆက်လိုက်မယ်”

ထိုစကားပြောပြီးသည်နှင့် ခဏာမျှပင်

တုံ့ဆိုင်းမနေဘဲ ချက်ချင်း

လှည့်ထွက်သွားသည်။

May Be:

၁၉၅၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၅၆ - သိုင်းပညာတာအို

ထာဝရတန်ခိုးရှင် ၄ ပါးက သူ့အား

ဝိုင်းရံထားသောကြောင့် ယန်ယွဲ့ သည်

ထွက်သွားလို့မရတော့ပေ။

သူက နေရာတွင် ရပ်ကာ ရှက်ရွံ့စွာ ပြုံးလိုက်ပြီး "မင်းတို့ဘာလိုချင်လို့လဲ"ဟုပြောလိုက်လေသည်။

"ငါတို့နဲ့လိုက်ခဲ့" ထိုအချိန်တွင် သက်လတ်ပိုင်းအမျိုးသား က ရုတ်တရက် စိုက်ကြည့်ကာ “မင်းထွက်မသွားဘူးထင်တယ် .... ဟုတ်ရဲ့လား”

ယန်ယဲ့ က အကူအညီမဲ့စွာ ရယ်မောရင်း

“ဒါပေါ့...”

သိုင်းပညာကမ္ဘာမှ

အတင်းအကြပ်ထွက်သွားရမည်လော။

သူသည် လူမိုက်ဖြစ်နေမှသာ

ထွက်သွားဖို့ကြိုးစားပါလိမ့်မည်။

လက်ရှိတွင် သူက သိုင်းပညာကြယ်စင်စု

မှာ ရှိနေ၏၊ အကယ်၍ တစ်စုံတစ်

ယောက်ကို သတ်လိုက်လျှင် ဂူကလန်၏

ထာဝရတန်ခိုးရှင်များ၊

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများ

အုပ်လိုက်ကြီးပေါ်လာပေမည်။အရေးအ

ကြီးဆုံးမှာ သူ့ရှေ့မှ

ထာဝရတန်ခိုးရှင်များက သူ့အပေါ်

ရန်လိုသောဆန္ဒမရှိဟု ခံစားမိသည်။

မဟုတ်လျှင် သူ၏ဓားကို

ထုတ်သုံးနိုင်သည့်တိုက်

အသတ်ခံရမည်မှာသေချာပါသည်။

"သွားကြရအောင်"

သက်လတ်ပိုင်းအမျိုးသားက

စကားပြောပြီးနောက်

လှည့်ထွက်သွားသည်။

သို့သော် ယန်ယဲ့၏ရင်ဘတ်မှ

အဖြူရောင်အလင်းတန်းများ

ရုတ်တရက် လင်းလက်သွားပြီးနောက်

အမျိုးသမီးတစ်ဦး ပေါ်လာသည်။

ယန်ယဲ့ သည်

အဖြူရောင်အလင်းတန်းကိုကြည့်နေရင်း

မျက်လုံးများပြူးကျယ်သွားသည်။

အန်နန်ကျင်း ဖြစ်နေသောကြောင့်

ချက်ချင်းမျက်မှောင်ကြုတ်လိုက်မိသည်

။

ထို့နောက် သူမကို စိုက်ကြည့်ကာ

"နန်ကျင်း၊ မင်းဒီကိုဘာထွက်လုပ်တာလဲ

"ဟုမေးလိုက်သည်။

အန်နန်ကျင်း က ကျောက်ပြားကို

စိုက်ကြည့်ရင်း “အဲဒါ”

ယန်ယဲ့ သည် သူ့အကြည့်ကို အန်နန်ကျင်း

ထံမှ လွှဲကာ

ကျောက်ပြားချပ်ဆီသို့ကြည့်လိုက်လေ

သည်။ သူတို့နှင့် မဝေးလှသောနေရာ၌ ၃

မီတာမြင့်သော

အနက်ရောင်ကျောက်ပြားတစ်ချပ်

မျောနေသည်ကို

တွေ့လိုက်ရသည်။

ထိုကျောက်ပြားချပ်ပေါ်၌ကား

စာလုံးတစ်လုံးတည်းသာရှိ၏။

"'武!'(သိုင်း)"

သိုင်းလား...

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

စကားပြောရန် ပြင်လိုက်သော်လည်း

အန်နန်ကျင်းက ကျောက်ပြားချပ်ဆီသို့

လျှောက်သွားနေသဖြင့်ငြိမ်နေလိုက်သည်

။

ထိုအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက

တားဆီးဖို့ပြင်လိုက်၏။ သို့သော်

သူ့ဘေးနားရှိ အဘိုးကြီး တစ်ယောက်က

တားလိုက်သည်။ အဘိုးအိုက

အန်နန်ကျင်းကို လှမ်းညြည့်လိုက်ရင်း

မျက်လုံးထဲ၌ အံ့အားသင့်မှုတစ်ခု

ထွက်ပေါ်လာသည်။ထို့နောက်

တစ်စုံတစ်ခုကို သတိပြုမိသွားပုံရ၏။

သူ့မျက်လုံးထဲမှ အံ့အားသင့်မှုဟာ

စိတ်လှုပ်ရှားမှုအဖြစ် ပြောင်းလဲသွားကာ

"မဟာအကြီးအကဲကို

အကြောင်းကြားလိုက်စမ်း"ဟု

ပြောလိုက်၏ ။

သူ့နောက်မှ အဘိုးကြီးတစ်ယောက်က

ခေါင်းတညိတ်ညိတ်နှင့်

ဖျတ်ခနဲပျောက်သွားသည်။

သက်လတ်ပိုင်းအမျိုးသား က

အနည်းငယ် အံ့အားသင့်သွားသည်။

သူက အန်နန်ကျင်းကို

စိုက်ကြည့်နေရင်းဖြင့် မျက်လုံးထဲ၌

ထူးဆန်းတဲ့အရိပ်အယောင်များ

ပေါ်လာသည်။

ထိုအချိန်တွင်

ပိတ်ချောဝတ်ရုံအဘိုးကြီးတစ်ယောက်

ရုတ်တရက် ပေါ်လာခဲ့၏။

သက်လတ်ပိုင်းအမျိုးသားက

လေးစားမှုအပြည့်ဖြင့် အဘိုးကြီးကို

ဦးညွှတ်ကာ “မဟာအကြီးကဲ"ဟု

ကမန်းကတန်းနှုတ်ဆက်လိုက်လေသည်

။

ပိတ်ချောဝတ်ရုံအဘိုးအို က အနည်းငယ်

ခေါင်းညိတ်ပြပြီးနောက် အန်နန်ကျင်းကို

စိုက်ကြည့်လိုက်သည်။ ထို့နောက်

သိပ်မကြာလိုက်ဘဲ သူ၏မျက်လုံးထဲ၌

အံ့သြမှုအစား

တုန်လှုပ်ခြောက်ခြားသွားလေတော့သည်

။

အန်နန်ကျင်း ကတော့ လူတိုင်းကို

လျစ်လျူရှုပြီး ကျောက်ပြားချပ်ဆီသို့

လျှောက်သွားရင်း မျက်တောင်မခတ်ဘဲ

စိုက်ကြည့်နေခဲ့သည်။

၁၅ မိနစ်ခန့်အကြာ ။

၂ နာရီကြာသွား၏။

၄ နာရီခန့်အကြာ ။

အန်နန်ကျင်းက ကျောက်ပြားချပ်ကို

စိုက်ကြည့်နေတုန်းပါ။

ထိုအချိန်တွင် ယန်ယဲ့၊ လုလီကူး နှင့်

ဝူကလန်၏ အဖွဲ့ဝင်များသာ

ဤနေရာတွင် ကျန်ရှိတော့သည် ။

အခြားသူများကိုတော့

ထွက်သွားခိုင်းလိုက်ကြသည်။

လုလီကူး က "သူမက ဘယ်သူလဲ" ဟု ရုတ်တရက် မေးလိုက်သည်။

ယန်ယဲ့ က အန်နန်ကျင်းကို တစ်ချက်ကြည့်လိုက်ပြီး “ငါ့လက်တွဲဖော်” ဟု ပြန်ဖြေသည်။

လုလီကူး က အနည်းငယ် ခေါင်းညိတ်လိုက်ပြီး "သူမက

အရမ်းထူးခြားတယ်"ဟုထပ်ပြောပါသည်။

"ဒါအမှန်ပဲ" ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်။ အမှန်တော့ သူကိုယ်တိုင်ပင် အန်နန်ကျင်း၏ ခွန်အားကို နားမလည်နိုင်ပေ။ အကြောင်းကတော့ သူတို့နှစ်ယောက် ယှဉ်ပြိုင်တိုင်း အန်နန်ကျင်းက အားကုန်ထုတ်မသုံးလို့ပါ။

လုလီကူး က "သူမ ဒီနားမှာ ဘယ်လောက်ကြာကြာ ရပ်နေမှာလဲ" ဟု မေးပါသည်။

ယန်ယဲ့ က ခေါင်းခါလိုက်သည် “မသိဘူး၊ ဘာလို့လဲ"

လုလီကူး က စကားပြောရန်ပြင်လိုက်စဉ်တော့

အန်နန်ကျင်း၏ ပုံသဏ္ဍာန်က

ရုတ်တရက်လှုပ်ရှားလာသည်။

မှန်သည်၊ အန်နန်ကျင်း က

မိုးကောင်းကင်ခွဲလှံ ကို ထုတ်ယူပြီး

ပေါ့ပါးစွာဝှေ့ယမ်းလိုက်သည်။

ထိုခဏလေးမှာပဲ ကျောက်ပြားချပ်ပေါ်၌

နောက်ထပ်

စာလုံးတစ်လုံးပေါ်ထွက်လာသည်။

"'道!'(တာအို)"

လက်ရှိအချိန်တွင် ကျောက်ပြားချပ်ပေါ်၌ "သိုင်းတာအို"('武道!') ဟူသော စာလုံး နှစ်လုံး ရှိနေခဲ့သည်။

သိုင်းတာအို ။

ဤနေရာမှ လူတိုင်း အံ့သြသွားသည်။
အန်နန်ကျင်း လုပ်ဆောင်လိုက်သည့်
အကြောင်းအရင်းကို နားမလည်ကြပေ။

ခွပ်...

ကြည်လင်သော အက်ကွဲသံ
ရုတ်တရက်ထွက်ပေါ်လာပြီးနောက်
ကျောက်ပြားချပ်က ရုတ်တရက်
အက်ကွဲသွားသည်။ကျောက်ပြားချပ်အပို

င်းအစများမှ အဖြူရောင်

အလင်းတန်းတစ်ခု

ထွက်ပေါ်လာပြီးနောက် ခဏအကြာမှာပဲ

ပုံရိပ်တစ်ခု ပေါ်လာပါသည်။

ပုံရိပ်က အသက် ၃၀ ဝန်းကျင်

ဟုထင်ရလေသည်။ သို့ရာတွင်

ခေါင်းထက်ရှိ ဆံပင်ရှည်များကတော့

နှင်းဖြူရောင်များသာ။

ပိတ်ချောဝတ်ရုံကို ဝတ်ဆင်ထားပြီး

လက်နှစ်ဖက်ကို နောက်ပစ်ထားလျက်

မတ်တပ်ရပ်နေလေသည်။

သူ၏မျက်လုံးများကတော့

အကန့်အသတ်မဲ့

ကြယ်တာရာကောင်းကင်ပြင်ကြီးအလား

နက်နဲလှသည်။ ပုံရိပ်ကို ကြည့်နေသော

လူတိုင်းအတွက်ဟာ

အကန့်အသတ်မဲ့စကြာဝဠာအားကြည့်နေ

ရသလိုမျိုး ခံစားရစေသည်။

တစ်ချိန်တည်းတွင်

ဝူကလန်အဖွဲ့ဝင်များ၏

အမူအရာများသည်

သိသိသာသာပြောင်းလဲသွားကာ အားလုံး

တစ်ညီတစ်ညွတ်တည်း

ဒူးထောက်ချလိုက်ပြီး "ဘိုးဘေး"ဟူ၍

ကမန်းကတန်းဦးညွှတ်ကြသည်။

ဘိုးဘေး လား...

ယန်ယဲ့ က အံ့အားသင့်သွားပြီး ပိုရိပ်ကို မော့ကြည့်လိုက်သည်။ "သူက သိုင်းပညာဘိုးဘေး ဝူမု လား"

လုလီကူး၏ မျက်လုံးများလည်း ပြူးကျယ်သွားကာ မယုံနိုင်စရာများဖြင့် ပြည့်နှက်နေသည်။ သူ့အတွက်တော့ အတိတ်ကာလနှစ်ပေါင်းများစွာက ဒဏ္ဍာရီလာ သိုင်းပညာဘိုးဘေး နှင့် တွေ့ဆုံရန် မမျှော်လင့်ခဲ့ပေ။ရင်းသည်

သိုင်းပညာဘိုးဘေး၏ဝိညာဉ်ကိုယ်ပွား

သို့မဟုတ်

ဝိညာဉ်ကြိုးမျှင်မျှသာဖြစ်သော်လည်း

ဒဏ္ဍာရီဆန်ဆန်တည်ရှိမှုဖြစ်နေဆဲပင်။

အဘိုးအိုဝူမု က ဝူကလန်၏

အဖွဲ့ဝင်များကို တစ်ချက်မျှပင်

မကြည့်ခဲ့ပေ။ သူ့အကြည့်များက

အန်နန်ကျင်း ဆီကို

ချက်ချင်းရောက်သွားပြီး နောက်တော့

ကြောက်လန့်တကြား
အရိပ်အယောင်များ
ချက်ချင်းပေါ်လာခဲ့လေသည်။

သူက အန်နန်ကျင်း ကို
အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်
ခေါင်းညိတ်လိုက်ပြီး "ငါ့ဝူကလန် ရဲ့
တပည့် သားမြေးတွေက မင်းထက်
ယုတ်ညံ့တယ်"ဟုပြောလိုက်လေသည်။

အဘိုးအိုဝူမု၏ မှတ်ချက်စကားကို
ကြားသောအခါ မဟာအကြီးအကဲ နှင့်
အခြားသောအဖွဲ့ဝင်များအားလုံး
မျက်နှာထက်မမြင်နိုင်သော
အမူအရာများရှိနေကြသည်။သို့သော်
မည်သူမျှ ခေါင်းမမော့ဝံ့ကြပေ။

သူတို့၏ နှလုံးသားထဲမှာ အဘိုးအိုဝူမု က
သူတို့အတွက် နတ်ဘုရားတစ်ပါးလိုပင်။

ထိုအချိန်တွင် အဘိုးအိုဝူမု က ဆက်ပြောလိုက်သည်

“သိုင်းပညာတာအို။ ငါကျန်ခဲ့တဲ့ ကျောက်ပြားချပ်နောက်ကွယ်က အဓိပ္ပါယ်ကို မင်းနားလည်သွားပြီထင်တယ်" သူက ခဏရပ်ပြီး “ဒီအခိုက်အတန့်ကစပြီး သူက ငါ့ရဲ့ ဆက်ခံသူပါ။ ကန့်သတ်နယ်မြေတွေ၊

ကျင့်ကြံရေးနည်းစနစ်တွေ၊

တခြားရတနာတွေနဲ့ ဝူကလန်ရဲ့

အရင်းအမြစ်တွေအကုန်

သူမအတွက် ဖွင့်ပေးထားတယ်”

စကားပြောပြီးသည်နှင့် သူက

စာအုပ်အထူကြီးတစ်အုပ်ကို

အန်နန်ကျင်း ဆီသို့ လွှဲပေးရင်း

"အတိတ်က ငါ့ရဲ့

ကျင့်ကြံခြင်းလမ်းစဉ်အတွေ့အကြုံ

စုစည်းမှု။ မင်းအတွက်

အသုံးဝင်သင့်တယ်" ဟုပြောပြီး

သူ၏ပုံရိပ်က ကြည်လင်လာသည်။

အန်နန်ကျင်း က စာအုပ်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ပျောက်ကွယ်နေသော အဘိုးအိုဝူမု ကို

အနည်းငယ် ဦးညွှတ်ကာ

"ကျေးဇူးတင်ပါတယ်"

မဟာအကြီးအကဲ နှင့်

ဂူကလန်၏အဖွဲ့ဝင်များအားလုံး

အန်နန်ကျင်း ကို မော့ကြည့်လိုက်သည်။

သူတို့၏ အကြည့်များက အန်နန်ကျင်း၏

လက်ထဲမှ စာအုပ်ပေါ် ရပ်သွားကြသည်။

ယန်ယွဲ့သည် စာအုပ်ကို

စိုက်ကြည့်နေသော

ထိုလူများ၏ မျက်လုံးထဲမှ
စိတ်အားထက်သန်မှု အရိပ်အယောင်ကို
သတိပြုမိသည်။ ထို့အပြင်
လောဘအရိပ်အယောင်တစ်ခုပင်
ရှိသေးသည်။

ထိုအရာက ပုံမှန်ပင်။ ၎င်းသည်
သိုင်းပညာဘိုးဘေး၏
ဘဝတစ်သက်တာအတွေ့အကြုံများစုစ
ည်းထားခြင်းမဟုတ်ပါလား။

သိုင်းပညာတာအိုကို ကျင့်ကြံသော

ဝူကလန် အတွက်တော့

အဖိုးမဖြတ်နိုင်သည့်ရတနာတစ်ခုပါ။

ထိုစာအုပ်အကြောင်းသာ

သတင်းများ ပြန့်နှံ့သွားပါက

မရေမတွက်နိုင်သော

ကျင့်ကြံသူများကြား

တိုက်ပွဲကြီးဖြစ်လာပေမည်။

အန်နန်ကျင်း က စာအုပ်ကို

ငုံ့ကြည့်ပြီးနောက် မဟာအကြီးအကဲ ကို

စိုက်ကြည့်ကာ "ဝူကလန်

ပိုင်တဲ့အရာတွေကို ငါမယူဘူး။

ဖတ်ပြီးတာနဲ့

ပြန်ပေးပါ့မယ်"ဟုပြောလိုက်သည်။

ဝူကလန်၏အဖွဲ့ဝင်များသည်

အန်နန်ကျင်း ပြောသည့်စကားသံကို

ကြားသောအခါ အံ့အားသင့်သွားကာ

အလွန်ဝမ်းသာသွားကြသည်။
မဟာအကြီးအကဲက ခေါင်းခါပြီး
“မမလေး၊ မင်းဟာ ငါတို့ဘိုးဘေးရဲ့
ဆက်ခံသူပါ။ ငါတို့ဘိုးဘေးက
မင်းကိုပေးခဲ့တာဆိုတော့ ဒါကို
မမလေးပဲပိုင်ပါတယ်"ဟုပြောပါသည်။

သူက စကားကိုခဏရပ်ပြီး “ဒါပေမဲ့ ငါ့မှာ
တောင်းဆိုစရာရှိတယ်။ ဒါကို ပုံတူပွားခွင့်

ပေးမယ်လို့ မျှော်လင့်ပါတယ် ဟုတ်လား”

အန်နန်ကျင်း က စာအုပ်ကို

တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ

“ကောင်းပြီလေ။ ဒါက

အဆင်ပြေပါတယ်”

မဟာအကြီးအကဲ က သိသိသာသာ

သက်သာရာရသွားပုံပါ

“ကျေးဇူးတင်ပါတယ်”

ခဏလောက်ရပ်ပြီး "မမလေး၊ ငါတို့

ဘိုးဘေးပြောတာကို မင်းကြားဖူးတာ

သေချာတယ်။ ငါတို့ရဲ့ဘိုးဘေးက

အခုအချိန်မှာ

တံခါးပိတ်ကျင့်ကြံနေတယ်ဆိုပေမယ့်

ငါ့ဝူကလန်က ဘိုးဘေးပြောတဲ့အတိုင်း

အရာအားလုံးကို

လုပ်ဆောင်နိုင်တယ်ဆိုတာ

ငါအာမခံအာတယ်။ ဒီအချိန်ကစလို့

ငါ့ဝူကလန်ဟာ မင်းရဲ့နောက်မှာ

ရပ်နေပြီ။ ငါတို့က မင်းကို သေချာပေါက်

ပံ့ပိုးပေးမှာပါ”

အန်နန်ကျင်းက

အံ့အားသင့်သွားသည်။သူမက ခဏကြာ

စဉ်းစားပြီးနောက် ယန်ယဲ့ကို

စိုက်ကြည့်လိုက်သည်။

အမှန်တိုင်းပြောရလျှင် သူမက

ဝူကလန်ကို

ဝင်ရောက်ပြီးလေ့ကျင့်လိုခဲ့သည်။

သို့ရာတွင် ယန်ယဲ့၏

သဘောတူညီချက်ကို

ယူဖို့တော့လှည့်ကြည့်လိုက်သေးသည်။

ယန်ယဲ့ က ခဏာမျှတုံ့ဆိုင်းမနေဘဲ

အန်နန်ကျင်းအတွက်

ကံကောင်းမှုဖြစ်လေရာ ချက်ချင်းပင်

ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့ ထံမှ ခွင့်ပြုချက်ရပြီးသည်နှင့်
"ကောင်းပြီ"ဟု ပြောလိုက်လေသည်။

သူမက ဝူကလန်၏ နည်းစနစ်များကို
လေ့လာလိုသည့်တိုင် ယန်ယဲ့
သဘောမတူလျှင်
ငြင်းဆိုဖို့တွန့်ဆုတ်နေမည်မဟုတ်ပေ။
အကြောင်းကတော့ ယတ်ယဲ့သာလျှင်
သူမအတွက် အရေးကြီးဆုံးဖြစ်လို့ပါ။

မဟာအကြီးအကဲ က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး သူ့နောက်မှ

အဘိုးကြီးတစ်ယောက်ကို ကြည့်ကာ

"သူမကို လေ့ကျင့်ရေးခန်းမဆီ

ခေါ်သွားပါ။ ပြီးတော့ သူမမှာ ဝူကလန်ရဲ့

အမြင့်ဆုံး အခွင့်အာဏာရှိတယ်ဆိုတာ

သတိရပါ”ဟုဆက်ပြောလိုက်သည်။

အန်နန်ကျင်းက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

"ခဏသွားကြည့်လိုက်မယ်။

နင်ထွက်သွားတဲ့အခါ ငါ့ကိုပြောပါ" ဟု

ပြောပြီးသည်နှင့် အဘိုးအိုနှင့်အတူ

ထွက်သွားလေသည်။

အန်နန်ကျင်း ထွက်သွားသည်နှင့်

မဟာအကြီးအကဲက ယန်ယွဲ့ နှင့်

လုလီကူး အား

တစ်ချက်ကြည့်လိုက်ပြီး "မင်း ငါတို့ကို လျှို့ဝှက်ထားပေးနိုင်မလား"ဟုရုတ်တရက်ပြောလိုက်သည်။

လုလီကူး က စကားပြောရန်ပြင်နေစဉ် မဟာအကြီးအကဲ က သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။ ထို့နောက် လုလီကူး က ချက်ချင်း ပျောက်သွားခဲ့သည်။

ယန်ယဲ့ လည်း
အတော်လေးအံ့အားသင့်သွားသည်။

မဟာအကြီးအကဲ က ယန်ယဲ့ကို
စိုက်ကြည့်ကာ "မင်းက
ယန်မျိုးနွယ်ကလား" ဟု မေးသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

မဟာအကြီးအကဲ က ခဏကြာ

လေးလေးနက်နက် တွေးတောပြီး

“ရိုးရိုးသားသား ပြောရရင်တော့

ယန်ကလန်ရဲ့ အဖွဲ့ဝင်တွေနဲ့ပတ်သက်ရင်

ငါ့အမြင်ကသိပ်မကောင်းဘူး”

ယန်ယဲ့ က အဘိုးအိုအား

တစ်ချက်ကြည့်လိုက်သည်။

"ဒီလူအိုကြီးက ငါ့ကို တိုက်ခိုက်ဖို့

မစဉ်းစားဘူးလား"

"ဒါပေမဲ့...." မဟာအကြီးအကဲက ဆက်ပြောသည် “ငါ့ဝူကလန်က ကြေညာထားတဲ့အတိုင်း သိမ်းယူခွင့်ပြုဖို့ ကတိပေးတယ်။ ဒါဟာ ထူးဆန်းတဲ့ဓား၊ တုန္ဒိုင်းမဲ့ နတ်ဓား လို့ပြောရမယ်။ ဓားသမားတစ်ယောက်ရဲ့ လက်ထဲမှာ ကျားတစ်ကောင်ကို အတောင်ပံထည့်သလိုပါပဲ။ ဒါပေမဲ့ မင်းယူသွားရင်တော့ တချို့အရာတွေကို

ထမ်းထားရမယ် မင်းဒီလိုလုပ်ဖို့

ဆန္ဒရှိသလား"

ယန်ယဲ့ က "ဘာတွေလဲ"

ဟုမေးလိုက်သည်။

မဟာအကြီးအကဲ က

"မင်းတကယ်သိချင်တာလား" ဟု

မမေးခင် အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့ က ခေါင်းညိတ်ပြီး

"ဟုတ်ပါတယ်"

အဘိုးအိုက ယန်ယဲ့အား

အချိန်အကြာကြီး ကြည့်နေပြီးနောက် “ငါ

မင်းကို မပြောဘူး” ဟုပြောလိုက်သည်။

May Be:

၁၉၅၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၅၇ - ဒီလောကမှာ

ဘယ်အရာမဆို အလကားမရဘူး

"ဒီလူ ငါ့ကိုမပြောဘူးလား" ယန်ယဲ့က

ဘာပြောရမှန်းမသိဖြစ်သွားသည်။

ယန်ယဲ့က စကားပြောရန်ပြင်လိုက်စဉ်

မဟာအကြီးအကဲက ရုတ်တရက်

ပြောခဲ့သည် “အဲဒီဓားပိုင်ရှင်က

ထူးခြားတဲ့ လက္ခဏာတစ်ခု ရှိတယ်။

မင်းသူ့ဓားကို

အမွေဆက်ခံပြီးကတည်းက

သူ့တာဝန်ကိုပါ အမွေဆက်ခံရမယ်။

ဒီတာဝန်က ဘာလဲဆိုတာတော့

အခုချက်ချင်းသိဖို့ မလိုပါဘူး။

အဲဒီဓားရဲ့ အသိအမှတ်ပြုမှုကို ရရှိပြီးတာနဲ့ မင်း သဘာဝကျကျ သိလာပါလိမ့်မယ်”

ဒီလောကမှာ ဘယ်အရာမှ အလကားမရဘူးပဲ.....

ယန်ယွဲ့ လည်း ထိုအချက်ကို သဘာဝကျကျ နားလည်ပါသည်။ သူက ခဏကြာ လေးလေးနက်နက် စဉ်းစားပြီး

“ဒီဓားကို ယူတာက ငါ့အတွက်
ကောင်းတာ ဒါမှမဟုတ် ဆိုးတာလား”

"ကောင်းတယ် ပြီးတော့ ဆိုးတယ်"
မဟာအကြီးအကဲ က “မင်း ဓားရဲ့
အသိအမှတ်ပြုတာကို ရပြီးတာနဲ့
လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်ခုရဲ့
အသိအမှတ်ပြုမှုပါ ရရှိမှာပါ။ ဒါပေမဲ့
ဒါဟာ မကောင်းတဲ့အရာတစ်ခုပါပဲ။
ဘာလို့လဲဆိုတော့ မင်း တာဝန်တချို့ ကို

အမွေ ဆက်ခံ ရမှာလေ" သူက

ခဏရပ်ပြီး “ဒီဓားရဲ့ နောက်ဆုံးပိုင်ရှင်

သေသွားပြီ။ ဒီတာဝန်ကြောင့်

သေသွားတာပဲ"ဟု ထပ်ပြောပါသည်။

ယန်ယဲ့ က “နောက်ဆုံးပိုင်ရှင်က

သန်မာသလား” ဟု မေးလိုက်သည်။

မဟာအကြီးအကဲ က ခေါင်းညိတ်ပြီး

“အရမ်းသန်မာတယ်။

ထာဝရတန်ခိုးရှင်အဆင့် ထက်

ကျော်လွန်တဲ့ တည်ရှိမှု"ဟု ပြန်ဖြေသည်။

ယန်ယဲ သည်

စကားမပြောနိုင်လောက်အောင်

ခံစားလိုက်ရသည်။

မဟာအကြီးအကဲ က “ဒါဆို

မင်းလိုချင်သေးလား” ဟု

ထပ်မေးလိုက်သည်။

ယန်ယဲ့ က “မင်းရဲ့ ဝူကလန် က ဒီဓားရှိတာကိုသိပေမယ့် သိမ်းမယူကြဘူး။ ကြောက်လို့လား"ဟု မေးလိုက်သည်။

မဟာအကြီးအကဲ က ခေါင်းခါလိုက်ပြီး “ငါ့ ဝူကလန် ရဲ့ မရေမတွက်နိုင်တဲ့ တပည့်တွေက အဲဒါကို လိုချင်တယ်။ ဒါပေမဲ့ ဘယ်သူမှ ဓားကို

ရွေးချယ်နိုင်တာ ဒါမှမဟုတ် ဓားက ရွေးချယ်တဲ့သူ မဟုတ်ကြဘူး။ အခု အဲဒီဓားက မင်းကို ရွေးလိုက်တာ"

ယန်ယဲ့ က ခေါင်းညိတ်ပြီး

“နားလည်ပါတယ်”

မဟာအကြီးအကဲက "ဒါဆို မင်းလိုချင်တာလား"

"ဟုတ်ပါတယ်" ယန်ယဲ့က ပြုံးပြီး

“ဒါအမှန်ပဲ။ ကံကြမ္မာနဲ့ ကံတရားကို

အကြိမ်ကြိမ် ယုံကြည်တယ်။

ဓားကိုတွေ့ပြီးကတည်းက

ငါ့ကိုရွေးချယ်ခဲ့တာဆိုတော့ ဒါဟာ

ကံကြမ္မာလို့ ငါယုံကြည်တယ်။

အရေးကြီးဆုံးကတော့ ဒါဟာ ငါ့ရဲ့

တိုက်ခိုက်ရေးစွမ်းရည်ကို

မြှင့်တင်ပေးနိုင်တာပါပဲ”

လက်ရှိတွင် သူ့အလိုအပ်ဆုံးအရာက ခွန်အားပင်မဟုတ်ပါလား။

"ငါ ပိုသန်မာလာရမယ်"

ထိုအချိန်တွင် မဟာအကြီးအကဲ က ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ကာ "မင်းက ယန်ယန်ရဲ့ လက်အောက်ခံ မဟုတ်ဘူးထင်ပါတယ်။ ငါမမှားရင် မင်းဟာ ယန်ကလန် ရဲ့

သခင်ငယ်တစ်ယောက်ပဲ မဟုတ်လား"ဟု ပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်ပြီး ပြုံးလိုက်သည် "မင်းငါ့ကို ထုတ်ပြမှာ မဟုတ်ဘူးလား"

မဟာအကြီးအကဲ က ခေါင်းခါလိုက်ပြီး "မင်းတို့ ယန်ကလန်ရဲ့ အရေးကိစ္စကို ငါဝင်မစွက်ဖက်ဘူး" သူက ခဏာရပ်ပြီး

“သူမက မင်းအတွက် ဘာလဲ” ဟု ဆက်ပြောသည်။

ယန်ယွဲ့ က "ငါ့ဇနီးပဲ" ဟု ခပ်ပြတ်ပြတ်ပင်ပြောလိုက်လေသည်။ အန်နန်ကျင်း က သူ၏ မိတ်ဆွေဟု သဘာဝအတိုင်း မပြောတတ်ပေ။ ဝူကလန် က အန်နန်ကျင်းကို အလေးအနက်ထားနေမှန်း သိသာ၏။ သူတို့က အန်နန်ကျင်းကို ရဖို့အတွက်

တတ်နိုင်သလောက်ကြိုးစားလာမည်မှာ

သေချာသလောက်ပင်။

သူ့အမြင်အရတော့ မျိုးနွယ်စုများ

အလေးအနက်ထားလာပါက ထိုလူကို

အတင်းအကြပ်ဆွဲသွင်းလေ့ရှိကြသည်။

ထို့အပြင် နည်းလမ်းကလည်း

ရိုးရှင်းပါသည်။ ၎င်းက အန်နန်ကျင်း

အား ဝူကလန် နှင့် လက်ထပ်စေခြင်းပင်။

ယန်ယဲ့ဟာ ဝူကလန်၏

မဟာအကြီးအကဲထံမှ ထိုအတွေးမျိုးကို

ခံစားမိလိုက်လေသည်။ သူက

အနာဂတ်ဖြစ်လာနိုင်ချေများကို

ကြိုပြိတ်ထားသည့်အနေဖြင့်

ခပ်ပြတ်ပြတ်သာ ပြောလိုက်သည်။ သူက

အိမ်ထောင်တစ်ခုကို အတင်းအကြပ်

ဖိအားပေးလုပ်ဆောင်ခိုင်းသည့်

အခြေအနေမျိုး မဖြစ်လိုပါ။

မဟာအကြီးအကဲ က ယန်ယဲ့ကို

စိုက်ကြည့်ကာ ခေါင်းညိတ်လိုက်ပြီး

“ငါနားလည်ပြီ။ ငါ ဒါကို

ဘယ်လိုလုပ်ရမလဲ။ ဘိုးဘေး

တံခါးပိတ်ကျင့်ကြံတာကနေ

ထွက်လာရင်  သူ့ကို မွေးစားဖို့

ဘိုးဘေးကို ငါပြောလိုက်မယ်။

အဆင်ပြေရဲ့လား"

ယန်ယဲ့ က  “မင်းရဲ့ ဘိုးဘေးက

သန်မာသလား” ဟု မေးလိုက်သည်။

မဟာအကြီးအကဲ က

"နဂါးငွေတန်းကြယ်စင်စု ရဲ့

အလယ်စကြာဝဠာမှာ

အစွမ်းထက်ဆုံးကျင့်ကြံသူတွေထဲက

တစ်ယောက်”ဟု

မထူးခြားသလိုပြောခဲ့သည်။

"အစွမ်းထက်ဆုံး တစ်ယောက်..." ယန်ယဲ့
က “ဒါက ပြဿနာမဟုတ်ဘူး” ဟူ၍
မြန်မြန်ပြန်ဖြေလိုက်သည်။

အန်နန်ကျင်း သည် ထိုကဲ့သို့
အင်အားကြီးနောက်ခံ ရှိနေလျှင်
နဂါးငွေ့တန်းကြယ်စင်စု၏
အလယ်စကြာဝဠာအနှံ့
ကန့်သတ်ချက်မရှိဘဲ
သွားလာနိုင်ပေမည်။

မဟာအကြီးအကဲ က ဆက်ပြောသည်

“မင်းတို့ ယန်ကလန်ရဲ့

ဆက်ခံသူတိုက်ပွဲက စတော့မယ်။ ဒါပေမဲ့

နှစ်ယောက်စလုံး အားနည်းနေသေးတယ်

။ ဒါကြောင့် လောလောဆယ် သူမက

ငါ့ဂူကလန် မှာ

ရှိနေမယ်လို့မျှော်လင့်ပါတယ်။

အချိန်ကျလာတဲ့အခါ သူမ

မင်းကိုကူညီချင်တယ်ဆိုရင်

ငါ့ဝူကလန်က လုံးဝတားမှာမဟုတ်ဘူး"

ယန်ယဲ့ က မဟာအကြီးအကဲ ကို

တစ်ချက်ကြည့်လိုက်ပြီး "လူအိုကြီး၊

မင်းရဲ့ ဝူကလန်က တကယ်ကို

နားလည်သဘောပေါက်လွယ်တဲ့အပြင်

ကျိုးကြောင်းဆီလျော်သလို

ခံစားရတယ်"

မဟာအကြီးအကဲ က ပြုံးပြီး "ဒါက

မင်းအတွက် ကောင်းတာ

ဟုတ်တယ်မလား"

သူက အနက်ရောင်သစ်သီးတစ်လုံးကို

ယန်ယဲ့ထံ ပစ်ပေးရင်း

“ပြန်လည်မွေးဖွားခြင်းသစ်သီး ။

မင်းအတွက် အထောက်အကူဖြစ်ရမယ်"

ယန်ယဲ့ က မယူသေးဘဲ “ဘာလို့လဲ” ဟု မေးလိုက်သည်။

သူ့အပေါ် ဝူကလန် ၏ သဘောထားက ရုတ်တရက်ကြီး တိုးတက်လာသည်မဟုတ်ပါလား။ နားလည်မှုနှင့် ကျိုးကြောင်းဆီလျော်ရုံသက်သက်မဟုတ်ဘဲ ပြန်လည်မွေးဖွားခြင်းသစ်သီး ပင်လျှင် ထုတ်ပေးနေ၏။ သူ့အတွက်

အခြေအနေက အနည်းငယ်တော့

ထူးဆန်းနေသလိုပင်။

မဟာအကြီးအကဲ က ပြုံးပြီး "ဒါဟာ

ငါ့ဝူကလန် ရဲ့ စေတနာကို

ပြသလိုက်တာပဲ။ ဘာ့ကြောင့်လဲဆိုတော့

အဲဒါနဲ့ ပတ်သက်ပြီး မင်းစိတ်ရှုပ်နေတာ။

ဟုတ်တယ်မလား"

ယန်ယဲ့ က ခဏတိတ်ဆိတ်သွားပြီး

“နောက်ထပ်

နှစ်လုံးလောက်ထပ်ရနိုင်မလား”

ဟုပြောလိုက်သည်။

မဟာအကြီးအကဲ က ယန်ယဲ့ကို

စိုက်ကြည့်ပြီး ပြုံးကာ "ဒါပေါ့"ဟူ၍

ပြန်လည်မွေးဖွားခြင်းသစ်သီး နှစ်လုံး

ပစ်ပေးလိုက်သည်။

ယန်ယဲ့ က သစ်သီး ၃ လုံးကို

လက်ခံယူလိုက်ပြီးနောက်

မဟာအကြီးအကဲ အား လက်သီးဆုပ်ကာ

“ကျေးဇူးတင်ပါတယ်”ဟု

ပြောလိုက်သည်။

မဟာအကြီးအကဲ က ခေါင်းညိတ်ပြီး

"ငါ့ဝူကလန် မှာပဲ

ပြန်လည်မွေးဖွားခြင်းအဆင့်ကို

ဝင်လိုက်ပါ။

ပိုလုံခြုံတယ်"ဟုပြောခဲ့သည်။

ယန်ယဲ့ က သူ၏လက်သီးဆုပ်ကို

ထပ်ခါလိုက်ပြီး "ကျေးဇူးတင်ပါတယ်"

ပြန်လည်မွေးဖွားခြင်းအဆင့်

သို့တက်လှမ်းခြင်းဟာ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် နှင့်

မတူပါ။ တစ်စုံတစ်ယောက်၏

စိတ်အသိနှင့် မူလဝိညာဉ်ကို

လူဝင်စားခြင်းကမ္ဘာ ထဲသို့ ပို့လွှတ်ရန်

လိုအပ်သည်။

ထိုကဲ့သို့သောအခြေအနေမျိုး၌

မူလခန္ဓာကိုယ်ဟာ

လုံးဝကိုအန္တရာယ်များခဲ့သည်။

လက်ရှိအချိန်တွင် ဝူကလန်က သူ့အား

အဆင့်တက်ဖို့နေရာတစ်ခုပေးနေသည်ဖြ

စ်ရာ ယန်ယွဲ့အတွက်တော့

သေချာပေါက်ကောင်းသည့်အရာတစ်ခု

ပါ။

မဟာအကြီးအကဲ က

သက်လတ်ပိုင်းအမျိုးသား ကို

လှည့်ကြည့်လိုက်ပြီး "ဝူမင်၊ သူ့ကို

လေ့ကျင့်ရေးခန်းမဆီ

ခေါ်သွားပါ။ဘယ်သူမှ

မနှောင့်ယှက်စေနဲ့"ဟု ပြောလိုက်သည်။

ဝူမင် ဟုခေါ်သောလူက ခေါင်းညိတ်ပြပြီး ယန်ယဲ့ ကိုကြည့်ကာ "ကျေးဇူးပြုပြီး ငါနဲ့လိုက်ခဲ့ပါ"

ယန်ယဲ့ က အနည်းငယ် ခေါင်းညိတ်ပြပြီးနောက်  ဝူမင် နှင့်အတူ ခပ်လှမ်းလှမ်းသို့လျှောက်သွားရင်း ပျောက်သွားခဲ့သည်။

ယန်ယဲ့ ထွက်သွားပြီးသည်နှင့်
မဟာအကြီးအကဲ၏ နောက်ကွယ်မှ
အဘိုးအိုတစ်ယောက် ပေါ်လာပြီး
"မဟာအကြီးအကဲ၊ မင်းက ဘာလို့ သူ့ကို
ဒီလောက်သဘောကောင်းနေတာလဲ"ဟု
မေးလိုက်သည်။

အဘိုးအိုက ယန်ယဲ့ ထွက်ခွာသွားသော
လမ်းကြောင်းဆီသို့
စူးစူးစိုက်စိုက်ကြည့်ကာ

အချိန်အတော်ကြာမှ “ငါတို့ရဲ့ဘိုးဘေး ပြန်ထွက်မသွားခင်မှာ ငါ့ကို ဘာပြောခဲ့လဲ သိလား။ ငါတို့ ဘိုးဘေးက သူ့ကို ငါတို့ အနား ဆွဲထားခိုင်းဖို့ ပြောခဲ့တယ်”

မဟာအကြီးအကဲ က
အသက်ပြင်းပြင်းရှူပြီး
ဆက်ပြောပါသည်
“တစ်စုံတစ်ယောက်က ငါတို့ဘိုးဘေးကို အထင်ကြီးအောင်လုပ်နိုင်တဲ့သူရှိမလား။

ဘယ်လောက်ခက်ခဲတယ်ဆိုတာ

မင်းသိမှာ သေချာပါတယ်။ ငါတို့

ဂူကလန် မှာရှိတဲ့ ထာဝရတန်ခိုးရှင်အဆင့်

နဲ့ခြေလှမ်းတစ်ဝက်ပဲဝေးတဲ့

ပါရမီရှင်တွေအကုန်လုံး

သူ့ကိုသဘောကျအောင်မလုပ်နိုင်ကြဘူး

။ ဒါပေမဲ့ စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ပဲ ရှိသေးတဲ့ ယန်ကလန်ရဲ့သခင်ငယ်က

သူ့ကို

အတော်လေးစဉ်းစားရကြပ်သွားစေတယ်
”

အဘိုးအိုရဲ့ နောက်ကွယ်မှ အဘိုးအိုက
“ဘာလို့လဲ။ သူ့အကြောင်း
ထူးထူးခြားခြား ဘာမှ
သတိမထားမိဘူး”ဟုပြောပါသည်။

"သူက ထူးထူးခြားခြား မဟုတ်ပါဘူး"
မဟာအကြီးအကဲ က ဆက်ပြောသည်

“တကယ်တော့ ငါတို့ဘိုးဘေးက ဘာမှမပြောဘူးဆိုရင်တောင် သူ့ကို ငါတို့အနားကို ဆွဲခေါ်ဖို့ ငါကြိုးစားမှာပဲ။ နတ်ဆားရဲ့ အသိအမှတ်ပြုတာကို ရတဲ့သူက ဘယ်လိုလုပ်ပြီး သာမန်လူဖြစ်နိုင်မှာတုန်း။ ယန်ကလန်ရဲ့ သခင်ငယ်တွေထဲမှာ ဘယ်သူက ဆားကျင့်ကြံသူဆိုတာ သွားပြီးစုံစမ်းပါ။

ဒါ့အပြင် ငါတို့ဝူကလန်ရဲ့ တပည့်တွေကို ယန်ကလန်ရဲ့ ဆက်ခံသူတိုက်ပွဲမှာ ပါဝင်လို့မရဘူးဆိုတာ အမိန့်ထုတ်ပြန်လိုက်။ အပြင်ထွက်လေ့ကျင့်ဖို့လုပ်နေတဲ့သူတွေ နဲ့ ပါဝင်ဖို့ပြင်နေတဲ့သူတွေကို အခုချက်ခြင်းပြန်လာခဲ့ဖို့ ပြောလိုက်ပါ”

အဘိုးအိုက ခေါင်းညိတ်ပြပြီး လှည့်ထွက်သွားသည်။

မဟာအကြီးအကဲ က အဝေးကို

လှမ်းကြည့်ကာ "ယန်ကလန်ရဲ့

ဆက်ခံသူတိုက်ပွဲဟာ အခုတစ်ကြိမ်မှာ

စိတ်ဝင်စားစရာ ကောင်းလာပြီ..."

...

ယန်ယဲ့ သည် လေ့ကျင့်ရေးခန်းမဆီသို့

ချက်ချင်း မဝင်သွားခဲ့ပေ။ သူက

ခဏာရပ်ပြီး ဝူမင် အား လှည့်ကြည့်ကာ

လုလီကူး ကို

သွားခေါ်ခိုင်းလိုက်သည်။

လုလီကူး က ယန်ယွဲ့ကို တွေ့သည့်အခါ

“မင်းအဆင်ပြေရဲ့လား”

ဟုမေးလိုက်သည်။

ယန်ယဲ့ က ခေါင်းယမ်းလိုက်ပြီး လုလီကူး ကို တစ်စုံတစ်ခုပစ်ပေးလိုက်ရင်း "ဒါက မင်းအတွက်ပဲ"

လုလီကူး က အနည်းငယ် ထိတ်လန့်သွားပြီး ယန်ယဲ့ထံ ပြန်လှန်လိုက်သည် "ဝူမျိုးနွယ်က မင်းကို ပေးလိုက်တာပဲ..."

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "ဝူကလန်က

ငါ့ကို သုံးလုံးပေးတယ်"

လုလီကူး က အံ့သြသွားသည် "သူတို့က

မင်းကို

အရမ်းသဘောကောင်းနေသလား"

ယန်ယဲ့ က ပခုံးတွန့်လိုက်ပြီး

"ဘာပဲဖြစ်ဖြစ် မင်းထွက်သွားမှာလား

ဒါမှမဟုတ် ဝူကလန်ဆီကို

ငါနဲ့လိုက်လာပြီး
ပြန်လည်မွေးဖွားခြင်းအဆင့် တက်ဖို့
ကြိုးစားမှာလား" ဟုမေးလိုက်သည်။

လုလီကူး က ခဏကြာစဉ်းစားပြီး "ငါ
အိမ်ပြန်ပြီး ပြင်ဆင်မှုတွေ လုပ်ရမှာပေါ့"
ဟု ပြန်ဖြေသည်။

ယန်ယွဲ့ က ခေါင်းညိတ်ပြီး “ကောင်းပြီ။
ဒါဆို နှုတ်ဆက်လိုက်ပါတယ်”

“မှန်တယ်” လုလီကူး က ရုတ်တရက် "မင်းနာမည်ကို ငါမသိရသေးဘူး"

"ယန်ယဲ... " ယန်ယဲ့က ပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။

"ယန်ယဲ့ လား...." လုလီကူး က အနည်းငယ် ထိတ်လန့်သွားပြီး "ဘာလို့ ဒီနာမည်ကို တစ်ခါမှ မကြားဖူးတာလဲ"

"ခဏစောင့်ပါ။ ငါ့နာမည်က

နဂါးငွေ့တန်းကြယ်စင်စု တစ်ခုလုံးကို

ပြန့်နှံ့သွားဖို့ သိပ်မကြာတော့ဘူး”

ယန်ယဲ့၏အသံက အဝေးမှ

ထွက်ပေါ်လာသည်။

...

ဝူမင် က ယန်ယဲ့ကို သိုင်းပညာကမ္ဘာ

ဆီသို့

ခေါ်ဆောင်သွားခဲ့သည်။ အမှန်တော့

သိုင်းပညာကမ္ဘာ သည်

သိပ်တော့ကြီးမားခြင်းမရှိပေ။

သိုင်းပညာမြို့တော် နှင့်

အရွယ်အစားတူညီပါသည်။ သို့သော်

၎င်းသည် သိုင်းပညာကမ္ဘာတစ်လျှောက်

အစွမ်းထက်ကျင့်ကြံသူအများဆုံးနေရာ

တစ်ခုပါ။

လေ့ကျင့်ရေးခန်းမ ။

ဝူမင် က ယန်ယဲ့ကို

သိုင်းပညာခန်းမတစ်ခုဆီ ခေါ်သွားပြီး

"ဒီကာလမှာ မင်းကို ဘယ်သူမှ

မနှောင့်ယှက်ဘူး။ ဟုတ်တယ်၊

မဟာအကြီးအကဲ က

မင်းတို့ယန်ကလန်ရဲ့ဆက်ခံရေးတိုက်ပွဲ

က တစ်လကြာရင်စတော့မယ်ဆိုတာ

မင်းကို သတိပေးခိုင်းလိုက်တယ်။

ပြန်လည်မွေးဖွားခြင်းအဆင့် ကို

အောင်အောင်မြင်မြင်နဲ့

တက်လှမ်းသင့်တယ်...”

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

“အဆင်ပြေပါတယ်။ ငါလုပ်မယ်"

ဝူမင်၏ မျက်ခုံးများ လှုပ်ယမ်းသွားပြီး

"ပြန်လည်မွေးဖွားခြင်းအဆင့် ကို

ရောက်ဖို့ အချိန်ဘယ်လောက်ကြာလဲ

သိလား"

ယန်ယွဲ့ က ခေါင်းယမ်းလိုက်သည်။

"သုံးနှစ်..." ဝူမင် က “သုံးနှစ် တိတိ။ ဒါ့အပြင် ငါတောင် အဲ့ဒီအချိန်တုန်းက ကျရှုံးခဲ့သည်။ ငါတို့ရဲ့ ဘိုးဘေးကြီးသာ မကယ်ရင် ငါသေလိမ့်မယ်။ ငါပြောနေတာက ပြန်လည်မွေးဖွားခြင်းအဆင့်က အဲ့လောက်မရိုးရှင်းပါဘူး။ ဒါကြောင့်

သေချာစဉ်းစားကြည့်တာ

အကောင်းဆုံးပါပဲ”

ယန်ယဲ့ က ခေါင်းညိတ်ပြီး

"သတိပေးတဲ့အတွက်

ကျေးဇူးတင်ပါတယ်"

ဝူမင် က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး “စိတ်မပူပါနဲ့။

ကျရှုံးခဲ့ရင်တောင် အဲဒီအထဲမှာ

ပိတ်မိနေမှာ မဟုတ်ပါဘူး။

မဟာအကြီးအကဲ က ကူညီပါလိမ့်မယ်။

ကောင်းပြီ၊ ကံကောင်းပါစေ"

ထိုစကားပြောပြီးသည်နှင့်

လှည့်ထွက်သွားသည်။

.....

မူလစေတီ၏ တတိယမြောက်အထပ် ။

ယန်ယဲ့ သည် ကြမ်းပြင်ပေါ်၌

တင်ပျဉ်ခွေလျက်ထိုင်ကာ

ပြန်လည်မွေးဖွားခြင်းသစ်သီးကို

ကိုင်ထားသည်။

အချိန်အတော်ကြာအောင်

စိုက်ကြည့်ပြီးနောက်

အသက်ပြင်းပြင်းရှူကာ

“ပြန်လည်မွေးဖွားခြင်းအဆင့်...

ကောင်းကင်ငယ်၊ ငါ့ကို စောင့်ပါ။

ယန်ယန်၊

ယန်တုံချင်း...မင်းတို့နှစ်ယောက်လည်း

အသတ်ခံရဖို့စောင့်နေကြ..."

ထိုစကားပြောပြီးသည်နှင့် ပြန်လည်

မေးဖွားခြင်းသစ်သီးကို

မျိုချလိုက်သည်။

May Be:

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၅၈ - လူဝင်စားသံသရာဆီသို့

ပြန်လည်မွေးဖွားခြင်းအဆင့် ။

၎င်းသည် မူလစိတ်ဝိညာဉ်အား

ပြန်လည်မွေးဖွားခြင်း သို့မဟုတ်

လူဝင်စားသံသရာဆီ ပို့လွှတ်ခြင်းကို

ဆိုလိုပါသည်။

လူတစ်ယောက်ဟာ

သံအပိုင်းအစတစ်ခုကဲ့သို့ပင်။

ထူးခြားပြောင်မြောက်သော

သံမဏိတုံးတစ်ခု ဖြစ်လာဖို့က

အကြိမ်ထောင်ပေါင်းများစွာ

ထုထောင်းပေးရလေသည်။

နှလုံးသားသည် လူတစ်ဦး၏

ပင်မအရင်းအမြစ်တစ်ခုပါ။

စိတ်အခြေအနေ မြင့်တက်လာမှသာလျှင်

လူတစ်ဦး၏

အတွင်းအသိစိတ်ပင်လယ်အသွင်ပြောင်း

လဲခြင်း နှင့်ပတ်သက်၍ ကောင်းမွန်သည့်

အရည်အသွေးပြောင်းလဲမှုဖြစ်နိုင်ပေမ

ည်။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် နှင့်
ပြန်လည်မွေးဖွားခြင်းအဆင့် ကြားမှ
ခြားနားချက်ဟာ လူတစ်ဦး၏
စိတ်အခြေအနေတွင် မူတည်နေသည်။
လူတစ်ယောက်၏ စိတ်အခြေအနေကို
မြှင့်တင်ပေးနိုင်သည့်
တစ်ခုတည်းသောနည်းလမ်းဟာ
အတွေ့အကြုံကနေတစ်ဆင့်
အခြေခံပါသည်။ ဘဝကို

တွေ့ကြုံခံစားခြင်း...၊

တစ်နည်းပြောရလျှင် ထိုအခြေအနေက

နှလုံးသားကို စစ်ခံတပ်ကဲ့သို့

သန်မာမှသာ။

လူတိုင်းဟာ ကိုယ်ပိုင် တာအိုနှလုံးသား

ရှိကြ၏။ သို့သော်

အချိန်ကြာလာသည်နှင့်အမျှ

အပြောင်းအလဲများ တိတ်တဆိတ်

ကြုံတွေ့ရပေလိမ့်မည်။ အစပိုင်းတွင်

ဆားကျင့်ကြံသူ ဖြစ်ချင်သည့်တိုင်

အင်အားကြီးလာသည်နှင့်

ဆားကျင့်ကြံသူမဖြစ်လိုတော့ဘဲ

ဆားသမားဖြစ်လာသူများပင်

ရှိနေသေး၏။

မည်သို့ပင်ဖြစ်စေ တာအိုနှလုံးသားကို

သစ္စာရှိရှိ ခိုင်မြဲအောင်

လုပ်ဆောင်ရပေမည်။

ထိုအချက်ကို နက်နက်ရှိုင်းရှိုင်း

နားလည်မှသာ

ပြန်လည်မွေးဖွားခြင်းအဆင့်ကို

တက်လှမ်းနိုင်ပေမည်။

လူအများအပြားက

ပြန်လည်မွေးဖွားခြင်းအဆင့်

သို့မတက်လှမ်းနိုင်သည့်

အကြောင်းရင်းမှာ

၎င်းတို့၏တာအိုနှလုံးသားကို

သစ္စာမစောင့်နိုင်ခြင်းကြောင့်ပင်။

သူတို့၏တာအိုနှလုံးသားများ

တုန်လှုပ်သွားကာ ယုံကြည်ချက်များ

ပြိုလဲသွားခြင်းကို ကိုယ်စားပြုသည်။

လူတစ်ဦးကို ထိမှန်သည့်

တစ်စုံတစ်ရာခံစားချက်ကြောင့်

ဘဝတစ်ခုလုံးပင်

ပြိုလဲသွားနိုင်လေသည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

လူဝင်စားခြင်းသံသရာထဲသို့

ဝင်ရောက်လာခဲ့သည်။

ပြန်လည်မွေးဖွားခြင်းအဆင့် သို့မဟုတ်

လူဝင်စားသံသရာဟာ

လောကီအတွေ့အကြုံများ၊

စိတ်ခံစားမှုများ၊

သွေးဆောင်မှုအမျိုးမျိုး၊

သေခြင်းတရားနှင့်

ထာဝရန္ဒုတ်ဆက်ပွဲများ ရှိခဲ့သည်။

သို့သော် ယန်ယှဲ့ အတွက်တော့

ဘာပြဿနာမှမရှိပေ။ သူသည်

ညဏ်အလင်းရခြားနှလုံးသားကို

ပိုင်ဆိုင်ထားလို့ပါ။

မည်မျှ ရှုပ်ထွေးနက်နဲသော

အခြေအနေပင်ဖြစ်စေ

သူ၏တာအိုနှလုံးသားက အမြဲလိုလို

ရှင်းလင်းပြီး သူ၏ယုံကြည်ချက်ကို မတုန်လှုပ်စေနိုင်ပါ။

ထိုအတိုင်းပင်၊ အချိန်များ တဖြည်းဖြည်း ကုန်ဆုံးသွား၏။

နောက် ၂ ရက်အကြာ ယ

နဂါးငွေ့တန်းကြယ်စင်စု။ ယန်ချင်းတိုက်ကြီး....။

ယန်ချင်းတိုက်ကြီး သည်

ယန်ကလန်၏လက်အောက်ခံကမ္ဘာဖြစ်

သည်။ ထို့အပြင် ယန်ကလန်၏

ဒုတိယမြောက်သခင်လေး

ယန်ယန်၏နယ်မြေပင်။

တစ်နည်းအားဖြင့် ယန်ကလန်က

ယန်။န်အား ကိုယ်ပိုင်နယ်မြေတစ်ခု

ပေးအပ်ထားသည့် တိုက်ကြီးဟု

ဆိုနိုင်သည်။

ယန်ကျင်း မြို့တော် ။

ဤအခိုက်အတန့်တွင်

အစိမ်းရောင်ဝတ်ရုံဝတ်အမျိုးသားတစ်

ဦးက ယန်ကျင်းမြို့၏

မြို့တံခါးများရှေ့သို့

ရုတ်တရက်ရောက်လာသည်။

သူ့နောက်ကွယ်တွင် လည်း

အဘိုးအိုသုံးဦးရှိနေသည်။

ထိုလူက မြို့ရိုးကို အကြာကြီး စိုက်ကြည့်ပြီးနောက် သူ့လက်ဝါးကို ရှေ့သို့ ရုတ်တရက် ပုတ်လိုက်သည်။ သူ့ရှေ့မှ အာကာသပြင်ဟာ ချက်ချင်း တုန်ခါသွားပါတော့သည်။

ဘုန်း...

ယန်ကျင်းမြို့တော်၏

ရောမမြို့ရိုးကြီးဟာ

ချက်ချင်းပြိုကျသွားသည်။

ဖုန်မှုန့်များနှင့် ကျောက်တုံး

ကျောက်ခဲများ လေထဲသို့

ပျံတက်သွားပြီး တစ်မြို့လုံးကို

အချိန်အတော်ကြာအောင်

ဖုံးလွှမ်းသွားသည်။

"ဘယ်လောက် ရဲတင်းလိုက်သလဲ"

မြို့တွင်းမှ ဒေါသတကြီးအော်သံက

ရုတ်တရက် ထွက်ပေါ်လာသည်။

တစ်ချိန်တည်းတွင်  ကောင်းကင်ကို

ဖုံးကွယ်ထားနိုင်သော

ရောမလက်ဝါးကြီးတစ်ဖက်

ကျဆင်းလာပြီး အောက်သို့

ဖိချသွားသည်။ ထိုခဏလေးမှာပဲ

သူတို့ခြေထောက်အောက်က မြေပြင်ဟာ ပြိုကျလာသည်။

သို့သော် ထိုလူငယ်၏ အမူအရာ သည် တည်ငြိမ်နေပြီး လက်ကို မြှောက်ကာ အပေါ်ဖက်သို့ ပုတ်လိုက်သည် ။

ခွမ်း....

ရောမလက်ဝါးကြီးက လေထဲ၌

ပေါက်ကွဲသွားပြီးနောက်

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော

အမျိုးသားက ရှေ့သို့

ခြေတစ်လှမ်းတိုးကာ လက်သီးကို ရှေ့သို့

ဆောင့်ထိုးလိုက်သည်။

ဘုန်း...

သူ့ရှေ့က မြေပြင်ကျယ်ကြီးဟာ
အက်ကွဲသွားသည်။ ထို့အပြင်
ယန်ကျင်းမြို့တော်ပါ
နှစ်ပိုင်းခွဲထုတ်လိုက်သည်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ" ထိုအချိန်တွင်
မြို့ထဲမှ  ဒေါသတကြီး အော်ဟစ်သံများ
ရုတ်တရက်ထွက်ပေါ်လာပြီးနောက်
အစွမ်းထက်အော်ရာ များ ပျံ့လွင့်လာ
ပါသည်။ သိပ်မကြာလိုက်ဘဲ

အစိမ်းရောင် ဝတ်လှုငယ်၏ ရှေ့၌
အဘိုးအို သုံးဦး ပေါ်လာကြသည်။
သို့သော် အစိမ်းရောင်ဝတ်လှုငယ်ကို
မြင်သောအခါ သူတို့၏အမူအရာများက
ပြောင်းလဲသွားသည်။

ရှေ့ဆုံးမှ အနက်ရောင်ဝတ်ရုံအဘိုးအို က
 “ခုနစ်ယောက်မြောက် သခင်လေး၊ ဒါက
ဘာအဓိပ္ပာယ်လဲ”

အစိမ်းရောင်ဝတ်လူငယ်က

ယန်ကလန်၏ သတ္တမမြောက် သခင်ငယ်

ယန်ရှင်း ပါ။

ယန်ရှင်းက အဘိုးအိုကို

ဘာမှမထူးခြားစွာ စိုက်ကြည့်ကာ

"အပိုစကားတွေရပ်ပြီးတော့

မင်းရဲ့သခင်ငယ်ကို ဒီကိုလာဖို့

ပြောလိုက်"

အဘိုးအိုက “သတ္တမမြောက်သခင်လေး၊ ငါတို့သခင်ငယ်က ဒီမှာ မရှိဘူး။ မင်းဒီကိုဘာလို့ရောက်နေတာလဲ ငါသိနိုင်မလား ငါ...”

"သူ ဒီမှာ မရှိဘူးလား"ယန်ရှင်း က အေးစက်စွာ ရယ်မောလိုက်သည်။ ထို့နောက် ရှေ့တစ်လှမ်းတိုးလာကာ လက်သီးကို ရှေ့သို့ လှမ်းထိုးလိုက်သည်။

ဂျုန်း…

ယန်ကျင်းမြို့တော် တစ်ခုလုံး
ချက်ချင်းပင် ပရမ်းပတာဖြစ်သွားသည်။
မြေငလျင်တစ်ခု လှုပ်ခတ်သွားသလို
မြို့ကြီးလည်း တုန်ခါသွားသည်။
တစ်ဆက်တည်း မြို့တော်မှ
မရေမတွက်နိုင်အောင်
ကျယ်လောင်သော အော်ဟစ်သံများ
ထွက်လာပါသည်။

အနက်ရောင်ဝတ်ရုံ အဘိုးအို၏

မျက်နှာသည် အေးစက်သွားကာ

“သတ္တမမြောက်သခင်လေး၊ ဒါက

ဒုတိယသခင်လေးရဲ့ နယ်မြေပါ၊

မင်းပိုင်တာ မဟုတ်ဘူး။ မင်း…”

ယန်ရှင်း က စကားမပြောဘဲ

သူ၏လက်သီးကို ရှေ့သို့

လှမ်းထိုးလိုက်သည်။

အုန်း…

ယန်ကျင်းမြို့၏ သုံးပုံနှစ်ပုံကျော်သည်
ချက်ချင်းပင်
ဖျက်ဆီးခံလိုက်ရလေသည်။

အနက်ရောင်ဝတ်စုံ အဘိုးအို၏
မျက်နှာသည် အေးစက်သွားကာ
သူ့မျက်လုံးများ လူသတ်လိုစိတ်များ

တလိပ်လိပ် ထွက်ပေါ်လာသည်။

ထိုအချိန်တွင် ယန်ရှင်းက အဘိုးအိုအား

ရုတ်တရက် စိုက်ကြည့်ကာ "ဘာလဲ။

မင်းငါ့ကိုသတ်ချင်နေတာလား။"

အနက်ရောင်ဝတ်ရုံအဘိုးအို က ယန်ရှင်း

ကို စိုက်ကြည့်ကာ "ငါမလုပ်ရဲပါဘူး"

ယန်ရှင်း က အေးစက်စွာ

ရယ်မောလိုက်ပြီး “ငါ သုံးအထိ

ရေတွက်လိုက်မယ်။ မင်းရဲ့သခင်ကယ်က

သူ့ကိုယ်သူပြဖို့ ငြင်းနေသေးရင်

သူ့နယ်မြေကို ငါဖျက်ဆီးမယ်။တစ်ခု..."

အနက်ရောင်ဝတ်ရုံအဘိုးအိုက

လက်သီးများကို ဖြည်းညှင်းစွာ

ဆုပ်ထားပြီး "သတ္တမမြောက်သခင်လေး၊

ငါ့မှာ ဒီနယ်မြေကို ကာကွယ်ပေးဖို့

အမိန့်ရှိတယ်။ မင်းတိုက်ခိုက်ရင်

ငါ့ထက်အာဏာရှိတဲ့သူကို
ဆင့်ခေါ်ရလိမ့်မယ်"

""နှစ်...." တစ်ချိန်တည်းမှာပဲ ယန်ရှင်းက
စကားပြောရင်း "မင်းရဲ့သခင်လေးက
သူ့ကိုယ်သူပြဖို့ ငြင်းရင် ဒီတိုက်ကြီး
ပျောက်သွားနိုင်တယ်"

ဟုပြောကာ တိုက်ခိုက်ရန်ပြင်သည်။
သို့သော် အသံတစ်သံက ရုတ်တရက်

ပွဲတင်ထပ်လာသည်

“ခုနစ်ယောက်မြောက် အစ်ကို၊ နင်က

ဆေးမှားသောက်မိလို့များလား။

နင်ဘာလို့ဒီလိုလုပ်နေတာလဲ"

ယန်ရှင်း က အဝေးကို

လှမ်းကြည့်လိုက်သည်။

အဝေးတစ်နေရာမှ

အစိမ်းရောင်ဝတ်စုံဝတ်

အမျိုးသမီးတစ်ဦး

ရုတ်တရက်ပေါ်လာသည်။ သူမက

အသက် ၂၀ ကျော်လောက်သာ ရှိနေ

သေး၏။ အမျိုးသမီးက

 သွယ်လျသောအသွင်အပြင်၊

လှပသောအသွင်အပြင်ရှိသော်လည်း

မျက်နှာပေါ်တွင်

အေးစက်စက်အမူအရာများသာရှိနေခဲ့သ

ည်။

ထိုအမျိုးသမီး ကတော့ ယန်ကလန်၏
တတိယမြောက်သခင်မ ယန်တုံချင်း ပါ။

ယန်ရှင်း က "ယန်ယန် ဘယ်မှာလဲ"

ယန်တုံချင်း က ယန်ရှင်း ဆီကို
လျှောက်သွားပြီး "နင် သူ့ကို ဒါမှမဟုတ်
ငါ့ကို ပြောပြရင် ဘာမှမထူးခြားဘူး"
ဟုပြောပြီးသည်နှင့်
သူမ၏နှုတ်ခမ်းပေါ်တွင် ထူးဆန်းသလို

အေးခဲနေသော

အပြိုးတစ်ခုပေါ်လာသည်။ သူမက

"ခုနစ်ယောက်မြောက် အစ်ကို၊ နှင်ငါ့ကို

ကျိုးကြောင်းဆီလျော်တဲ့

ရှင်းပြချက်မပေးဘူးဆိုရင် ဒီနေ့

ယန်ကျင်းတိုက်ကြီးကနေ

ထွက်သွားနိုင်မှာ

မဟုတ်ဘူး"ဟုပြောခဲ့သည်။

ယန်ရှင်း က အေးစက်စွာ ရယ်မောလိုက်ပြီး “တတိယညီမလေး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းဒါကို လုပ်နိုင်စွမ်းမရှိဘူး"

ယန်တုံချင်း က သူမ၏ညာလက်ကို ရုတ်တရက် ဝှေ့ယမ်းလိုက်သည်။ ထိုခဏမှာပဲ သူမ၏နောက်ကွယ်မှ အဘိုးကြီး ၅ ယောက် ပေါ်လာသည်။

ထာဝရတန်ခိုးရှင် ၅ ပါး ။

ယန်တုံချင်း က တခစ်ခစ်ရယ်ပြီး

“ဟုတ်ပါတယ်၊

ခုနစ်ယောက်မြောက်အစ်ကိုက

ဘယ်လောက်သန်မာတယ်ဆိုတာ

ငါသိပါတယ်။ ထာဝရတန်ခိုးရှင် ၅ ပါးကို

မပြေညနဲ့ နောက်ထပ် ၅

ပါးရှိနေရင်တောင်မှ

နင့်ကိုမသတ်နိုင်သေးဘူး။ ဒါပေမဲ့ အခု

နင့်ရဲ့နောက်မှာ

ရပ်နေတဲ့သူတွေကော။သူတို့

လွတ်မြောက်နိုင်ပါ့မလား"

ယန်ရှင်း၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားပြီး "ဘာလို့ အဲဒါကို

မစမ်းကြည့်တာလဲ"ဟု

အေးစက်စက်ပြန်ပြောလိုက်သည်။

"ဒါပေါ့..." ယန်တုံချင်း က ဆက်ပြောလိုက်သည် "ဒါပေမဲ့၊ ငါ အဲဒါကို အရင်ရှာချင်တယ်။ သတ္တမမြောက်အစ်ကို၊ ငါတို့ကြားမှာ ရန်ငြိုးမရှိပေမယ့် နင်ဒီကို ရုတ်တရက်ရောက်လာပြီး ယန်ကျင်းမြို့ကို ဖျက်ဆီးလိုက်တယ်။ ဘာကြောင့်လဲဆိုတာ ငါ တကယ်သိချင်မိတယ်"

"ဘာကြောင့်လဲ ဟုတ်လား" ယန်ရှင်း၏

မျက်နှာက ရက်စက်မှုများ

ဖုံးလွှမ်းသွားကာ "ယန်တုံချင်း၊ မင်း

ဆက်သရုပ်ဆောင်ဖို့

စိတ်ကူးရှိသေးလား"

သူ့ညာလက်ကို ဝှေ့ယမ်းလိုက်ရာ

ခေါင်းနပြတ်နှစ်လုံးက ယန်တုံချင်း

ရှေ့သို့ ကျသွားသည် "သူတို့က

မင်းရဲ့လက်အောက်ခံတွေမဟုတ်ဘူးလို့
မပြောနဲ့"

ထိုခေါင်းများကိုမြင်သောအခါ
ယန်တုံချင်း က မျက်နှာပျက်သွားသည်
"ယန်ရှင်း၊ ဒါက ဘာအဓိပ္ပာယ်လဲ"

"မင်းငါ့ကိုမေးနေတာလား" ယန်ရှင်း က
အေးစက်စွာပြောလိုက်သည်
"ယန်တုံချင်း၊ ငါတို့အားလုံး

ဆက်ခံသူပြိုင်ပွဲအတွက်

ရန်သူတွေဖြစ်နေကြတာ။ဒါပေမဲ့

မင်းနှစ်ယောက်လုံးကို ငါဘယ်တော့မှ

မစော်ကားခဲ့ဘူး။ ဒါပေမဲ့ မင်းကော။

မင်းက အလစ်စောင့်ဆိုင်းနေတာလေ။

ပြီးတော့ ငါ့ရဲ့ ကြိုးစားအားထုတ်မှု

အကျိုးအမြတ်တွေကို

အချောင်လုယက်လိုက်တယ်။

ငါထပ်ပြောမယ်၊ ယန်ယန်က

ငါ့အပိုင်ပစ္စည်းတွေကို ပြန်မပေးရင်
ပြိုင်ပွဲမစခင်မှာ သူ့ကိုသတ်ပစ်မယ်”

ယန်တုံချင်း၏ မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းသွားကာ
"ယန်ရှင်း၊ ငါ သူတို့နှစ်ယောက်ကို
လွှတ်လိုက်ပေမယ့် ဘာမှလုပ်ခိုင်းဘဲ
စုံစမ်းဖို့ လွှတ်လိုက်တယ်။ သူတို့ရဲ့
ခွန်အားကို အခြေခံရင် နင့်အတွက် သူတို့

ဘာမှ မလုပ်ပေးနိုင်ဘူးလို့
ငါယုံကြည်တယ် ဟုတ်ရဲ့လား”

"ဘယ်လောက်ရယ်စရာကောင်းလိုက်တာ
..." ယန်ရှင်း က ဆက်ပြောသည်
"ယန်တုံချင်း၊ မင်းက
ဆက်ပြီးဟန်ဆောင်နေမှာလား။
ငါသိချင်တာက မင်း ငါပိုင်တဲ့အရာကို
ပြန်ပေးမလား ဒါမှမဟုတ် အခေါင်းမြင်မှ
ခေါင်းညိတ်မှာလား"

ယန်တုံချင်း က "ငါ နင့်ကို

နောက်ဆုံးတစ်ခေါက် ထပ်ပြောပါရစေ။

ငါတို့မှာ နင်ပိုင်တဲ့အရာတစ်ခုမှ မရှိဘူး။

ဒါ့အပြင် သတိပေးစကားလေး

ပြောခွင့်ပြုပါ။ တခြားသူအသုံးချတာကို

မခံမိစေနဲ့"

May Be:

၁၉၅၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၅၉ -

ပြန်လည်မွေးဖွားခြင်းအဆင့်

"ဒါဆို မင်း ငြင်းလိုက်တာလား"

ယန်ရှင်းက

လူသတ်ချင်စိတ်အပြည့်ဖြင့်ပြောပြီး

နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

သူ ပျောက်ကွယ်သွားသည့်

တစ်ချိန်တည်းမှာပင် ယန်တုံချင်း၏

ပုံရိပ်ကလည်း ပျောက်ကွယ်သွားခဲ့သည်။

အုန်း…

မိုးချိန်းသံ ကဲ့သို့ ကျယ်လောင်သော

ပေါက်ကွဲသံတစ်ခု ရုတ်တရက်

ထွက်ပေါ်လာပြီး ယန်ကျင်းမြို့အထက်

အာကာသပြင်ဟာ ပြင်းထန်စွာ
တုန်ခါသွားခဲ့သည်။

ဘုန်း…

နောက်ထပ် ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီးနောက် ယန်ရှင်းနှင့်
ယန်တုံချင်း တို့နှစ်ဦးလုံး ၁၀
ကီလိုမီတာနီးပါး အကွာသို့
လွင့်ပျံလာကြသည်။

ယန်ရှင်း က ယန်တုံချင်း ကို

စူးစိုက်ကြည့်ကာ နောက်တစ်ကြိမ်

ထပ်ပြီးတိုက်ခိုက်ဖို့ပြင်လိုက်သည်။

သို့သော် ကောင်းကင်ထက်မှ

အသံတစ်သံက ရုတ်တရက်

ထွက်ပေါ်လာသည် “ပြိုင်ပွဲမစသေးဘူး။

ထားလိုက်ပါ”

ထိုစကားကြားသောအခါ ယန်ရှင်း၏

မျက်လုံးထောင့်များ

တုန်လှုပ်သွားသည်။သူက ကောင်းကင်ကို

မော့ကြည့်လိုက်ပြီး ယန်တုံချင်း ကို

စိုက်ကြည့်ရင်း "ခဏစောင့်နေ။

ပြိုင်ပွဲစတဲ့အခါ မင်းတို့နှစ်ယောက်ကို

အရင်သတ်မယ်"

ထိုစကားပြောပြီးသည်နှင့် သူနှင့်အတူ

လိုက်ပါလာသော အခြားအဘိုးကြီး

သုံးဦးနှင့်အတူ ကောင်းကင်ထက်သို့
ကွယ်ပျောက်သွားသည်။

ယန်တုံချင်း၏ လှပသော
မျက်ခုံးနှစ်ဖက်ကို တင်းတင်းကြပ်ကြပ်
ဖိထားသည်။ ထိုအချိန်တွင်
သူမ၏နောက်ကွယ်မှ
အဘိုးကြီးတစ်ယောက်က "မမလေး၊
တစ်ယောက်ယောက်က ငါတို့ကို

ချောက်ချနေတာလို့ငါထင်တယ်” ဟု ပြောပါသည်။

ယန်တုံချင်း၏ မျက်နှာက အေးစက်သွားသည် "အခုချက်ချင်းစုံစမ်းလိုက်"

အဘိုးကြီးက ခေါင်းညိတ်ပြီး ထွက်သွားသည် ။

၁ နာရီခန့်အကြာတွင် အဘိုးအိုက
ယန်တုံချင်း၏ နောက်ကွယ်မှ
ပြန်ပေါ်လာပြီး "မမလေး၊ ငါတို့
တကယ်ပဲ ချောက်ချခံနေရတယ်"
ဟုပြောကာ စာလိပ်တစ်လိပ်ကို
ယန်တုံချင်း ဆီ ပစ်ပေးလိုက်၏။

ယန်တုံချင်း က စာလိပ်ကို

ဖွင့်ဖတ်လိုက်သည်။ စာလိပ်ပါ

အကြောင်းအရာများကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

သူမ၏အကြည့်များသည်

ချက်ချင်းအေးစက်သွားခဲ့သည်။

ခဏအကြာတွင် သူမ၏လက်ကို

ဖိချလိုက်သည်။

ဖုန်း...

စာလိပ်က ကွဲထွက်သွားပြီး
ချေမှုန်းခံလိုက်ရသည်။

"လုလီကူး... အနက်ရောင်ဝတ်ရုံ...
ဝူကလန်..." ဟုပြောရင်း
သူမ၏မျက်လုံးထဲမှ လူသတ်လိုစိတ်များ
တဖျပ်ဖျပ်ခတ်နေခဲ့သည်။

ထိုအချိန်တွင် ကောင်းကင်ထက်မှ

ပုံရိပ်တစ်ခု ထိုးဆင်းလာပြီးနောက်

ယန်တုံချင်း နှင့်မနီးမဝေးကနေ

မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားသော

အမျိုးသားတစ်ဦး ပေါ်လာသည်။

ယန်တုံချင်း က အနည်းငယ်

မျက်မှောင်ကြုတ်ကာ “ဝမ်ယန် ပါလား”

ဝမ်ယန် ဟူသော လူငယ်က ဝမ်ကလန်၏ သခင်ငယ်တစ်ဦးဖြစ်သည်။

ဝမ်ယန် ဟုခေါ်လိုက်သော မီးခိုးရောင်ဝတ်လူငယ်က ယန်တုံချင်း ကို စိုက်ကြည့်ကာ “မြေကြီးဝိညာဉ်က ဘယ်မှာလဲ” ဟု မေးလိုက်သည်။

ယန်တုံချင်း က "ဝမ်ယန်၊ နင်ဘာပြောဖို့ကြိုးစားနေတာလဲ"

"ငါဘာပြောဖို့ကြိုးစားနေတာလဲ...ဟုတ်လား" ဝမ်ယန်၏ မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားကာ "ယန်တုံချင်း၊ မင်းရဲ့ အစ်ကိုကြီး က ငါ့ဝမ်ကလန်ပိုင်တဲ့နယ်မြေထဲကို ခိုးဝင်လာတဲ့အပြင် ငါ့ဝမ်ကလန်က ပြုစုပျိုးထောင်ပေးနေတဲ့ မြေဝိညာဉ်ကိုပါ ခိုးယူသွားခဲ့တယ်။ ပြီးတော့ သူက ငါ့ကို

ယန်ကလန်အထိလာရှာဖို့တောင်ပြော သွားသေးတယ်။ အခု ငါဒီမှာ။ ဒါတောင် မင်းက ငါ့ကို ဒီမှာ ဘာလုပ်နေတာလဲလို့ မေးဖို့ ကြိုးစားနေတာလား"

ယန်တုံချင်း က ကြောင်အမ်းအမ်းပင် ဖြစ်နေဆဲပါ။ ခဏအကြာမှ "ဝမ်ယန်၊ တစ်ယောက်ယောက်က ငါနဲ့ ငါ့အစ်ကိုကို အသုံးချနေတာ။ နင်က

တခြားသူရဲ့ လှည့်ကွက်ထဲကို
မဝင်မိစေနဲ့"

"အသုံးပြုခံလား..." ဝမ်ယန်က
အေးစက်စွာ ရယ်မောလိုက်ပြီး "ဘာလဲ။
မင်းတို့နှစ်ယောက်စလုံး သတ္တိရှိပေမယ့်
ဝန်မခံရဲကြဘူးလား။ အပိုစကားတွေ
တော်သင့်ပြီ။ ယန်ယန်ကို ထွက်လာဖို့
ပြောပါ။ ငါ မင်းတို့ယန်ကလန်က
သခင်လေးတွေရဲ့ ခွန်အားကို

အမြဲစမ်းသပ်ချင်ခဲ့တယ်။ ဒါကြောင့် ဒီနေ့ ငါ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပါ။ အဆင်ပြေလား?"

ယန်တုံချင်း က ထပ်ပြောသည် "ဝမ်ယန်၊ ဒါက ထူးဆန်းတယ်လို့ နင်မထင်ဘူးလား။ ငါတို့က နင့်ရဲ့ မြေဝိညာဉ်ကို တကယ်လုယူချင်တယ်ဆိုရင် အဲဒါကို

လုပ်ခဲ့တာလို့ နှင့်ကို ဘာလို့ပြောမှာလဲ။

နောက်ပြီး

ဆက်ခံသူတိုက်ပွဲကစတော့မှာမို့လို့

ငါ့အစ်ကိုက ဘာလို့

အကြောင်းပြချက်မရှိဘဲ

ရန်သူတွေလုပ်ရမှာလဲ"

"အဲ့ဒီအဖြေကို မင်းအစ်ကိုကပဲသိတယ်"

ဝမ်ယန် က အေးစက်စက်ပြောလိုက်သည်

"ယန်တုံချင်း၊ မင်းရဲ့ ဒုတိယအစ်ကိုက

ငါ့ဝမ်ကလန်ရဲ့ မြေကြီးဝိညာဉ်ကို
ခိုးယူတဲ့အပြင် ငါတို့ရဲ့
ထာဝရတန်ခိုးရှင်တွေကိုပါသတ်ပစ်လိုက်
သေးတယ်။ မင်းရဲ့ဒုတိယအစ်ကိုက
ယန်ကလန် ရဲ့ဆက်ခံသူဖြစ်ရင်တောင်
ငါ့ဝမ်ကလန်က သူ့ကို ဂရုမစိုက်သေးဘူး"

ယန်တုံချင်း က ဒေါသတကြီး
ပြန်ပြောသည် "ဝမ်ယန်၊ ငါတို့ နင့်ကို
မကြောက်ဘူး။ တစ်စုံတစ်ယောက်က

ငါ့အစ်ကိုနဲ့ ငါ့ကို တမင်ချောက်ချနေတာ။ ငါ့ကို အချိန်ခဏပေး။ အဲဒီလူကို ငါဖမ်းမယ်။နင်လည်း အသုံးချတာ မခံချင်ဘူးလို့ ငါယုံတယ် ဟုတ်တယ်မလား”

“ကောင်းပြီ” ဝမ်ယန် က “ငါ မင်းကို အချိန်ပေးမယ်။ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်း ကြိုပြောခွင့်ပြုပါ။ မင်းငါ့ကိုရှင်းပြချက်မပေးရင်…ဟမ့်၊

ဆက်ခံသူရာထူးအတွက် ယန်ကလန်ရဲ့ ပြိုင်ပွဲမှာ ငါဝင်စွက်ဖက်ဖို့ ရည်ရွယ်ချက်မရှိပါဘူး။ ဒါပေမဲ့ မင်းငါ့ကိုရှင်းပြချက်မပေးရင်တော့ ငါလုပ်ခဲ့တာတွေအတွက် အပြစ်မတင်ပါနဲ့"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက် နောက်လှည့်၍ ကောင်းကင်ထက်သို့ ပျောက်ကွယ်သွားခဲ့သည်။

ယန်တုံချင်း၏ မျက်နှာက

ကြောက်စရာကောင်းလောက်အောင်

မှုန်မှိုင်းနေသည်။နောက်ဆုံးတွင်

လက်ရှိအခြေအနေဟာ သူမအတွက်

အကူအညီမဲ့သလိုပထမဆုံးအကြိမ်

ခံစားမိလို့ပါ။

ခဏကြာ ငြိမ်သက်နေပြီးနောက်

ယန်တုံချင်းက အေးစက်စွာပြောလိုက်

"ယန်ရှန်းနဲ့ ယန်ရှီ၊ ဝူမျိုးနွယ်ကို

ခရီးထွက်ဖို့ ငါအမိန့်ပေးတယ်..

မဟုတ်ဘူး၊ ငါသူတို့နဲ့လိုက်မယ်။

ဘယ်သူက ငါတို့ကို ဒီလို

ချောက်ချနေသလဲဆိုတာ

ကြည့်ရအောင်"

...

မူလစေတီ ။

ကျင့်ကြံနေရင်းဖြင့် အချိန်များ

တဟုန်ထိုး ကုန်ဆုံးနေလေ၏။

ဤအတောအတွင်း

ယန်ယဲ့ သည်

လူဝင်စားသံသရာ(ပြန်လည်ဝင်စားခြင်း

သံသရာစက်ဝန်း)ထဲကို

ဝင်ရောက်ပြီးနောက် ၅ လဟူသော

ကာလထိပက် ကြာလာခဲ့သည်။

အပြင်ကမ္ဘာမှာတော့ လဝက်မျှသာ

ရှိနေသေး၏။

ဤကာလအတွင်း ယန်ယဲ့ သည်

ကျောက်တုံးရုပ်တုအဖြစ်

ပြောင်းလဲသွားပုံရသည်။ သူ၏

အပြင်ပန်းသွင်ပြင်က လုံးဝ

မပြောင်းလဲပါ။ သူ၏ အော်ရာကတော့

ပျောက်ကွယ်သွားခဲ့သည်။

သာမန်လူတစ်ယောက်လိုပါ။

ဤအခိုက်အတန့်မှာ ရှောင်ယု ရှီ၊ ဇီအာ နှင့် နှင်းပွင့်လေး တို့က ယန်ယဲ့နှင့် မလှမ်းကမ်း၌ ရပ်နေကြသည်။

ယန်ယဲ့က ပြန်လည်မွေးဖွားခြင်းအဆင့် သို့တက်လှမ်းတော့မည်ကို သိလိုက်သည်နှင့်သူတို့သုံးယောက်စလုံး အနားကနေမခွာကြပါ။ စိုးရိမ်တကြီးနှင့် အချိန်တိုင်းစောင့်ကြည့်နေခဲ့သည်။

နောက်ဆုံးတွင်

အနည်းငယ်သာမှားသွားသည်နှင့် ယန်ယွဲ့

ဟာ

ထာဝရနိုးထလာတော့မည်မဟုတ်ပေ။

နှင်းပွင့်လေးက ဇီအာ၏ ရင်ခွင်ထဲမှာ

အနားယူနေရင်းဖြင့် ယန်ယွဲ့ကို

လက်ညှိုးထိုးပြနေသည်။ သူမ၏

မျက်လုံးသေးသေးထဲ၌

စိုးရိမ်စိတ်အပြည့်ဖြင့် ဇီအာ ကို မော့ကြည့်လိုက်သည်။

ဇီအာ က နှင်းပွင့်လေး၏ ခေါင်းကို ညင်သာစွာ ပွတ်သပ်ပြီး "စိတ်မပူပါနဲ့။ မကြာခင် သူနိုးလာမှာပါ" ဟု တိုးတိုးလေးပြောလိုက်ပါသည်။

နှင်းပွင့်လေးက ခေါင်းညိတ်ပြပြီး သူမ၏လက်သည်းများကို

စတင်ဝှေ့ယမ်းလိုက်သည်။ သူမ

တစ်ခုခုပြောနေသလိုပင်။

ဇီအာ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“လောလောဆယ်တော့ သူ့ကို

နှိုးလို့မရသေးဘူး။ သူ

အိပ်စက်နေတာကနေ နိုးလာတာနဲ့ သူ့ကို

နင်နဲ့ ကစားခိုင်းလို့ ရပါတယ်"

နှင်းပွင့်က မျက်တောင်

မှိတ်တုတ်မှိတ်တုတ်ဖြင့် လုပ်နေသည်။

သူမ၏လက်သည်းလေးများကို

ထပ်ပြီးဝှေ့ယမ်းလိုက်ရန်ပြင်နေစဉ်

ယန်ယဲ့အား လှည့်ကြည့်မိလိုက်သည်။

သို့မဟုတ် သုံးယောက်စလုံး

ကြည့်လိုက်မိသည်။

ဤအခိုက်အတန့်မှာ

ယန်ယဲ့၏မျက်ခွံများသည်

အနည်းငယ်တုန်ခါသွားပြီးမှ

တဖြည်းဖြည်းပွင့်လာသည်။ သို့သော်

ယန်ယဲ့၏ မျက်လုံးထဲမှ

အမူအရာများသည် ထူးထူးခြားခြား

ငြိမ်သက်နေကာ

အသက်ကင်းမဲ့နေသလိုပင်။

ဝှစ်...

နှင်းပွင့်က

အဖြူရောင်အလင်းတန်းသဖွယ်ပြောင်း

ကာ

ယန်ယွဲ့၏ရင်ခွင်ထဲကိုပြေးဝင်သွားသည်။

ထို့နောက် သူမ၏မေးစေ့ကို

ယန်ယွဲ့၏ရင်ဘတ်မှ

အဆက်မပြတ်ပွတ်သပ်လိုက်သည်။

တစ်ဆက်တည်း

သူမ၏လက်သည်းများဖြင့်

ယန်ယဲ့၏လည်ပင်းကို

တင်းတင်းကြပ်ကြပ် ဖက်ထားသည်။

ယန်ယဲ့ ၏အကြည့်များက နှင်းပွင့်ကို

ငုံ့ကြည့်ကာ

အလွန်ငြိမ်သက်နေသည်။သို့သော်

သိပ်မကြာလိုက်ဘဲ သူ၏အကြည့်များက

တဖြည်းဖြည်း နူးညံ့လာသည်။

ယန်ယဲ့က နှင်းပွင့်၏ ခေါင်းကို ညင်သာစွာ ပွတ်သပ်လိုက်ပြီး ရှောင်ယုရှီ နှင့် ဇီအာ ကို စိုက်ကြည့်ကာ ပြုံးပြလိုက်သည် "ပြန်လာနိုင်တာ ကောင်းပါတယ်"

နှစ်ယောက်စလုံး ယန်ယဲ့ဆီကို လျှောက်လာကြသည်။ ရှောင်ယုရှီက ယန်ယဲ့၏လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး "အရေးကြီးတာက နင်

ပြန်ပြီးနိုးထလာဖို့ပါ"ဟုတိုးတိုးလေးပြော
သည်။

ယန်ယဲ့ က နှစ်ယောက်စလုံးကို
ပွေ့ဖက်လိုက်ပြီး
"အရမ်းကောင်းတယ်"ဟုနှစ်သိမ့်စကား
ပြောလိုက်လေသည်။

ဤကာလအတွင်း သူသည်
လူဝင်စားခြင်းသံသရာထဲ၌

အဖြစ်အပျက်များစွာကိုကြုံတွေ့ခဲ့ရသ

ည်။ သူ့တွင်

ညာဏ်အလင်းရစေသော နှလုံးသား

ပိုင်ဆိုင်ထားသည့်တိုင်

သူ၏စိတ်အခြေအနေဟာ

အပြောင်းအလဲများစွာကို

ကြုံတွေ့နေရဆဲပါ။

ဤတစ်ကြိမ်တွင်ကား သူဟာ

အမှန်တကယ်ပင် အချိန်နှင့်

ဘဝ၏ဖြတ်သန်းမှုအား

ကောင်းကောင်းခံစားမိခဲ့သည်။

ရှောင်ယု ရှီက အသံ

တိုးတိုးလေးမေးလိုက်သည် "နင်က အခု

ပြန်လည်မွေးဖွားခြင်းအဆင့် မှာလား"

ယန်ယဲ့ က ခေါင်းညိတ်ပြသည် "ဒါပေါ့"

အမှန်တိုင်းပြောရမည်ဆိုပါက

ပြန်လည်မွေးဖွားခြင်းအဆင့် နှင့်

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ကြားဟာ

ကြီးမားသောခြားနားချက် မရှိခဲ့ပါ။

တစ်ခုတည်းသော ခြားနားချက်မှာ

ပြန်လည်မွေးဖွားခြင်းအဆင့် ကို

တက်လှမ်းပြီးနောက် လူတစ်ဦး၏

စိတ်အခြေအနေက

ပြောင်းလဲသွားခြင်းပင်။ ထို့အပြင်

အခြားသော စွမ်းအင်ပုံစံအသစ်ဖြစ်သည့် ပြန်လည်မွေးဖွားခြင်းစွမ်းအင် (တစ်နည်း ရှင်သန်ခြင်းစွမ်းအင်) ရှိနေပေသည်။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ဟာ ယင်နှင့်ယန် စွမ်းအင် ရှိပြီး ပြန်လည်မွေးဖွားခြင်းအဆင့် ကို ရောက်ရှိသည်နှင့် ပြန်လည်မွေးဖွားခြင်းစွမ်းအင် ဖြစ်သွားပေမည်။

သို့သော် ပြန်လည်မွေးဖွားခြင်းစွမ်းအင်သည် ယန်ယဲ့အတွက်တော့ ယင်နဲ့ယန်စွမ်းအင် ကဲ့သို့ အသုံးမဝင်ပေ။

အကြောင်းမှာ သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့် ဓားစိတ်ဆန္ဒဟာ ပြန်လည်မွေးဖွားခြင်းစွမ်းအား ထက်ကျော်လွန်နေသောကြောင့် ပါ။

မှန်သည်၊ ပြန်လည်မွေးဖွားခြင်းအဆင့်

ကို တက်လှမ်းပြီးနောက် သူ၏ခွန်အားက

သိသိသာသာပင်တိုးတက်လာပါသည်။

လက်ရှိတွင် သူ၏ဓားကို

ထုတ်မသုံးသည့်တိုင်

ထာဝရတန်ခိုးရှင်များ နှင့်

ထိပ်တိုက်ရင်ဆိုင်နိုင်၏။ ထို့အပြင်

ဓားထုတ်သုံးပါက ထာဝရတန်ခိုးရှင်ကို

အသာလေးသတ်ပစ်နိုင်သည်ဟု

ယုံကြည်ခဲ့သည်။

အကယ်၍ သူသည်

အလစ်အငိုက်ဖမ်းသာတိုက်ခိုက်လျှင်

ထာဝရတန်ခိုးရှင်များဟာ

တုံ့ပြန်နိုင်စွမ်းမရှိခင်

ခေါင်းများပြုတ်တောက်သွားနိုင်လေသ

ည်။

ယုံကြည်မှု ။

ယန်ယဲ့ သည်
ပြန်လည်မွေးဖွားခြင်းအဆင့်
ကိုတက်လှမ်းပြီးနောက် သူ့ကိုယ်သူ
ပို၍ယုံကြည်လာပါသည်။

မှန်သည်၊ သူ့ကိုယ်သူ
စိတ်ကြီးဝင်နေသည်ထိတော့ မဟုတ်ပါ။
နောက်ဆုံးတွင်

လက်ရှိသူရောက်နေသောနေရာက

နဂါးငွေ့တန်းကြယ်စင်စု ပါ။

မရေမတွက်နိုင်အောင် ထူးခြားလှသော

ပါရမီရှင်များနှင့် ပြည့်နှက်နေပါသည်။

အားလုံးက

အဆင့်ကျော်တိုက်ခိုက်နိုင်သူများ

ဖြစ်လေရာ

အနည်းငယ်သတိလွတ်သည်နှင့်

ငရဲရောက်သွားနိုင်၏။

အခြားမည်သူ့ကိုမျှ မပြောလိုပါ၊

သူ့လက်ထဲရှိ သွေးရုပ်သေးနှစ်ကောင်မှ

တစ်ကောင်ကိုပင်

အနိုင်ယူနိုင်စွမ်းအပေါ်မယုံကြည်ပေ။

သို့မဟုတ်

သွေးရုပ်သေးတစ်ကောင်ကိုပင်

အနိုင်ယူဖို့ က အခွင့်အရေး ၃၀

ရာခိုင်နှုန်းသာလျှင်

ရှိသည်ဟုပြောရပါမည်။

သို့သော် သူက

ထိပ်တိုက်ရင်နိုင်စွမ်းတော့ရှိ၏။

May Be:

၁၉၆၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆၀ - စတုတ္ထမြောက်အထပ်

ယန်ယဲ့သည် မူလစေတီ၏

တတိယမြောက်အထပ်မှ

ချက်ချင်းထွက်လာခဲ့သည်။

ဤအတောအတွင်း ရှောင်ယု ရှီ နှင့်

အခြားသူများနှင့် အတူနေခဲ့သည်။ သူက

ထိုကလေးသုံးယောက်ကို ၂ ရက်လောက်

အချိန်ပေးခဲ့ပါသည်။

အပြင်းအထန်ကျင့်ကြံပြီး

သန်မာလာဖို့က အရေးကြီးသော်လည်း

ယန်ယဲ့အတွက်တော့

သူ၏မိသားစုသာလျှင်

ပိုအရေးကြီးပါသည်။

အခြားအရာများအတွက်နှင့်

သူ၏မိသားစုကို လျစ်လျူမရှုချင်ပေ။

တတိယမြောက်နေ့မှ ယန်ယဲ့ သည်

ဒုတိယ်ထပ်ကို ပြန်ဆင်းလာသည်။

ဤအခိုက်အတန့်မှာ ယန်ယဲ့ သည်
ရှောင်ချီ၏ ကုတင်ဘေးနား၌
တိတ်တဆိတ် ရပ်နေသည်။

ရှောင်ချီ က ကောင်းကင်ငယ်၏
အကူအညီဖြင့်
သတိပြန်လည်လာနိုင်သည်။ သို့သော်
လက်ရှိတွင် ကောင်းကင်ငယ်က
အဖမ်းခံထားရ၏။

ထိုစဉ်

ရှောင်ချီ၏လက်ချောင်းလေးများက

အနည်းငယ် တုန်ခါသွားသည်ကို

သတိထားမိလိုက်သည်။

ယန်ယဲ့ သည် ထိုမြင်ကွင်းကြောင့်

အံ့အားသင့်သွားပြီးနောက် သူ့စိတ်ထဲ၌

အလွန်ဝမ်းသာသွားသည်။

သူမ၏လက်ကို အမြန်ဆွဲကိုင်လိုက်ပြီး

"ရှောင်ချီ၊ နံပါတ် ၇ မင်းသမီး ရှောင်ချီ
လား"

သို့သော်လည်း တုံ့ပြန်မှု မရရှိခဲ့ပေ။

ယန်ယဲ့ က ရှောင်ချီ ဟူသော နာမည်ကို
အကြိမ်ကြိမ်
ခေါ်ကြည့်လိုက်သည်။သို့သော်လည်း
တုံ့ပြန်ခြင်း မရှိခဲ့ပါ။ ယန်ယဲ့၏
မျက်နှာပေါ်ရှိ အပြုံးများသည်

တဖြည်းဖြည်း
ပျောက်ကွယ်သွားခဲ့သည်။

၁ နာရီခန့်ကြာသွားသည့်တိုင် ရှောင်ချီက
နောက်ထပ် လှုပ်ရှားမှုတစ်စုံတစ်ရာ
သို့မဟုတ် နိုးထလာမည့် လက္ခဏာ
မပြသေးပါ။

ယန်ယဲ့ သည် နေရာတွင် အကြာကြီး
နှုတ်ဆိတ်နေပြီးမှ "ရှောင်ချီ၊

မင်းငါ့စကားကို ကြားနိုင်မလား မသိဘူး။
ငါပြောပြချင်တာက အခုလက်ရှိမှာ
နဂါးငွေ့တန်းကြယ်စင်စုကို
ရောက်နေပြီဆိုတာပဲ။
ငါမင်းကိုစောင့်နေမယ်၊
မင်းနိုးလာမှာကိုစောင့်နေမယ်"ဟုပြောလို
က်ပါသည်။

ထိုစကားပြောပြီးသည်နှင့် တစ်ဖက်ကို
လှည့်၍ နတ်ဆေးမီးဖိုဆီသို့
လျှောက်သွားသည်။

အထဲမှ မီးတောက်မီးလျှံများ
တမြည့်မြည့် လောင်ကျွမ်းနေလေသည်။
ထို မီးတောက်က နတ်ယင်မီးတောက် ပါ။

နတ်ယင်မီးတောက်၏ မီးစိတ်ဝိညာဉ်က
သတိပြန်မလာသေးသဖြင့်

ယန်ယွဲ့၏မျက်လုံးများက

စိတ်ပျက်လက်ပျက် ပေါ်လာသည်။

ယန်ယွဲ့က ခေါင်းယမ်းပြီး

နောက်ပြန်လှည့်သွားလိုက်သည်။

"ငါတို့က အခု နဂါးငွေ့တန်းကြယ်စင်စု

မှာရောက်နေပြီး" အခန်းထဲမှ

ထွက်သွားခါနီးမှာပဲ အသံတစ်သံ

ရုတ်တရက် ထွက်ပေါ်လာသည်။

ယန်ယဲ့က အသံကို ကြားသောအခါ

ချက်ချင်းရပ်လိုက်ပြီး လှည့်ကြည့်ကာ

“မင်းနိုးလာပြီလား”ဟူ၍

နတ်ဆေးမီးဖိုကို စိုက်ကြည့်လိုက်သည်။

သူ့အား ပြောလိုက်သူက

နတ်ယင်မီးတောက်၏ အသံပါ။

နတ်ယဉ်မီးတောက်က

"ငါနိုးတာမကြာသေးဘူး"

ယန်ယဲ့ က "တောင်းပန်ပါတယ်"ဟူ၍

လေးနက်စွာပြောလိုက်သည်။

နတ်ယင်မီးတောက် အိပ်စက်သွားခြင်း

နှင့်ပတ်သက်၍ကား သူ့ကိုယ်သူ

အပြစ်ရှိသလိုခံစားရလေသည်။

နတ်ယဉ်မီးတော်က “အဲဒါ မလိုပါဘူး။
မင်းအတွက်မဟုတ်ရင်
ငါအိပ်ငိုက်နေလိမ့်မယ်။ ဒါမှမဟုတ်
ပိုတိကျအောင် ပြောရမယ်ဆိုရင်
ကျေးဇူးတင်ပါတယ်”

ယန်ယွဲ့က "မင်း အိပ်ပျော်နေခဲ့တာလား"

“ဟုတ်တယ်” နတ်ယဉ်မီးတော်က
ဆက်ပြောသည် “တကယ်တော့ ငါ့ကို

ချိတ်ပိတ်ထားတာပဲ။ အခုချိန်ထိ

တံဆိပ်ခတ်ထားပေမယ့် အခုက

မတူတော့ဘူး။ အရင်တုန်းကဆိုရင်

ငါ့အသိစိတ်တွေတောင်

ချိတ်ပိတ်ခံထားရတယ်။ ဒါပေမဲ့ မင်း

ဒီအဆင့်ကို ရောက်သွားတော့ အဲဒါက

ငါ့အသိစိတ်ကို သွယ်ဝိုက်ပြီး

ဖြေရှင်းပေးသွားခဲ့တယ်”

ဒါဆို ဒီလိုဖြစ်သွားတာကိုး " ယန်ယဲ့က

ခေါင်းညိတ်ပြပြီး “ဘာပဲဖြစ်ဖြစ်

အဲဒီနေ့က ငါ့ကို ကူညီတဲ့အတွက်

ကျေးဇူးတင်ပါတယ်။ ဟုတ်တယ်၊

မင်းကို ဒီကနေ ဘယ်လို

လွှတ်ပေးရမလဲ"ဟုထပ်မေးလိုက်သည်။

နတ်ယဉ်မီးတော်က “မင်း

မလုပ်နိုင်သေးဘူး” ဟု ပြန်ဖြေသည်။

"ဘာလို့လဲ... " ယန်ယဲ့က အံ့ဩသွားသည်
“ငါက ဒီမူလစေတီရဲ့ ပိုင်ရှင်မဟုတ်လား”

"မရသေးဘူး" နတ်ယဉ်မီးတောက်က
ဆက်ပြောသည် “မင်းက
အားနည်းလွန်းတော့ တကယ်
မထိန်းချုပ်နိုင်သေးဘူး။ မူလစေတီကို
အပြည့်အဝထိန်းချုပ်နိုင်ရင်တော့

ငါ့ကို

လွှတ်ပေးနိုင်လိမ့်မယ်"ဟုပြောပါသည်။

"ငါအရမ်းအားနည်းနေသေးတယ်... "

ယန်ယဲ့၏ မျက်နှာထက်၌

ထူးဆန်းတဲ့အမူအရာရှိနေသည်။

ထိုအချိန်တွင် နတ်ယဉ်မီးတောက်က

“တကယ်တော့ မင်းက

သိပ်အားနည်းတာမဟုတ်ဘူး။ မင်းက

'မူလတာအို' အဆင့်နဲ့ ထိတွေ့ဖို့ နီးစပ်နေပြီ"ဟု ရှတ်တရက်ပြောခဲ့သည်။

ယန်ယဲ့ က အံ့အားသင့်သွားသည်

"မူလတာအိုအဆင့် လား။ ဘာကိုဆိုလိုတာလဲ"

နတ်ယဉ်မီးတောက်က “မင်း မကြာခင် သိလာလိမ့်မယ်” ဟုသာ ပြန်ဖြေခဲ့သည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး

ထပ်မမေးတော့ပေ။ သူ့စိတ်ထဲ၌

အခြားအရာတစ်ခုခုကို စဉ်းစားနေပုံရပြီး

"ဟုတ်တယ်၊ နောက်အဆင့်ကို

ဘယ်အချိန်တက်နိုင်မလဲ"

ဟုမေးလိုက်သည်။

သူက မူလစေတီ၏

စတုတ္ထမြောက်အထပ်သို့

တက်ချင်နေခဲ့လေသည်။

သို့သော် မူလစေတီက သူ့အား

ဝင်ခွင့်ပေးသည့်အရိပ်အယောင်တောင်

မပြခဲ့ပေ။ ထိုအခြေအနေက ယန်ယဲ့ကို

အတော်လေး စိတ်ဓာတ်ကျစေသည်။

စင်စစ်အားဖြင့် မူလစေတီ၏

အထပ်တိုင်းဟာ ထူးခြားဆန်းကြယ်သော

အကျိုးအမြတ်များရလေ့ရှိသောကြောင့်

ပင်။ ထို့အပြင် သူသည် မူလစေတီ၏

စတုတ္ထမြောက်အထပ် အကြောင်းကို
သိချင်မိသည်။

နတ်ယဉ်မီးတောက် က
“နောက်တစ်ဆင့်လား"

ယန်ယွဲ့က "ဟုတ်တယ်လေ..."

"မင်း အခုချက်ချင်း ဝင်ကြည့်လို့ရတယ်"

နတ်ယဉ်မီးတောက် က “အဲဒါကို

မင်းမသိဘူးလား”

ယန်ယဲ့က စကားမပြောနိုင်ဘဲ

အတော်ကြာကြာ အံ့အားသင့်သွားသည်။

ခဏအကြာတွင် သူ၏မျက်လုံးများက

အရောင် တဖျပ်ဖျပ်ဖျတ်လတ်ပြီး “ငါ

အခု

လုပ်နိုင်မလား”ဟုမေးလိုက်ပါသည်။

“ဒါပေါ့… ” နတ်ယဥ်မီးတောက် က

“တကယ်တော့ မူလစေတီမှာ

တခြားအဆင့်ကို ဝင်ဖို့ ကန့်သတ်ချက်

မရှိဘူး။ အဲဒီလူက အဆင့်တွေကို

မင်းလက်လှမ်းမမီနိုင်အောင်

ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာ

ဖြစ်နိုင်တယ်”ဟုပြောခဲ့သည်။

ယန်ယွဲ့သည် "အဲဒီလူ" ဟူသောစကားကို
သဘာဝကျကျ နားလည်သောကြောင့်
သူက "ဘာလို့လဲ" ဟု မေးလိုက်သည်။

နတ်ယဉ်မီးတောက် က “မင်းရဲ့
အင်အားက မလုံလောက်လို့ပဲ။
မူလစေတီထဲမှာ ဒီလောကမှာမရှိတဲ့
အရာတွေအများကြီးပါတယ်။
အဲဒါတွေက ဒီလောကထက်

အများကြီးဆန်းကြယ်သလို ဒီလောကရဲ့

နာယခည်မှုထက်တောင်မှ

ကျော်လွန်နေတယ်။

လုံလောက်တဲ့ ခွန်အားမရှိရင် သူတို့ကို

ထိန်းချုပ်လို့ မရပါဘူး။ ငါ့လိုပဲ။

မင်းရဲ့ခန္ဓာကိုယ်ဟာ

အတိုင်းအတာတစ်ခုအထိ

သန်မာမလာဘူးဆိုရင် ငါ့ရဲ့ခွန်အားကို

အတင်းအကြပ်အသုံးချလိုက်တဲ့အခါမှာ

ချက်ချင်းမီးလောင်ခံရပြီးသေသွားနိုင်တယ်"

နတ်ယဉ်မီးတောက် က ခဏရပ်ပြီး “နားလည်လား။ အဲဒါက မင်းကို ကန့်သတ်တာ မဟုတ်ဘူး၊ မင်းကို ကာကွယ်ပေးနေတာပဲ"ဟုထပ်ပြောသည် ။

"ငါ့ကိုကာကွယ်နေတာလား" ယန်ယဲ့က ပြုံးမဲ့သက်သွားသည်။ နတ်ယင်မီးတောက် ပြောလိုက်သောစကားကို သံသယမဝင်ပါ။ မူလစေတီက သူနှင့် ဆက်သွယ်ခြင်းမရှိသည့်တိုင် ၎င်းဟာ အမြဲကူညီခဲ့သည်ကို မငြင်းနိုင်ပေ။

ထိုအချိန်တွင် နတ်ယဉ်မီးတောက် က ဆက်ပြောလေသည် "တကယ်တော့ တခြားရွေးချယ်စရာမရှိတော့လို့ မင်းကို

သူ့ရဲ့သခင်အဖြစ်ရွေးချယ်ခဲ့တာပဲ။ အခုတော့ မင်းက အဲဒီလူရဲ့ အသိအမှတ်ပြုတာကိုတောင်ခံထားရတယ်။ ဒါ့အပြင် မူလစေတီက မင်းကို ကူညီပေးတယ်၊ ဘယ်တော့မှ ဒုက္ခမရောက်စေခဲ့ဘူး။ ဒါပေမဲ့ မင်းဟာ အမြန်ဆုံးသန်မာလာဖို့လုပ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့လက်ရှိအင်အားက အဲဒါကို

တကယ်ထိန်းချုပ်ဖို့ မလုံလောက်လို့ပါ။

မဟုတ်ရင် သူ့ကို ကူညီဖို့မတတ်နိုင်ဘူး"

ယန်ယဲ့ က အံ့သြသွားပြီး

"ကူညီရမှာလား။ဘာကိုဆိုလိုတာလဲ"

ဟုမေးလိုက်သည်။

နတ်ယဉ်မီးတောက် က

အချိန်အတော်ကြာအောင်

တိတ်ဆိတ်သွားသည် "ရှောင်ချီ

ခိုးယူသွားတုန်းက

ဒဏ်ရာကြီးကြီးမားမားရသွားတာပဲ။

ဒါကြောင့် မင်းခန္ဓာကိုယ်ထဲမှာ

ပုန်းအောင်းပြီးတော့

ပြန်ပြီးကုသဖို့လုပ်နေတာပဲ။

မင်းလုပ်သလို

မူလစေတီအားကောင်းလာတာကို မင်း

သတိထားမိတာ သေချာပါတယ်။

ဟုတ်တယ်မလား"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်။

အမှန်ပင်၊ မူလစေတီဟာ ယခင်က

ဆန်းကြယ်ရွှေချီကန် လေးတစ်ခုမျှသာ။

လက်ရှိတွင် ၎င်းက

ထာဝရတန်ခိုးရှင်များကိုပင်

ဖိနှိပ်ထားနိုင်သည်။ နောက်ဆုံးတွင်

ထိုသွေးရုပ်သေး ၂ ရုပ်က သာမန်

ထာဝရတန်ခိုးရှင်များ မဟုတ်ခဲ့ပေ။

အထွတ်အထိပ် ထာဝရတန်ခိုးရှင်များ

ဖြစ်ကြသည်။ သို့ရာတွင် မူလစေတီ က အသာအယာပင် ဖိနှိပ်ခဲ့သည်။

နတ်ယဉ်မီးတောက် က “မင်း နောက်ထပ်အဆင့်ကို မတက်ချင်ဘူးလား။ မျက်စိမှိတ်ပြီး အာရုံခံလိုက်ပါ။ သေသေချာချာမှတ်သားပါ"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

မျက်လုံးကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။ အသက်ရှူ

၅ ရှိုက်စာခန့်အကြာတွင်တော့

မျက်လုံးကို ဖြည်းညှင်းစွာဖွင့်လိုက်ပြီး

"တွေ့ပြီ..."

ထိုစကားပြောပြီးနောက် ယန်ယဲ့၏ပုံရိပ်

က ဖျတ်ခနဲ ပျောက်သွားသည်။

ခဏအကြာတွင် ယန်ယဲ့ သည်
တံခါးချပ်ရှေ့၌ ပေါ်လာခဲ့သည်။
တံခါးချပ်ပေါ်၌ ခရမ်းရွှေရောင်
ခြင်္သေ့ရုပ်တုတစ်ခု ရှိနေခဲ့သည်။

ယန်ယဲ့ သည် ခဏမျှ ငြိမ်သက်နေပြီးမှ
လက်ကို ဆန့်ထုတ်လိုက်သည်။ သို့သော်
ခရမ်းရွှေရောင်ခြင်္သေ့ရုပ်တုက
ရုတ်တရက် လွင့်ပျံလာကာ သူ့ရှေ့တွင်
ရပ်သွားသည်။

ချပ်...ချပ်....

ထိုအချိန်မှာပဲ သူ့ရှေ့မှ တံခါးချပ်က အသံမြည်လျက် ဖြည်းညှင်းစွာ ပွင့်လာသည်။

ယန်ယဲ့က အထဲကို မဝင်ခဲ့ဘဲ သူ့လက်ထဲမှ

ခရမ်းရွှေရောင်ခြသေ့်ရုပ်တုကို
တစ်ချက်ငုံ့ကြည့်လိုက်သည်။

ထိုအချိန်တွင် တံခါး၏နောက်ကွယ်မှ
ဆိုးညစ်သော အရိုန်အဝါတစ်ခု ထွက်
ပေါ်လာသည်။

ယန်ယဲ့၏ အမူအရာသည်
ချက်ချင်းပြောင်းသွားသည်။ သူက
ခြသေ့်ရုပ်တုကို အမြန်ဖယ်လိုက်ပြီး

ညာလက်သီးကို ရှေ့သို့
လှမ်းထိုးလိုက်သည်။

အုန်း...

ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ သည် ၁၀
ကီလိုမီတာနီးပါး အကွာသို့
လွင့်ထွက်လာခဲ့သည်။
သူ့ကိုယ်သူရပ်လိုက်သည်နှင့်

ပါးစပ်ထောင့်မှ သွေးများ ချက်ချင်း

စိမ့်ထွက်လာသည်။

ယန်ယဲ့ သည် ပါးစပ်ထောင့်မှ

စီးကျလာသော သွေးများကို

သုတ်လိုက်ပြီး တံခါးကို

မော့ကြည့်လိုက်သည်။

တံခါး၏နောက်ကွယ်မှ

အနက်ရောင်အမှောင်ထုသာ ရှိနေ၏။

ဘာကိုမှ မမြင်ရပေ။

"အထဲမှာ တစ်ယောက်ယောက်ရှိသလား။

ဒါမှမဟုတ် နတ်ဆိုးတစ်ကောင်

ဖြစ်နိုင်သလား" ယန်ယွဲ့ သည်

အချိန်အတော်ကြာ

တိတ်ဆိတ်နေလေသည်။ ထို့နောက်တွင်

သူ၏ပုံရိပ်က တောက်ပလာပြီး

ဒုတိယမြောက်အထပ်ကို

ပြန်ဆင်းသွားတော့သည်။ သူက

နတ်ဆေးမီးဖိုရှေ့တွင် ပေါ်လာပြီး

“အဲဒီမှာ ဘာရှိလဲ” လို့ မေးလိုက်သည်။

သူက အထဲကိုမဝင်ခင်

အရင်ဆုံးသိထားရပေမည်။

စတုတ္ထမြောက်အထပ်မှ

အန္တရာယ်ကိုခံစားမိလို့ပါ။

အငွေ့အသက်ကပင် သူ့ကို

ဒဏ်ရာရသွားစေခဲ့သည်။ ထိုသို့ဆိုလျှင်

စတုတ္ထမြောက်အထပ်မှ အရာက သာမန်ဖြစ်နိုင်မည်လော။

"လက်တစ်ဖက်..." နတ်ယင်မီးတောက်က အချိန်တော်တော်ကြာ တိတ်ဆိတ်နေပြီးမှ ပြန်ဖြေခဲ့သည်။

"လက်တစ်ဖက် လား" ယန်ယွဲ့က အံ့အားသင့်သွားပြီး "သေချာလား" ဟု ထပ်မေးလိုက်သည်။

နတ်ယဉ်မီးတောက် က

“ငါအမှန်ကိုပြောနေတာ"ဟုထပ်ပြောပါ

သည်။

ယန်ယဲ့၏ မျက်နှာက

မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။

အကြောင်းမှာ သူက

လက်တစ်ဖက်ကြောင့်

ဒဏ်ရာရသွားလို့ပါ။

ယန်ယဲ့ က အသံတိုးတိုးလေးဖြင့်
မေးလိုက်သည် “ဘယ်သူ့လက်တုန်း"

"စစ်နတ်ဘုရား လို့ ခေါ်တဲ့
အစွမ်းထက်ကျင့်ကြံသူ တစ်ယောက်ပဲ"
နတ်ယဉ်မီးတောက်က ဆက်ပြောခဲ့သည်
“တကယ်တော့ သူ့ကို စစ်နတ်ဘုရားလို့
ခေါ်တာ မဟုတ်ဘူး၊ စစ်မှန်တဲ့ စစ်နတ်
ဘုရား။ ခေတ်အဆက်ဆက်ရဲ့

နံပါတ်တစ် စစ်နတ်ဘုရား

လို့ခေါ်ရင်ပိုမှန်လိမ့်မယ်”

ယန်ယဲ့ က "ဒါဆို သူ့လက်က ဒီမှာ

ဘာလုပ်ရှိနေတာလဲ"

နတ်ယဉ်မီးတောက် က “သူသေပြီ၊

အဲဒါကြောင့်” ဟု ပြန်ဖြေသည်။

ယန်ယဲ့ က နတ်ယင်မီးတောက် ကို

ငုံ့ကြည့်ကာ "စစ်နတ်ဘုရားတောင်

သေနိုင်သလား" ဟု မေးလိုက်လေသည်။

နတ်ယဉ်မီးတောက်က ပြန်ပြောသည်

"စစ်နတ်ဘုရားက မထိန်းနိုင်တော့ဘူး။

ဒါ့အပြင် တိုက်ပွဲမှာ သေဆုံးခဲ့တာပဲ။

တကယ်တော့ သူထွက်ပြေးဖို့

ရည်ရွယ်ထားရင် ငါတို့ရဲ့ ကမ္ဘာမှာ သူ့ကို

သတ်နိုင်တဲ့သူ အရမ်းနည်းတယ်။ ဒါပေမဲ့

သူထွက်မပြေးဘဲ

သူ့ရဲ့နောက်ဆုံးထွက်သက်အထိ

တိုက်ပွဲဝင်ခဲ့တယ်”

ယန်ယွဲ့ က "သူ့လက်က ဒီကို

ဘယ်လိုလုပ်ရောက်နေတာလဲ"ဟုထပ်

မေးလိုက်၏။

နတ်ယင်မီးတောက် က “ သခင်က

အဲဒါကို မတော်တဆ ရရှိခဲ့တာ။ ပြီးတော့

သခင်က ဒါကို နတ်ဝိညာဉ်ဆေးပြား

သန့်စင်ဖို့ ရည်ရွယ်ထားတာပဲ။ ဒါပေမဲ့

တချို့အရာတွေက ရှားပါးတော့

လိုက်ရှာရသေးတယ်။ ဒီလိုနဲ့ပဲ

တစ်နေ့မှာတော့ ရှောင်ချီ က

ဒီမူလစေတီကို ခိုးယူသွားခဲ့တယ်...”

"သူ့ရဲ့ သခင်လား" ယန်ယဲ့က

နတ်ယင်မီးတောက်ကို

တစ်ချက်ကြည့်လိုက်သည်။

ရှင်းရှင်းပြောရလျှင်

နတ်ယဉ်မီးတောက်ပြောခဲ့သည့်

သခင်ဟာ တာအိုဝတ်ရုံအဘိုးအို ပင်။

.

May Be:

၁၉၆၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆၁ -

စစ်နတ်ဘုရား၏လက်မောင်းတော်

ထိုအချိန်တွင် နတ်ယဉ်မီးတောက်က ရှုတ်တရက် "မင်း အဆင့် ၄ ကို တက်နိုင်ရင် ငါ့ဆီလာဖို့ ဘာလို့ တစ်ခါတည်းပြောခဲ့တာလဲ သိလား"ဟုပြောလိုက်ပါသည်။

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

နတ်ယဉ်မီးတောက် က “ဒီလက်မောင်းကို ဆက်ပြီးရင် မင်းဟာ ငါ့ခွန်အားကို ခုခံနိုင်ပြီ။ ဒါဆို ငါ့ကို ဒီကနေ ကယ်ထုတ်နိုင်မှာပါ” ဟု ပြန်ဖြေသည်။

"ဒီလက်ကို ပေါင်းစပ်ပြီးရင်.." ယန်ယဲ့က ဆက်ပြောသည် "ငါလုပ်နိုင်တာ သေချာလား။ ဘာပြဿနာမှမရှိတာ သေချာရဲ့လား"

နတ်ယဉ်မီးတောက် က “ဒါဟာ

ကြီးမားတဲ့ ပြဿနာ မဖြစ်သင့်ဘူး။

ဘာလို့လဲဆိုတော့ စစ်နတ်ဘုရားရဲ့

ဝိညာဉ်က

ပျောက်ကွယ်သွားဖြင့်ကြာနေပြီ။

အဲဒီလက်မောင်းထဲမှာ ဝိညာဉ်မရှိသလို၊

အင်မော်တယ်စွမ်းရည်တချို့လောက်ပဲ

ကျန်နေတာ။ မင်းသာ ဒီဆန္ဒကို

အမွေဆက်ခံနိုင်ရင် မင်းအတွက် လုံးဝအကျိုးရှိမှာပါ"

ယန်ယဲ့ က “ဒါက အစွမ်းထက်သလား” ဟုမေးလိုက်သည်။

“အရမ်း အစွမ်းထက်တယ်”

နတ်ယင်မီးတောက်က “မင်း ငါ့အစွမ်းကို ခံစားပြီးပြီမဟုတ်လား။ မင်း ဒီလက်မောင်းကို အသုံးချနိုင်ရင် ငါ့ရဲ့

ခွန်အားကို အပြည့်အဝ

ခံနိုင်ရည်ရှိလိမ့်မယ်။ ဒါဆို အခု

အားကောင်းတာလို့ မင်းထင်လား"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး

လှည့်ထွက်သွားသည်။

ထိုအချိန်တွင် နတ်ယဉ်မီးတောက်က

“ဘယ်သွားမလို့လဲ” ဟု ဆတ်ခနဲ

ပြောလိုက်၏။

"ငါ့လက်ကိုပြောင်းဖို့လေ..." ယန်ယဲ့က စိတ်လှုပ်ရှားနေသောလေသံဖြင့် “ငါ့လက်ကို ပြောင်းပြီးရင် ယန်ကလန် ကို တိုက်ခိုက်မယ်။ ဆက်ခံသူရာထူးအတွက် ငါဘာလို့ ဒီတိုက်ပွဲမှာတောင် ပါဝင်ဖို့ လိုအပ်ရမှာလဲ”

နတ်ယင်မီးတောက်က “မင်းသေချင်ရင် အခုသွားလိုက်” ဟု လျစ်လျူရှုလိုက်သည်။

ယန်ယဲ့၏မျက်နှာက အေးခဲသွားသည် "ဘာကိုဆိုလိုတာလဲ"

နတ်ယင်မီးတောက် က “မင်းရဲ့ ခန္ဓာကိုယ်က အားနည်းနေသေးတယ်။ ဒီလက်မောင်းကို ပေါင်းစပ်ဖို့ကြိုးစားရင်

မင်းခန္ဓာကိုယ်က သူ့ရဲ့ခွန်အားကို

ခံနိုင်ရည်ရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့်

အရင်ဆုံး မင်းရဲ့ခန္ဓာကိုယ် ပိုသန်မာလာဖို့

စောင့်ရမယ်”

အဲဒါကြောင့်ကိုး....

ယန်ယဲ့ လည်း သူ့ခန္ဓာကိုယ်ဟာ

အားနည်းနေသည်ဟု

ခံစားမိသောကြောင့်

ခေါင်းညိတ်လိုက်သည်။

ထို့နောက် တစ်ခုခုကို တွေးနေပုံရပြီး

"မှန်တယ်၊ ငါ ဒီလက်မောင်းကို

ပြောင်းချင်ရင် ငါ့လက်မောင်းကို

ခုတ်ထစ်ပစ်ရမှာလား"ဟုမေးလိုက်လေ

သည်။

“မဟုတ်ဘူး” နတ်ယင်မီးတောက်က

“ဆရာကြီးက အဲဒီလက်မောင်းကို

သန့်စင်ပေးထားတဲ့အတွက်

သူ့ရဲ့သွေးမျိုးဆက်နဲ့အရိုးတွေပဲ

ကျန်တော့တယ်။ ဒီတော့

မင်းလက်မောင်းက

သွေးနဲ့အရိုးတွေကိုပဲပြောင်းလဲဖို့လိုမယ်။

ဘာပဲဖြစ်ဖြစ် ဒါဟာ

အရမ်းရိုးရှင်းပါတယ်။ အချိန်တန်ရင်

နားလည်မှာပါ။ လောလောဆယ်တော့

မကြိုးစားသင့်သေးဘူး။

လက်ရှိမင်းရဲ့ခန္ဓာကိုယ်က

စစ်နတ်ဘုရားလက်မောင်းရဲ့ခွန်အားကို

ခံနိုင်ရည်မရှိသေးဘူး။ ဒါဟာယ

အရမ်းအန္တရာယ်များတယ်။

လက်မောင်းထဲက

ထွက်လာမယ့်တန်ပြန်အားကို မခုခံနိုင်ရင်

မင်းပြီးသွားလိမ့်မယ်”ဟုပြောခဲ့သည်။

ယန်ယဲ့ က ခဏကြာ စဉ်းစားပြီး

"ကောင်းပြီ" ဟု

ခေါင်းညိတ်လိုက်ပါသည်။

နတ်ယင်မီးတောက် ပြောခဲ့သလိုပဲ

သူ၏ခန္ဓာကိုယ်

အရင်ဆုံးသန်မာလာဖို့သာ

အကောင်းဆုံးပင်။

နတ်ယဉ်မီးတောက် က

ရုတ်တရက်ပြောသည် "ဒါနဲ့ မင်း

ဒီသစ်သားဓားကို မယူဘူးလား"

"သစ်သားဓား လား" ယန်ယွဲ့ က

အနည်းငယ် အံ့အားသင့်သွားပြီးနောက်

သစ်သားဓားကို ပြန်အမှတ်ရကာ

“ငါယူလာခဲ့တယ်။ ဘာကြောင့်လဲ"

"ဒီဓားက သာမန်မဟုတ်ဘူး"

နတ်ယင်မီးတောက် က မပြောခင်အထိ

အချိန်တော်တော်ကြာ တိတ်ဆိတ်နေ၏။

ထိုစကားကိုကြားသောအခါ ယန်ယဲ့၏

မျက်လုံးများက တောက်ပလာသည်။

နတ်ယင်မီးတောက် က သစ်သားဓားဟာ

ထူးခြားသည်ဟု ပြောနေ့သဖြင့်

သေချာပေါက်

အဖိုးတန်ရတနာတစ်ခုဖြစ်ပေမည်။

ထိုအချက်ကို တွေးပြီးနောက် ယန်ယဲ့ သည် နတ်ယင်မီးတောက်ကို အလျင်အမြန် ပထမအထပ်သို့ ပြန်ဆင်းသွားခဲ့သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ သူက သစ်သားဓားကို ရှာနေစဉ် ကောင်းကင်ထက်မှ အလင်းတန်းများ

ရုတ်တရက်လင်းလက်လာသည်ကိုမြင်

လိုက်ရလေသည်။ ယန်ယွဲ့ က

မော့ကြည့်လိုက်ရာ သစ်သားဓားက

ပျံဝဲနေကြောင်း သတိထားမိသည်။

ထို့အပြင် သစ်သားဓားပေါ်၌

အဖြူရောင်နှင်းလုံးလေးပါရှိနေ၏။

အဆော့သန်သော နှင်းပွင့်လေး ပါ။

ထိုအချိန်တွင်  အလင်းရောင်

တစ်ချက်တောက်ပလာပြီးနောက်

သစ်သားဓားတစ်ချောင်းက သူ့ရှေ့

ပေါ်လာသည်။တစ်ဆက်တည်း

နှင်းပွင့်လေးက စိတ်လှုပ်ရှားမှုအပြည့်နှင့်

ယန်ယဲ့အား ကြည့်ကာ

လက်သည်းများကိုဝှေ့ယမ်းပြသည်။

သူမလေးက ယန်ယဲ့ကို ဓားပေါ်

တက်လာဖို့ပြောနေခြင်းပါ။

ယန်ယဲ့ က ပြုံးပြီး

ဓားပေါ်ခုန်တက်ရန်ပြင်လိုက်၏။

သို့သော် သစ်သားဓားက ရုတ်တရက်
ပြင်းထန်စွာ တုန်ခါသွားပြီးနောက်
အလင်းတန်းတစ်ခု
လင်းလက်သွားသည်။

ဘမ်း...

ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီး
ယန်ယဲ့၏ပုံရိပ် က ၃ ကီလိုမီတာအကွာသို့
လွင့်ပျံသွားသည်။

ယန်ယဲ့ သည် သူ့ကိုယ်သူရပ်လိုက်ပြီး

ရင်ဘတ်ကို ချက်ချင်းငုံ့ကြည့်လိုက်၏။

လက်ရှိအချိန်တွင် သူ၏ရင်ဘတ်က

ဒဏ်ရာအပေါက်တစ်ခုရှိနေခဲ့သည်။

ဒဏ်ရာက အလွန်နက်လှပြီး

သူ့ကိုယ်တွင်းအင်္ဂါများအထိပင်

ထိုးဖောက်လုနီးပါးပါ။ အကယ်၍ သူသာ

အလျင်အမြန် အလျင်အမြန်

တုံ့ပြန်လိုက်နိုင်ခြင်းမဟုတ်လျှင်
တစ်ကိုယ်လုံး နှစ်ခြမ်းခွဲခံရပေမည်။

ယန်ယဲ့ သည် သစ်သားဓားကို
စိုက်ကြည့်လိုက်သည်။ ထိုအချိန်တွင်
လျှပ်စီးတန်းတစ်ခုအလား ရှေ့ကို
ရုတ်တရက် ပြေးထွက်လာသည် ။
ထိုမြင်ကွင်းကြောင့် ယန်ယဲ့၏
မျက်ခွံများ လှုပ်ယမ်းသွားသည်။
သို့သော် သစ်သားဓားက ရုတ်တရက်

ရပ်တန့်သွားသည်။ နှင်းပွင့်လေးက သူမ၏လက်နှစ်ဖက်ဖြင့် တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားသော ကြောင့်ပါ။

ထိုအချိန်တွင် ဇီအာက ယန်ယဲ့၏နံဘေးမှ ပေါ်လာခဲ့သည်။ သူမက ယန်ယဲ့၏ ရင်ဘတ်ရှိ ဒဏ်ရာကို တစ်ချက်ကြည့်လိုက်ပြီး

"အဆင်ပြေရဲ့လား"ဟု

ခပ်တိုးတိုးမေးလေသည်။

ယန်ယွဲ့ က ခေါင်းယမ်းလိုက်ပြီး

သစ်သားဓားကို စိုက်ကြည့်ကာ

"ဘာဖြစ်နေတာလဲ"ဟုမေးလိုက်သည်။

ဇီအာ က ခေါင်းခါပြီး “မသိဘူး၊

ငါသိတာတစ်ခုက နှင်းပွင့်ကို

စိတ်ကြိုက်ကိုင်တွယ်ခွင့်ပေးနေတာပဲပဲ…
”ဟူ၍ ပြန်ဖြေပါသည်။

ယန်ယဲ့ သည် နှင်းပွင့်လေးကို
စိုက်ကြည့်နေသည်။ ထိုအချိန်တွင်
နှင်းပွင့်လေးက  တစ်ခုခုပြောနေပုံရ၏၊
သစ်သားဓား က တဖြည်းဖြည်း
ငြိမ်သက်သွားသည်။

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး

"နှင်းပွင့်လေး၊ ဘေးနားကိုရွှေ့လိုက်"

ဟုပြောလိုက်သည်။

နှင်းပွင့်လေး က ယန်ယဲ့ကို

စိုက်ကြည့်ပြီးနောက်

မျက်တောင်ခတ်လိုက်သည်။

သူမလေးက ယန်ယဲ့

ဘာဆက်လုပ်မည်ကို မသိသော်လည်း

ဇီအာ၏ပခုံးပေါ်သို့ ခုန်တက်လာသည်။

ယန်ယဲ့က သစ်သားဓားကို

ခဏမျှစိုက်ကြည့်ရင်း ဖြည်းညှင်းစွာ

လျှောက်လာခဲ့သည်။ ခဏအကြာတွင်

သူ့ထံမှ ကြောက်မက်ဖွယ်ရာ

လှိုင်းလုံးကြီးတစ်ခု ထွက်ပေါ်လာပြီး

သစ်သားဓားဆီသို့ လွင့်ပျံသွားသည်။

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ ။

ယန်ယဲ့ ပ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ ကို ထုတ်ဖော်ပြီး သစ်သားဓားကို ဖိနှိပ်ရန် ကြိုးစားလိုက်သည်။

ထိုအချိန်တွင် သစ်သားဓား က အနည်းငယ်တုန်ခါသွားသည်။

အောင်း....

စားအူသံကြီးတစ်သံ

ပွဲတင်ထပ်လာပြီးနောက်

အလင်းတန်းတစ်ခုက လျှပ်စီးလက်သလို

လင်းလက်သွားသည်။

ဆူး....

သတ်ဖြတ်ခြင်းစားစိတ်ဆန္ဒဟာ

နှစ်ပိုင်းကွဲသွားသဖြင့် ယန်ယဲ့ သည်

အံ့အားသင့်သွားခဲ့သည်။ ထိုအချိန်တွင်

သစ်သားဓား က သူနှင့်

တစ်မီတာပင်မဝေးသော အကွာသို့

ရောက်လာသည်။

ယန်ယဲ့ က

အံ့ဩသွားသည်။တစ်ဆက်တည်း

သူ့နှလုံးသားထဲမှ

အမိန့်တစ်ခုထုတ်လိုက်ပြီး

သွေးရုပ်သေးနှစ်ကောင်အား

အပြင်ဆင့်ခေါ်လိုက်သည်။

ဘုန်း…

ဆူး….

ထိုအချိန်တွင် သွေးလက်တစ်ဖက်က ကောင်းကင်၌ ပေါ်လာပြီး မြေပြင်ပေါ်သို့ ဖြည်းညှင်းစွာ ပြုတ်ကျလာသည်။

နှစ်ကောင်လုံးတောင် ရှုံးတာလား ။

ယန်ယဲ့သည် အံ့သြရုံသာမကဘဲ

တုန်လှုပ်သွားမိသည်။ သူကိုယ်တိုင်

ထိုတိုက်ခိုက်မှုကို

မတားဆီးနိုင်ခဲ့သည့်အပြင်

သွေးရုပ်သေးနှစ်ကောင် ပါ

မလုပ်ဆောင်နိုင်ခဲ့ပေ။ သွေးရုပ်သေး၏

လက်တစ်ဖက်ပင်

ဆုံးရှုံးသွားရလေသည်။

သစ်သားဓား က ယန်ယဲ့ နှင့်

သွေးရုပ်သေးနှစ်ကောင်အား

တိုက်ခိုက်ပြီးသည့်တိုင်

ရုပ်တန့်လိုပုံမရပေ။ ဓားထိပ်ဖျားမှ

အလင်းများ တဖျပ်ဖျပ်ဖျပ်ခတ်သွားကာ

ထပ်မံတိုက်ခိုက်တော့မည့်ဟန်ပြင်နေ၏။

ထိုအတောအတွင်း နှင်းပွင့်လေး က

ရုတ်တရက်အဖြစ်အပျက်ကြောင့်

တုန်လှုပ်သွားပုံပါ။

သစ်သားဓား၏နောက်ဖက်သို့

အမြန်ပြေးသွားကာ

သူမ၏လက်သည်းများဖြင့်

တင်းတင်းကြပ်ကြပ်

ဖက်ထားလိုက်သည်။

နှင်းပွင့်လေး ပွေ့ဖက်ထားသဖြင့်

သစ်သားဓားက တုန်ခါနေရာမှ

တဖြည်းဖြည်း ငြိမ်သက်သွားသည်။

သို့သော် ဓားအလင်းများ

တဖျပ်ဖျပ်လက်နေပါသည်။ ၎င်းက
ယန်ယဲ့ ၏တိုက်ခိုက်မှုကို
ဒေါသထွက်နေသည်မှာ သိသာပါသည်။

ယန်ယဲ့ သည် အတော်လေးကို
အံ့အားသင့်သွားခဲ့သည်။

သူ့စိတ်ထဲ၌ သစ်သားဓားက
ထိုမျှကြောက်စရာကောင်းမည်ဟု
မမျှော်လင့်ထားသောကြောင့်ပင်။

ဒါဟာ တကယ်ပဲ သစ်သားဓား

ဟုတ်ရဲ့လား....

နောက်ဆုံးတွင်

သွေးရုပ်သေးနှစ်ကောင်၏ ခွန်အားက

သာမန် ထာဝရတန်ခိုးရှင်များ ထက် ၂

ဆသာလွန်ခဲ့သည်။ သို့သော်လည်း

သစ်သားဓား မှ ပစ်လွှတ်သည့်

ဓားအလင်းတန်းကိုတော့

မရပ်တန့်နိုင်ခဲ့ကြပေ။

အကယ်၍သာ အစောပိုင်းလေးက သူသာ

ထိပ်တိုက်ရင်ဆိုင်လျှင်

လက်တစ်ဖက်ပြတ်တောက်သွားဖို့

သေချာသလောက်ပါ။

ယန်ယွဲ့ က ခေါင်းယမ်းပြီး အဝေးကိုသာ

လှမ်းကြည့်လိုက်သည်။ လက်ရှိအခါ

သစ်သားဓားက လုံးဝပြိမ်သက်သွား၏။

ဓားထိပ်ဖျားမှ တလက်လက်ထနေသော

အလင်းရောင်များပင် ပြန်နှုံကျဲသွားသည်။

ဇီအာ က "ဒီဓားနဲ့ ပတ်သက်ပြီး

ထူးဆန်းတာတစ်ခုရှိတယ်"ဟု

ရုတ်တရက်ပြောပါသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

သူလည်း ဇီအာ ပြောသလို

ခန့်မှန်းမိသည်။ အကြောင်းမှာ

သစ်သားဓားက

ထူးဆန်းနေသည့်အပြင်ကို

ကြောက်စရာကောင်းလွန်းနေသည်မဟု

တ်ပါလား။ သာမန်

ထာဝရတန်ခိုးရှင်များဟာ သစ်သားဓား

ကို ခုခံနိုင်မည်မဟုတ်ပေ။

ဓားတစ်လက်က

ထာဝရတန်ခိုးရှင်များထက်

သန်မာနေသည်လား။ ထိုအရာက
သိပ်တော့သဘာဝမကျလှပေ။သို့သော်
လက်တွေ့အဖြစ်အပျက်ကတော့အမှန်ပ
င်။

တစ်နည်းဆိုရသော် လက်ရှိသူက
သစ်သားဓား နှင့်ပတ်သက်၍
အတော်လေးကိုအကြပ်ရိုက်နေ၏။
သစ်သားဓားကို မည်သို့သုံးနိုင်သနည်း။

မူလစေတီကို

အကူအညီတောင်းရမလား...

မူလစေတီက သစ်သားဓား ကို

ဖိနှိပ်နိုင်သည်မှာ အမှန်ပင်။ သို့သော်

အပြင်ရောက်သွားပါက သစ်သားဓား

ရုတ်တရက်တိုက်ခိုက်လာသည်နှင့်

သူ့ကိုယ်သူ

ကာကွယ်ဖို့တောင်မဖြစ်နိုင်တော့ပေ။

ဇီအာ က တိုးတိုးလေးပြောလိုက်ပါသည်
"အခု ငါတို့ ဘာလုပ်သင့်လဲ"

ငါတို့ ဘာလုပ်သင့်လဲ...

ယန်ယွဲ့က စကားပြန်မပြောသေးဘဲ
အဝေးကို လှမ်းကြည့်လိုက်သည်။
သစ်သားဓားက လှုပ်ရှားမှုမရှိတော့ဘဲ
ငြိမ်သက်သွားသည်။

သို့သော် သူ၏အကြည့်များ ကတော့

သစ်သားဓားကို စိုက်ကြည့်ရင်း

တဖြည်းဖြည်း လေးနက်လာပါသည်။

သစ်သားဓား၏ မူလဇာစ်မြစ်က လုံးဝကို

ထူးခြားမှန်း သိသာနေခဲ့သည်။ ထို့အပြင်

ဝူကလန်၏ မဟာအကြီးအကဲက သူဟာ

သစ်သားဓား ကို လက်ခံယူလိုက်သည်နှင့်

တာဝန်တစ်ခုပါ

လုပ်ဆောင်ရမည်ဟုပြောခဲ့လေသည်။

သို့သော် သူ့စိတ်ထဲ၌ ထိုတာဝန်ကို

အမှန်တကယ် ဂရုမစိုက်ခဲ့ပေ။

လက်ရှိတွင်မူ သစ်သားဓား နှင့်တွဲလျက်

တာဝန်က ကိုင်တွယ်ဖို့

မလွယ်နိုင်ကြောင်း

တဖြည်းဖြည်းသဘောပေါက်လာခဲ့သည်

။

ယန်ယဲ့ သည်

အချိန်တော်တော်ကြာသည်အထိ

တိတ်ဆိတ်နေပြီးမှ

ခေါင်းယမ်းလိုက်ပါတော့သည်။ သူသည်

မဖြစ်နိုင်သေးသော အရာများကို

ဆက်မတွေးတော့ဘဲ ရပ်လိုက်သည်။

ထို့နောက် သစ်သားစားဖြင့်

လှည့်ပတ်ပျံသန်းနေသော နှင်းပွင့်လေး

ကို တစ်ချက်ကြည့်လိုက်ပြီး

သူ၏မျက်လုံးထဲ၌

နောင်တရနေသောအမူအရာတစ်ခု

ပေါ်လာသည်။ အကယ်၍သာ
သစ်သားဓား ကို သုံးနိုင်လျှင်
ထာဝရတန်ခိုးရှင်များကို
အသာလေးသတ်ပစ်နိုင်၏။

ကံမကောင်းစွာပဲ၊ သစ်သားဓားက သူ့ကို
ထိကိုင်ခွင့်တောင် မပြုခဲ့ပေ။

ယန်ယဲ့ သည် သစ်သားဓားကို
အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်

“ငါ ပြန်ထွက်သွားတော့မယ်။

ငါပြန်လာရင်

မင်းငါ့ကိုဒီလိုမဆက်ဆံရဲစေရဘူး"ဟု

ပြောလိုက်ပါသည်။

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

နောက်လှည့်ကာ နေရာတွင်ပင်

ပျောက်သွားခဲ့သည်။

May Be:

၁၉၆၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆၂ - အန်နန်ကျင်း၏ ခွန်အား

အပြင်ကမ္ဘာ ။

ယန်ယွဲ့ သည် အခန်းထဲရှိ

ကြမ်းပြင်ပေါ်မှာ ထိုင်နေရာမှ

မျက်လုံးများကို

ဖြည်းညှင်းစွာဖွင့်လိုက်သည်။ သူ၏ ပတ်ဝန်းကျင်ကိုတစ်ချက်စိုက်ကြည့်လိုက်ပြီး နေရာမှာပင် ပျောက်သွားသည်။

အခန်းအပြင်ဖက်။

"မင်းအောင်မြင်သွားပြီလား" အခန်းထဲမှ ထွက်လာသည်နှင့် သူ့နားထဲတွင် အသံတစ်သံ ထွက်ပေါ်လာသည်။ ယန်ယဲ့က လှည့်ကြည့်လိုက်ရာ

သူ့ညာဖက်မှ အဘိုးအိုတစ်ယောက်

ရုတ်တရက်ပေါ်လာသည်။ ၎င်းက

ဝူကလန်၏ မဟာအကြီးအကဲ ပါ။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

"ငါကံကောင်းသွားတယ်"

အဘိုးအိုက ယန်ယဲ့အား

လေးလေးနက်နက် ဖြင့်

အကြာကြီးကြည့်လိုက်ပြီး

မျက်လုံးများထဲ၌

ထိတ်လန့်တုန်လှုပ်ဟန်များ

ပေါ်လာသည်။

အချိန် ၁ လခွဲပင် မပြည့်သေးလို့ပါ။

အကယ်၍ သူကိုယ်တိုင်သာ

မျက်မြင်တွေ့ရခြင်းမဟုတ်လျှင်

တစ်စုံတစ်ယောက်က အချိန် ၁ လခွဲနှင့်

ပြန်လည်မွေးဖွားခြင်းအဆင့်ကို

တက်လှမ်းနိုင်မည်ဟု

ယုံကြည်ဖို့မဖြစ်နိုင်ပါ။

အကြောင်းကတော့ ဂူကလန်၏

သိုင်းပညာဘိုးဘေးကြီး ဂူမုပင်လျှင်

ထိုကဲ့သို့ မလုပ်ဆောင်နိုင်ခဲ့ပေ။

သို့သော်လည်း ယန်ကလန်၏

သခင်ငယ်တစ်ယောက် ကတော့ အချိန် ၁

လခွဲပင်မကြာဘဲ

ပြန်လည်မွေးဖွားခြင်းအဆင့်ကို
တက်လှမ်းသွားနိုင်ခဲ့၏။

အချိန်က လဝက်သာ ကြာခဲ့သည်။

အဘိုးအိုက ခဏတာ တိတ်ဆိတ်သွားပြီး
မျက်လုံးများမှေးမှိန်သွားသည်။သူ၏မျ
က်လုံးထဲမှ လူသတ်လိုစိတ်များ
ထွက်ပေါ်လာသည်။ ဝူကလန် နှင့်
ယန်ကလန် ဟာ

ရန်သူအင်အားစုများမဟုတ်ပေ။

သို့သော်လည်း ယန်ကလန်အတွက်

ထိုကဲ့သို့

မကောင်းဆိုးဝါးဆန်သောပါရမီရှင်မျိုးပို

င်ဆိုင်စေလိုခြင်းမရှိပါ။

အကယ်၍သာ ဝူကလန် နှင့် ယန်ကလန်

ကြား စစ်ပွဲဖြစ်ပွားသည်နှင့်

ယန်ကလန်၏ ထိုပါရမီရှင်က

အနာဂတ်ကပ်ဘေးဖြစ်လာပေမည်။

သို့သော် အဘိုးအိုက သူ့မျက်လုံးထဲမှ လူသတ်လိုစိတ်ကို အမြန်ဖယ်ပြီး မျက်နှာပေါ်တွင် အပြုံးတစ်ခုနှင့် ယန်ယွဲ့အား စိုက်ကြည့်ကာ "ဂုဏ်ယူပါတယ်"ဟုပြောလိုက်လေသည် ။

သူ့စိတ်ထဲ၌ ယန်ယွဲ့အား မျက်နှာပေးဖို့သာ ဆုံးဖြတ်လိုက်၏။

အကြောင်းမှာ ယန်ယဲ့ကို တိုက်ခိုက်လျှင်
ပြန်ပေးရမည့်တန်ကြေးဟာသေချာပေါ
က် ကြီးမားပေသည်။ ပထမအချက်
ယန်ကလန်က ဤအခြေအနေကို
ငြိမ်ခံနေမည်မဟုတ်ပါ။ ထို့အပြင်
မျိုးနွယ်စုကြီးနှစ်ခုကြား
စစ်ပွဲမစနိုင်လျှင်ပင် ယန်ကလန်အနေဖြင့်
ဝူကလန်၏ လူငယ်မျိုးဆက်များကို
လုပ်ကြံသတ်ဖြတ်ပါလိမ့်မည်။

ဒုတိယအနေနှင့် အန်နန်ကျင်း က သူ့ရှေ့မှ

ယန်ကလန်၏ သခင်လေးနှင့်

အလွန်ရင်းနှီးကြောင်း သိထားလို့ပါ။

သူသာ ယန်ယဲ့ကို တိုက်ခိုက်လျှင်

အန်နန်ကျင်းက

ဝူကလန်ကိုရန်ငြိုးထားဖို့သေချာသလော

က်ပင်။ အတိုချုပ်ပြောရလျှင်

ယန်ယဲ့အား ဖယ်ရှားပစ်ဖို့

လုပ်ဆောင်လျှင် ဝူကလန်

ပြန်ပေးဆပ်ရမည့် တန်ကြေးဟာ

မထိုက်တန်ပေ။

ယန်ယဲ့ သည် မဟာအကြီးအကဲ အား

စိုက်ကြည့်ရင်း “ကျေးဇူးတင်ပါတယ်။

ကျေးဇူးပြုပြီး ငါ့မိန်းမနဲ့တွေ့ဖို့

ခေါ်သွားပါ" ဟုပြောလိုက်၏။

"သူလည်း မင်းကိုတွေ့ချင်နေတယ်။

ငါနဲ့လိုက်လာခဲ့"

ထိုစကားပြောပြီးသည်နှင့်
မဟာအကြီးအကဲ က
အဝေးတစ်နေရာသို့
ပျောက်ကွယ်သွားသည်။

ယန်ယွဲ့ သည် တုံ့ဆိုင်းမနေပါ။
ညာခြေကိုဆောင့်ကာ
အနက်ရောင်အလင်းတန်းအသွင်ပြောင်း
ပြီး အဘိုးအို၏နောက်ကနေ
လိုက်ပါသွားသည်။

လှေကျင့်ရေးခန်းမ။

ဝူကလန်၏ တပည့်များက လှေကျင့်ရာနေရာဖြစ်သည်။ ခန်းမ သည် အကန့်အသတ်မဲ့ကျယ်ဝန်း၏။ ခန်းမ၏ ပတ်ပတ်လည်ဟာ ဒါဇင်ချီသော ဝက်ပါအစီအရင်များ အထပ်ထပ်ကာရံထားလေသည်။ ထို့အပြင် ထာဝရတန်ခိုးရှင်အထက်ဆင့်

ကျင့်ကြံသူများ၏ စွမ်းအင်များဖြင့်ပါ

ထပ်မံအားဖြည့်ထားလေရာခန်းမ၏ပတ်

ပတ်လည် အာကာသပြင်က

လုံးဝကိုခိုင်မာလေသည်။

ထာဝရတန်ခိုးရှင်

အထွတ်အထိပ်အဆင့်၏

အင်အားအပြည့်တိုက်ခိုက်မှုပင်

ဤနေရာအား မထိခိုက်စေနိုင်ဟု

ဆိုနိုင်သည်။

လက်ရှိအချိန်တွင် လူနှစ်ယောက်သာ ရှိနေ၏။ ယန်ယဲ့ နှင့် အန်နန်ကျင်းတို့ပါ။

“နင် ပြန်လည်မွေးဖွားခြင်းအဆင့် ကို ရောက်ပြီလား” အန်နန်ကျင်း က ရုတ်တရက် မေးခဲ့သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "မင်းကော ဘယ်လိုလဲ"

“မရသေးပါဘူး၊ ဒါပေမဲ့
သိပ်မကြာပါဘူး” ဟု ပြန်ဖြေပါသည်။

ယန်ယဲ့ က အံ့သြသွားသည်။

အန်နန်ကျင်း က လက်ဝါးကိုလှန်ကာ
မိုးကောင်းကင်ခွဲလုံ့ကို ထုတ်ယူပြီး
"စစ်မှန်တဲ့တိုက်ပွဲတစ်ခု
စလိုက်ကြရအောင်"ဟုပြောလိုက်၏။

ယန်ယဲ့ က ခဏလောက်စဉ်းစားပြီး

"ကောင်းပြီ" ဟု ပြန်ဖြေလိုက်သည်။

လက်ရှိတွင် သူက

ပြန်လည်မွေးဖွားခြင်းအဆင့်

သို့တက်လှမ်းနိုင်ခဲ့၏။ ထို့ကြောင့်

သူ၏အားသာချက်၊

အားနည်းချက်များကို ရှာဖွေဖို့

တစ်စုံတစ်ယောက်နှင့်

တိုက်ခိုက်လိုနေခဲ့သည်။

အန်နန်ကျင်း က
စကားပြောရန်ပြင်လိုက်စဉ် ယန်ယဲ့က
အဝေးသို့ ရုတ်တရက်
လှမ်းကြည့်ကာ"လူကြီး၊ ဒါကို
လျှို့ဝှက်ထားလို့ရမလား"ဟုပြောလိုက်
လေသည်။

တစ်ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
မဟာအကြီးအကဲ၏ အသံက

အဝေးကနေ ထွက်ပေါ်လာသည်

“စိတ်မပူပါနဲ့။ မင်းရဲ့ ဓားနဲ့ပတ်သက်တဲ့

အကြောင်းကို တခြားသူတွေ

မကြားစေရဘူး”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

အန်နန်ကျင်း ကို စိုက်ကြည့်ရင်း "ငါ

အားကုန်ထုတ်သုံးကြည့်လိုက်မယ်"ဟု

ပြောလိုက်သည်။

သူမက အနည်းငယ် ခေါင်းညိတ်ကာ

"ငါလည်းပဲ"

စကားပြီးသည်နှင့် ယန်ယဲ့ကို

မော့ကြည့်လိုက်သည်။ ထို့နောက်

ရွှေရောင်အလင်းတန်းတစ်ခု

ဖျတ်ခနဲလက်သွားပြီး ယန်ယဲ့ရှေ့တွင်

ရုတ်ချည်းပေါ်လာသည်။

အောင်း...

ဓားအူသံတစ်သံ လေထဲသို့

ပွဲတင်ထပ်သွားပြီးနောက်

ဓားအလင်းတန်းတစ်ခုက

ရွှေရောင်အလင်းတန်းကို

ခုတ်ပိုင်းပစ်လိုက်သည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

အလင်းတန်းနှစ်ခုလုံး

ကွဲထွက်သွားသည်။ထို့နောက်တွင်

ကြောက်မက်ဖွယ်ကောင်းသော

စွမ်းအင်လှိုင်းကြီးဟာ

ပတ်ဝန်းကျင်ဆီသို့ ချက်ချင်း

ရိုက်ခတ်သွားသည်။

ထိုအချိန်တွင် ဘယ်ဖက်မှ

လုံအလင်းတန်းတစ်ခု ထွက်လာသည်။

အလင်းတန်းဖြတ်သန်းသွားသည့်

နေရာတိုင်းတွင် အာကာသပြင်က

စက္ကူကဲ့သို့ ပွင့်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင်

ဓားစွမ်းအင်ရောင်ခြည်တန်းတစ်ခုဟာ

ညာဘက်မှ ဖြတ်ကျော်လာပြီး

အာကာသပြင်ကို

အပိုင်းပိုင်းဖြတ်တောက်သွားခဲ့သည်။

ထိုကဲ့သို့ပင် နှစ်ယောက်စလုံး

အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။

အုန်း...

မိုးချိန်းသံကဲ့သို့ ကျယ်လောင်သော

ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်

။အခန်း နှင့်

ပတ်ပတ်လည်နေရာတစ်ခုလုံးဟာ

ပြင်းထန်စွာ တုန်ခါသွားသည်။

တိုက်မိသည့်နေရာမှ
ပေါက်ကွဲထွက်လာသော
စွမ်းအင်လှိုင်းဟာ ပတ်ဝန်းကျင်ဆီသို့
ချက်ချင်းပင် ရိုက်ခတ်လာသည်။

သို့သော်လည်း ယန်ယဲ့ နှင့် အန်နန်ကျင်း
ရှေ့ကို ရောက်လာသည့်အခါ
မမြင်နိုင်သော စွမ်းအားလှိုင်းများက
ချေဖျက်သွားခဲ့သည်။

နှစ်ယောက်သား အကြည့်ချင်းဖလှယ်ပြီး

နေရာတွင်ပင် ပျောက်သွားကြသည်။

ဖုန်း…

ကြည်လင်ပြတ်သားသော

တိုက်ခိုက်သံထွက်ပေါ်လာသည်။

ထိုအချိန်တွင် နှစ်ယောက်လုံး ၁

မီတာခန့်အကွာ၌ ရှိနေကြသည်။

မိုးကောင်းကင်ခွဲလှံက

ယန်ယဲ့၏ရင်ဘတ်ရှေ့

ထိုးသွင်းလာသည့်တိုင်ဓားတစ်ချောင်းက

ကန့်လန့်ဖြတ်တားထားသည်။

အခိုက်အတန့် တိတ်ဆိတ်သွားပြီးနောက်

အန်နန်ကျင်းက သူမ၏ လှံကို

ရုတ်တရက်လွှတ်လိုက်ပြီး လက်သီးဖြင့်

ရှေ့ကို လှမ်းထိုးလိုက်သည်။

လက်သီးချက်က

နတ်လှျပ်စီးကြောင်းကဲ့သို့ လျင်မြန်ကာ

ယန်ယဲ့၏ရင်ဘတ်တည့်တည့်

ထိုးချလာသည်။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

မှိတ်သွားပြီး သူ့ဓားကို အောက်ကို

ချက်ချင်း လွှတ်ချလိုက်သည်။

ထိုအချိန်တွင် အန်နန်ကျင်း က

မိုးကောင်းကင်ခွဲလှံ ကို ဆတ်ခနဲ

ဖမ်းကိုင်ကာ ရှေ့သို့ ထိုးသွင်းလိုက်သည်။

လှံချက်က ယန်ယဲ့၏မျက်နှာဆီကို
တည့်တည့်ဝင်လာသည်။

ယန်ယဲ့ က အံ့ဩသွားသည်။
အန်နန်ကျင်း၏ လက်သီးချက်ကို
ကာထားသည့် သူ့ဓားအား အလျင်အမြန်
ထောင့်ချိုးပုံစံပြောင်းလိုက်လေသည်။

ဖန်း...

ဓားက မိုးကောင်းကင်ခွဲလုံ ကို

တားဆီးလိုက်နိုင်သော်လည်း

လက်သီးချက်က ယန်ယဲ့၏ရင်ဘတ်ကို

ထိမှန်သွားခဲ့သည်။

ဘုန်း....

ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာသို့

လွင့်ပျံလာသည်။  သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် တပြိုင်နက်

ပါးစပ်ထောင့်မှ သွေးများ
စီးကျလာသည်။ တစ်ချိန်တည်းမှာပင်
သူ၏ရင်ဘတ်က ချိုင့်ဝင်သွားသည်။

ယန်ယဲ့ က ပါးစပ်ထောင့်မှ သွေးများကို
သုတ်လိုက်ပြီး အန်နန်ကျင်း ကို
စိုက်ကြည့်ကာ "ကောင်းလိုက်တဲ့
နည်းဗျူဟာ"

ဟု ပြောပြီးသည်နှင့် တပြိုင်နက်

သူ့ခန္ဓာကိုယ်ထဲမှ

စူးရှသောသွေးနီရောင်အလင်းတန်းများ

ထွက်ပေါ်လာသည်။

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ ။

အန်နန်ကျင်း က အနည်းငယ်

ခေါင်းညိတ်လိုက်သည် "ငါတို့ရဲ့

စစ်မှန်တဲ့ အင်အားနဲ့

တိုက်ခိုက်ကြရအောင်"

စကားပြောပြီးသည်နှင့် သူမက ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်သည်။

ထိုခဏလေးမှာပဲ သူမထံမှ

ကြောက်စရာကောင်းသော စိတ်ဆန္ဒ

တစ်ခု ထွက်ပေါ်လာသည်။

ယန်ယဲ့၏ အမူအရာသည်
ချက်ချင်းပင်ပြောင်းသွားပါတော့သည်။

တစ်ချိန်တည်းမှာပင်
တုန်လှုပ်ချောက်ချားသောအသံပါ
ထွက်ပေါ်လာသည် "မတူညီသော
စိတ်ဆန္ဒ ၆ မျိုး။ ပြန်လာအဆင့် စိတ်ဆန္ဒ
၆ မျိုး၊ ၆ ခုစလုံးကို ပေါင်းစပ်ထားတဲ့
ထာဝရရှင်သန်ခြင်းအဆင့် စိတ်ဆန္ဒ..."

စကားသံ ဆုံးသွားသည်နှင့် ယန်ယဲ့သည်

တကယ်ပင် တုန်လှုပ်လာသည်။

ဤအတောအတွင်း ဝူကလန်၏

မဟာအကြီးအကဲ က ခန်းမထဲ၌

ရုတ်တရက်ပေါ်လာပြီးနောက်

မျက်တောင်မခတ်ဘဲ အန်နန်ကျင်းကို

စိုက်ကြည့်နေသည်။

သူ့မျက်လုံးထဲ၌တော့ စိတ်လှုပ်ရှားခြင်း၊

ပျော်ရွှင်မှုနှင့်

နောင်တအရိပ်အယောင်များ ရှိနေသည်။

အန်နန်ကျင်း ဟာ စိတ်ဆန္ဒ ၆ မျိုး

ပိုင်ဆိုင်ထားမှန်း သိသော်လည်း ထိုအချိန်

က ပြန်လည်မွေးဖွားခြင်းအဆင့်

စိတ်ဆန္ဒများသာ။

ပြန်လည်မွေးဖွားခြင်းအဆင့် နှင့်

ထာဝရရှင်သန်ခြင်းအဆင့် စိတ်ဆန္ဒဟာ

လုံးဝကွဲပြားခြားနားသော အရာနှစ်ခုပါ။

ဤအခိုက်အတန့်တွင် သူ့စိတ်ထဲ၌
ဝူကလန်၏ သိုင်းပညာဘိုးဘေးကြီး
ပြောခဲ့သည့်စကားကို
ပြန်တွေးမိလိုက်သည်။ အမှန်ပင်၊
ဝူကလန်၏ လူငယ်မျိုးဆက်များက
အန်နန်ကျင်း နှင့် လုံးဝမယှဉ်နိုင်ပါ။

သို့သော် သူတို့ ဘာမှမလုပ်နိုင်ကြပေ။

အကယ်၍ အန်နန်ကျင်း သာ ပြီးခဲ့သည့်
ဆယ်စုနှစ်အတွင်း
ဝူကလန်ကိုကြိုရောက်နေလျှင်
နဂါးငွေ့တန်းကြယ်စင်စု၏
အလယ်စကြာဝဠာမှ
လူငယ်မျိုးဆက်စာရင်း၌ ထိပ်ဆုံး
သုံးဦးထဲဝင်နိုင်ပေသည်။

မဟာအကြီးအကဲ က
အသက်ပြင်းပြင်းရှူပြီးနောက်

သူ့မျက်နှာပေါ်တွင် ကြင်နာမှုအပြည့်နှင့်
အပြုံးတစ်ခု ပေါ်လာပြီး "မမလေးအန်၊
ငါ့အသိအရ မင်းရဲ့ စိတ်ဆန္ဒတွေဟာ
ပြန်လည်မွေးဖွားခြင်းအဆင့်မှာပဲရှိခဲ့တာ
ပါ။ ဘာလို့ အခုကျ ပြန်လာအဆင့် မှာ
ရှိနေတာလဲ"ဟုမေးလိုက်သည်။

ယန်ယဲ့ လည်း အဖြေကို
သိချင်သောကြောင့် အန်နန်ကျင်း ကို
စိုက်ကြည့်နေသည်။

အန်နန်ကျင်းက ခဏကြာ

လေးလေးနက်နက် စဉ်းစားပြီး

“ဝူကလန်ရဲ့ သိုင်းပညာဘိုးဘေးကြီး

လွှဲပေးထားတဲ့ အတွေ့အကြုံစာအုပ်ကို

လေ့လာပြီးတော့ တိုးတက်လာတာပါ" ဟု

ပြန်ဖြေသည်။

ယန်ယဲ့ သည် ထိုစကားကြောင့်

ဘာပြောရမှန်းမသိလောက်အောင်ပင်။

မဟာအကြီးအကဲ၏

အမူအရာသည်လည်း

ထူးဆန်းလာသည်။ သူ့ရှေ့မှ

ကလေးမလေးက သိုင်းပညာဘိုးဘေး၏

အတွေ့အကြုံများကို လေ့လာရုံဖြင့်

ထာဝရှင်သန်ခြင်း(ပြန်လာအဆင့်)ကို

နားလည်ခဲ့သည်လား။

သူလည်း သိုင်းပညာဘိုးဘေး၏
အတွေ့အကြုံစုစာအုပ်ကို အနည်းငယ်
လေ့လာထားပါသည်။ သို့သော်
အနည်းငယ်လောက်သာ နားလည်နိုင်၏။

တစ်နည်းအားဖြင့် ထိုအခြေအနေဟာ
သာမန်ထက်ထူးခြားသော ပါရမီရှင်
နှင့်သာမန်ပါရမီရှင်ကြားက
ကွာဟချက်ပါ။

ထိုအချိန်တွင် အန်နန်ကျင်း က ယန်ယဲ့ ကို စိုက်ကြည့်ကာ "ငါတို့ ဆက်တိုက်ခိုက်မလား"ဟုပြောပါသည်။

ယန်ယဲ့ သည် အဘိုးအိုကို စိုက်ကြည့်နေသည်။ မဟာအကြီးအကဲက သဘောပေါက်သည့်အလား အနည်းငယ်ခေါင်းညိတ်ရင်း နေရာမှာပင်ပျောက်သွားခဲ့သည်။

မဟာအကြီးအကဲ ထွက်သွားသည်နှင့်
အန်နန်ကျင်းက ယန်ယဲ့ကို စိုက်ကြည့်ကာ
"သတိထားပါ"

ထိုစကားပြောပြီးသည်နှင့်
သူမ၏လက်ကို အနည်းငယ်
ယမ်းလိုက်သည်သည်။ ထို့နောက်
မိုးကောင်းကင်ခွဲလုံက
ရွှေရောင်လျှပ်စီးကြောင်းကဲ့သို့ ရှေ့ကို
ပစ်လွှတ်လိုက်သည်။

ပြန်လာအဆင့် စိတ်ဆန္ဒ ခြောက်မျိုးဖြင့်
ပေါင်းစပ်ထားသည့် မိုးကောင်းကင်ခွဲလှံ
။

လှံသွား ဖြတ်သွားတိုင်း
အာကာသပြင်ဟာ ပွင့်ထွက်သွားသည်။
လှံအနီးတစ်ဝိုက်ရှိ အာကာသပြင်သည်
အဆက်မပြတ် တုန်ခါနေ၏။

ယန်ယဲ့၏ မျက်နှာပေါ်တွင်

လေးနက်သော အမူအရာ ပေါ်လာသည်။

သူက ပေါ့ပေါ့ဆဆ မလုပ်ဝံ့ပေ။

နှလုံးသားထဲမှ စိတ်ဆန္ဒတစ်ခု

ထုတ်လိုက်သည်။ ဓားက

သူ့ရှေ့ ၁ မီတာအကွာမှာ ဝဲပျံနေခဲ့သည်။

သူ၏ညာဖက်လက်သီး ကို ဖြည်းညှင်းစွာ

ဆုပ်လိုက်ပြီး ရှေ့သို့

ဆောင့်ထိုးလိုက်လေသည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းလက်သီး...

ယန်ယွဲ့၏ လက်သီးချက်မှ

ဖျက်ဆီးခြင်းစွမ်းအားလှိုင်းများ

ဖြာထွက်လာသည်။

အုန်း....

ထို့နောက်တွင်တော့ ကောင်းကင်ကို

တုန်ခါသွားစေသော

စွမ်းအင်လှိုင်းများဟာ
လေ့ကျင့်ရေးခန်းမတစ်ခုလုံး
ပဲ့တင်ထပ်သွားသည်။ ဒီအချိန်မှာ
လေ့ကျင့်ရေးခန်းမတစ်ခုလုံး
ငလျင်လှုပ်သလိုမျိုး တုန်ခါနေသည်။

ထိုအချိန်တွင် အန်နန်ကျင်း က
နေရာမှာပဲပျောက်သွား၏။
ခဏအကြာတွင်တော့
မိုးကောင်းကင်ခွဲလုံ့နှင့်ကပ်လျက်လိုက်ပါ

လာသည်။ ထို့နောက် သူမ၏ ဘယ်ခြေကို

နင်းကာ လေထဲသို့

ခုန်တက်သွားပြီးနောက် ညာဖက်

ခြေထောက်ကို ဆန့်ထုတ်၍

လုံနောက်ဖျားကို ကန်ထုတ်လိုက်သည်။

ဆူး…

မိုးကောင်းကင်ခွဲလုံက

ရွှေရောင်လျှပ်စီးကြောင်းသဖွယ် ရှေ့ကို

ချက်ချင်းပင် ပြေးထွက်သွားတော့သည်။

အရှိန်က လျင်မြန်လွန်းသဖြင့် ယန်ယဲ့ဟာ

သူ့ရှေ့သို့ မရောက်လာမီတွင်ပင်

တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ။

မိုးကောင်းကင်ခွဲလုံမှ

သယ်တောငမလာသည့်

အဖျက်စွမ်းအားက

ပတ်ဝန်းကျင်အာကာသပြင်ကို

ကွဲအက်သွားစေခဲ့သည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူ့လက်ကို

ဆန့်ထုတ်ပြီး ဓားကို

ချက်ချင်းဆုပ်ကိုင်လိုက်၏။

တစ်ချိန်တည်းမှာပင်

သူ၏ဘယ်ဖက်လက်ထဲ၌

ရှေးဟောင်းဓားအိမ်တစ်ခု ပေါ်လာသည်။

ထို့နောက် ဓားကို

ရှေးဟောင်းဓားအိမ်ထဲထည့်ကာ

ချက်ချင်းပြန်ဆွဲထုတ်ပြီး

ဆတ်ခနဲပိုင်းချလိုက်သည်။

စစ်မှန်သော

ကောင်းကင်ဘုံဖျက်ဆီးခြင်းစား ။

ကောင်းကင်ဘုံဖျက်ဆီးခြင်းစား ၁၀

ထပ်ပေါင်းစပ်ခြင်း ။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကိုရောက်သွားပြီးနောက်တွင် သူ၏

ကောင်းကင်ဘုံဖျက်ဆီးခြင်းစားဟာ

သိသိသာသာ တိုးတက်လာပါတယ်။

လက်ရှိတွင် သူ၏ခွန်အားက

ကောင်းကင်ဘုံဖျက်ဆီးခြင်းစား ၁၀

ထပ်ထိ ပေါင်းစပ်နိုင်၏။ သို့သော်

ထိုမျှက သူ၏အကန့်အသတ်ပင်။

မည်သို့ပင်ဖြစ်စေ ယန်ယဲ့ သည်
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ၁၀
ထပ်ပေါင်းစပ်ခြင်း၏ စွမ်းအားကို
အတော်လေးသိချင်နေမိသည်။

ယခုအချိန်တွင် တော့...

အောင်း...

စူးရှသောဓားအူသံကြီး နှင့်အတူ
တလက်လက်တောက်ပနေသော
ဓားအလင်းတန်းတစ်ခုက
ကောင်းကင်ယံ၌ လင်းလက်သွားသည်။

တစ်ချိန်တည်းမှာပင် ဓားစွမ်းအင်ကြောင့်
အာကာသပြင်သည် ကွဲအက်သွားသည်။

လုံ့နှင့် ဓားစွမ်းအင်က လေထဲမှာပင်
ပြင်းထန်စွာ ဆုံတွေ့သွား၏။

ဖုန်း....

မိုးကောင်းကင်ခွဲလုံ က ပြင်းထန်စွာ

တုန်ခါသွားပြီးနောက် နှစ်ယောက်စလုံး

လုံနှင့် ဓားနောက်ကနေ

အသီးသီးပေါ်လာကြသည်။

သို့သော် အန်နန်ကျင်း က

အနည်းငယ်မြန်သည်။

မိုးကောင်းကင်ခွဲလုံ ကို

ဆတ်ခနဲဖမ်းကိုင်လိုက်ပြီး ချက်ချင်းပင်

ရှေ့သို့ ထိုးလိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့ က

ဓားကိုင်ရုံသာရှိလေးရာ

ဓားကိုင်လက်ကိုအပေါ်မြှောက်၍သာ

ကမန်းကတန်းတားဆီးလိုက်ရသည်။

ဘုန်း....

တန်ပြန်အားကြောင့် ယန်ယွဲ့၏ပုံရိပ် က

အဝေးသို့ လွင့်ပျံသွားသည်။

ထိုအချိန်တွင် အန်နန်ကျင်းက

ခြေတစ်ချက်ဆောင့်လိုက်ရာ

ပတ်ပတ်လည်၌ ပုံရိပ်များစွာ

ပေါ်လာသည်။ သို့သော် အားလုံးက

ပုံရိပ်ယောင်များသာ။

ကြောက်စရာအကောင်းဆုံးအပိုင်းက

ပုံရိပ်အားလုံးဟာ

အစစ်အမှန်ဖြစ်နေပုံထင်ရခြင်းပင်။

ထိုအချိန်တွင် အန်နန်ကျင်း၏

အစစ်အမှန်ခန္ဓာကိုယ်က ယန်ယွဲ့ရှေ့မှာ

ပေါ်လာသည်။တစ်ဆက်တည်း

သူမ၏လက်ထဲမှ မိုးကောင်းကင်ခွဲလှံ

ဟာ ဘယ် မှညာသို့

လမ်းကြောင်းပြောင်းကာ ယန်ယွဲ့ဆီကို

ထိုးသွင်းလိုက်သည်။

ဤ၏တစ်ကြိမ်တော့ ယန်ယဲ့ သည်

တားဆီးဖို့မကြိုးစားတော့ပေ။ သူ့ခြားကို

အောက်သို့ပြန်ချကာ ရိုးရှင်းစွာဖြင့်ပင်

အန်နန်ကျင်း၏ဝမ်းဗိုက်ကို

ထိုးသွင်းလိုက်တော့သည်။

သူက

အပြန်အလှန်ဒဏ်ရာရအောင်ရည်ရွယ်လို

က်ခြင်းပင်။

အခြားသူသာဆိုလျှင် သူ၏ဓားချက်က

သေချာပေါက် လူသတ်ကွက်ဖြစ်သည်။

သို့သော် လက်ရှိတွင်

သူရင်ဆိုင်နေရသူက

သူ၏အနာဂတ်ဇနီးလောင်းပါ။

အချင်းချင်း သတ်ပုတ်သည်အထိ

တိုက်ခိုက်မှာမဟုတ်ပေ။

အန်နန်ကျင်း နှင့် အပြန်အလှန်

ဒဏ်ရာရအောင်လုပ်ဆောင်လိုက်သည်

ကား သူ့အတွက်

အခြားရွေးချယ်စရာမရှိတော့လို့ပါ။

အန်နန်ကျင်း၏ တိုက်ပွဲအမြင်က လုံး၀ကို

ကြောက်စရာကောင်းလှသည်။

ညဏ်အလင်းရစားနှလုံးသားကို

ပိုင်ဆိုင်ထားသည့် သူကိုယ်တိုင်ပင်

အန်နန်ကျင်း အား

အနီးကပ်တိုက်ခိုက်နိုင်စွမ်းမရှိပေ။အကယ်၍ တခြားသူဖြစ်နေလျှင်တော့
ထိုလူဟာ လက်ရှိတွင်
အလောင်းကောင်ဖြစ်နေလောက်ပေသည်။

အန်နန်ကျင်း က ယန်ယဲ့၏ နည်းလမ်းကို
သတိပြုမိသောအခါ
အနည်းငယ်မျက်မှောင်ကြုတ်လိုက်သည်
။

ခဏအကြာတွင် သူမ၏ခန္ဓာကိုယ်ထဲမှ

ကြောက်မက်ဖွယ်ရာ

စွမ်းအားလှိုင်းကြီးတစ်ခု

ထွက်ပေါ်လာသည်။ ထိုစွမ်းအားက

ယန်ယွဲ့၏ဓားကို

ချက်ချင်းရိုက်ထုတ်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် အန်နန်ကျင်းက

ရှေ့သို့ တွန်းကာ ယန်ယွဲ့၏ရင်ဘတ်ကို

လက်သီးဖြင့် ထိုးလိုက်သည်။

အုန်း....

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့သည် နောက်သို့ အကြိမ်ကြိမ် ဆုတ်လိုက်ရသည်။ ထိုအချိန်တွင် အန်နန်ကျင်းက မိုးကောင်းကင်ခွဲလုံ့ ကို ဆုပ်ကိုင်ထားလျက်သားနှင့်

ယန်ယဲ့ရှေ့မှာ ပေါ်လာပြီး
ဆတ်ခနဲထိုးသွင်းလိုက်လေသည်။

သို့သော် ယန်ယဲ့က မနှေးကွေးဘဲ အချိန်မှီ
တုံ့ပြန်နိုင်လိုက်၏။ ဓားကို
ဓားအိမ်ထဲအမြန်ထည့်ကာ
ဆတ်ခနဲဆွဲထုတ်ပြီး ပိုင်းချလိုက်သည်။

ထိုအချိန်တွင် အန်နန်ကျင်း၏
မိုးကောင်းကင်ခွဲလှံ က ရုတ်ချည်း

အရှိန်ပြင်းလာပြီး ဘေးဖက်သို့
အနည်းငယ် ရွေ့သွားသည်။
ထိုလှုပ်ရှားမှုက ယန်ယဲ့၏ခါးကို ၃
ကီလိုမီတာအကွာကနေပင်
ရိုက်ထုတ်ပစ်လိုပါ။

ထို့နောက် အန်နန်ကျင်းက ရှေ့သို့
ထပ်မံခုန်ထွက်လာပြန်သည်။

မဟာအကြီးအကဲ က ယန်ယဲ့ကို

စူးစိုက်ကြည့်ကာ မျက်လုံးထဲ၌

ချီးမွမ်းလိုသည့် အရိပ်အယောင်များ

ရှိနေသည်။ အကြောင်းကတော့

သူ့အမြင်အရ ယန်ယဲ့ဟာ အန်နန်ကျင်းကို

အချိန်အတော်ကြာအောင်

တိုက်ခိုက်နိုင်ခဲ့သည်ကပင်

အံ့သြစရာကောင်းနေလေပြီ။

နောက်ဆုံးတွင် အန်နန်ကျင်း က
ထာဝရရှင်သန်ခြင်းအဆင့် စိတ်ဆန္ဒ ၆
မျိုးပင် ပိုင်ဆိုင်ထား၏။ အမှန်တော့
သူ့အမြင်မှာ ထာဝရရှင်သန်ခြင်းအဆင့်
စိတ်ဆန္ဒ ၆ ခုဟာ ပြဿနာမဟုတ်ပေ။
ကြောက်စရာအကောင်းဆုံးအပိုင်းက
ထာဝရရှင်သန်ခြင်းအဆင့် စိတ်ဆန္ဒ ၆
ခုမဟုတ်ဘဲ အန်နန်ကျင်း၏
တိုက်ပွဲအသိစိတ်ပါ။

အန်နန်ကျင်း၏ တိုက်ပွဲအသိစိတ်ဟာ
သူ့ကိုပင် အနည်းငယ်
ထိတ်လန့်သွားစေခဲ့သည်။

ထို့ကြောင့် သူ့အမြင်က ယန်ယဲ့ဟာ
ရှုံးနိမ့်ဖို့ သိပ်မကြာတော့ဟု ခံစားမိသည်။

ဘုန်း...

ထိုအချိန်တွင် ပေါက်ကွဲသံဟာ

အဝေးကနေ

ရုတ်တရက်ထွက်ပေါ်လာသည်။

မဟာအကြီးအကဲ က

လှမ်းကြည့်လိုက်ရာ ယန်ယဲ့၏ပုံရိပ်ဟာ

၆ ကီလိုမီတာအကွာသို့

လွင့်ပျံသွားကြောင်း မြင်တွေ့လိုက်သည်။

သို့သော်လည်း အန်နန်ကျင်းက

ထပ်ပြီးမတိုက်ခိုက်ဘဲ ရပ်လိုက်သည်။

ထို့နောက် ယန်ယဲ့ ကို စိုက်ကြည့်ပြီး "နင့်ရဲ့ ဝှက်ဖဲတွေကို မသုံးတော့ဘူးလား"ဟုပြောလိုက်သည်။

ယန်ယဲ့ သည် သူ၏ညာဖက်လက်ကို တစ်ချက်ကြည့်လိုက်သည်။ ဒီအချိန်မှာ သူ့ညာဖက်လက်ကို မခံစားနိုင်တော့ပေ။ အန်နန်ကျင်း၏ ခွန်အား သာမကဘဲ တိုက်ပွဲအသိစိတ်ဟာ လုံးဝကို

ကြောက်စရာကောင်းလှသည်။

အထူးသဖြင့် သူမ၏ ခွန်အားကို

ထိန်းချုပ်နိုင်စွမ်းဟာ

ကြောက်စရာအတိပင်။

ယန်ယွဲ့ က သူမကို မော့ကြည့်ပြီး ပြုံးကာ

"ဒီမှာ

ရပ်လိုက်ကြရအောင်"ဟုပြောလိုက်သည်

။

အမှန်တော့ သူ့တွင် ဝှက်ဖဲများ

တစ်ခုမကရှိနေပေသည်။

အဓိကဝှက်ဖဲကတော့

စိတ်ဆန္ဒအားလုံးကို ဖိနှိပ်ထားနိုင်သော

ဓားနယ်မြေ ။ အန်နန်ကျင်းက

မတူညီသော ထာဝရရှင်သန်ခြင်းအဆင့်

စိတ်ဆန္ဒ ၆ ခုပိုင်ဆိုင်ထားသည့်တိုင်

သူ၏ဓားနယ်မြေက သေချာပေါက်

ဖိနှိပ်ထားနိုင်ပါသည်။

သို့သော် သူ၏ဝှက်ဖဲများကို ဝူကလန်
ရှေ့မှောက်၌ ထုတ်မပြလိုပေ။
ထုတ်ဖော်ပြသလိုက်သည့် ဝှက်ဖဲများက
အဓိကဝှက်ဖဲကဒ်များ မဟုတ်တော့ပါ။

နောက်ဆုံး ရင်ဆိုင်ရမည့်
အခြေအနေအတွက် တစ်စုံတစ်ခုကို
အမြဲတမ်း ဖုံးကွယ်ထားရပါမည်။

အန်နန်ကျင်း က ယန်ယဲ့ကို ငုံ့ကြည့်ကာ
“ကောင်းပြီ" ဟုပြောပြီး
ခေါင်းညိတ်ပြသည်။ သူမက
ယန်ယဲ့၏ဆိုလိုရင်းကို
နားလည်ထားလို့ပါ။

ယန်ယဲ့က ပြုံးပြီး "ငါ ယန်ကလန်
ကိုပြန်သွားတော့မယ်။
မင်းတစ်ခါတည်းလိုက်လာမလား"ဟုမေး
လိုက်သည်။

အန်နန်ကျင်းက ခဏမျှ
လေးလေးနက်နက် စဉ်းစားပြီး “ငါမပါဘဲ
အရင်သွားလိုက်ပါ။ငါ လှူပ်ရှားမှုတစ်ခု
သင်ယူလို့ မပြီးသေးပါဘူး”

ယန်ယဲ့က အနည်းငယ် ထိတ်လန့်သွားပြီး
“ဘာလှုပ်ရှားမှုလဲ” ဟု မေးသည်။

အန်နန်ကျင်း က “အချိန်ကျရင် သိလိမ့်မယ်” ဟုသာပြန်ဖြေသည်။

ယန်ယဲ့ က ခဏကြာ စဉ်းစားပြီး ခေါင်းညိတ်လိုက်သည် "ဒါဆို ငါအရင်သွားလိုက်မယ်။ ဂရုစိုက်ပါ"

အန်နန်ကျင်းက ယန်ယဲ့ထံ ရုတ်တရက် လျှောက်လာပြီး သူ့ကို အချိန်အကြာကြီး

စိုက်ကြည့်ကာ "ငါ မကြာခင်
လိုက်လာမယ်"ဟုပြောခဲ့သည်။

ယန်ယဲ့က ပြုံးပြီး "ကောင်းပြီ ။
ငါမင်းကိုစောင့်နေမယ်"

ထိုစကားပြောပြီးသည်နှင့်
အလင်းတန်းသဖွယ်ပြောင်းကာ
အဝေးဆီသို့ ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ထွက်သွားပြီးသည်နှင့်

မဟာအကြီးအကဲ က အန်နန်ကျင်း

ရှေ့မှာ ပေါ်လာပြီး "မမလေးအန်၊

ဘိုးဘေးက

မင်းကိုတွေ့ချင်နေတယ်လို့ပြောတယ်။

ဒါဆို…” စကားပြောနေရင်း

အဝေးတစ်နေရာမှ ကောင်းကင်ကို

ရုတ်တရက် မော့ကြည့်လိုက်ပြီး

အံ့အားသင့်သွားကာ “သူတို့

တကယ်ရောက်နေပြီ…”ဟု

ပြောလိုက်လေသည်။

May Be:

၁၉၆၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆၃ - အကြိုရောက်လာကြပြီ

…

ယန်ယွဲ့ သည် သိုင်းပညာကြယ်စင်စုကနေ

တစ်ခါတည်း ထွက်ခွာလာခဲ့လိုက်သည်။

ယန်ကလန်၏

ဆက်ခံသူနေရာလုတိုက်ပွဲဟာ

မကြာခင်စတော့မည်ဖြစ်သော ကြောင့်

သူ့တွင် အချိန်သိပ်မကျန်တော့ပေ။

အချိန်တော်တော်ကြာပြီးနောက်တွင်

ယန်ယွဲ့ သည် သိုင်းပညာကြယ်စင်စု မှ

ထွက်လာခဲ့သည်။ သို့သော်
သူထွက်လာပြီး
ကြယ်တာရာကောင်းကင်ပြင်ထက်
ရောက်သည်နှင့် တပြိုင်နက်
အဘိုးအိုနှစ်ယောက်က သူ့ရှေ့တွင်
ပေါ်လာခဲ့သည်။

ထိုအဘိုးအို နှစ်ယောက်ကို မြင်သောအခါ
ယန်ယဲ့၏မျက်လုံးထဲမှ ပြင်းထန်သော
လူသတ်လိုစိတ်များ

ချက်ချင်းထွက်ပေါ်လာသည်။

အကြောင်းကတော့ ထိုလူနှစ်ယောက်ဟာ

ကောင်းကင်ငယ်၏ဝိညာဉ်ကို

ဖမ်းဆီးသွားသော

ထာဝရတန်ခိုးရှင်နှစ်ပါး ဖြစ်နေလို့ပါ။

ယန်ရှန်း နဲ့ ယန်ရှီ ဆိုတာလား...

ထိုအချိန်တွင် ယန်ရှန်း၏

အကြည့်များက ယန်ယွဲ့ပေါ်သို့

ကျဆင်းလာကာ “လာပါ။ မင်းကို

ခန့်မှန်းကြည့်ရအောင်။

ဘယ်သခင်ငယ်ရဲ့

လက်အောက်ငယ်သားလဲ။

သတ္တမမြောက် လူငယ်သခင်။

စတုတ္ထမြောက်လူငယ်သခင်။

ဒါမှမဟုတ်...”

ယန်ယွဲ့ က နှစ်ယောက်စလုံးကို

စိုက်ကြည့်ကာ "လာပါ၊ ဘယ်အချိန်

သေမယ်မှန်းတွေးကြည့်လိုက်ကြ"ဟု

ရုတ်တရက် စကားဖြတ်ပြောလိုက်သည်။

ယန်ယဲ့ ပြောလိုက်သည့်စကားကို

ကြားသောအခါ ယန်ရှန်း၏

မျက်လုံးများက  ချက်ချင်း

ကျဥ်းမြောင်းသွားသည်။

သူစကားပြောဖို့ပြင်လိုက်စဉ် ယန်ယဲ့ဟာ

ရုတ်တရက်ပျောက်ကွယ်သွားသည်။

ယန်ရှန်း အနည်းငယ် ထိတ်လန့်သွားပြီးမှ

“ဘယ်လောက်ရယ်စရာကောင်းသလဲ”

ဟု လှောင်ပြောင်ရယ်မောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့်

နှစ်ယောက်စလုံး နေရာတွင်ပင်

ပျောက်သွားကြသည်။

သူတို့ သုံးယောက် ထွက်သွားသည်နှင့်

တပြိုင်နက် ဝူကလန်၏

မဟာအကြီးအကဲ က ရုတ်တရက်

ပေါ်လာခဲ့သည်။ ထို့နောက်

သူ့ဘေးတစ်နေရာကို စိုက် ကြည့်လိုက်ပြီး

"မင်းကိုယ်မင်း

ပြမှာမဟုတ်ဘူးလား"ဟုပြောလိုက်လေ

သည်။

ထိုနေရာက

အနည်းငယ်တုန်ခါသွားပြီးနောက်

အထဲကနေ အမျိုးသမီးတစ်ဦး

ထွက်လာခဲ့သည်။ ထိုအမျိုးသမီးက ယန်တုံချင်း ပါ။

"အကြီးအကဲ..." ယန်တုံချင်း က မဟာအကြီးအကဲ ကို အနည်းငယ် ဦးညွှတ်သည်။

မဟာအကြီးအကဲ က "မင်း တစ်ခုခုလိုသေးလား"ဟု မေးသည်။

ယန်တုံချင်း က အနည်းငယ်ပြုံးပြီး "အရင်ကတည်းက အဲဒီလူရဲ့ အထောက်အထားကို စုံစမ်းချင်ပါတယ်... ၊ သူက ဘယ်သူလဲဆိုတာ ပြောပြနိုင်ရင် အရမ်းကျေးဇူးတင်မှာပါ"

မဟာအကြီးအကဲ က သူ့လက်ကို ဝှေ့ယမ်းပြီး "ငါမသိဘူး၊ ထွက်သွားပါ။ ငါ့ဝူကလန် က မင်းတို့ယန်ကလန်ရဲ့ ပြဿနာတွေထဲမှာ ဝင်မပါချင်ဘူး"

ဟုပြောပြီးသည်နှင့် တပြိုင်နက်
နောက်လှည့်ကြည့်ကာ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ယန်တုံချင်း၏ မျက်နှာက ချက်ချင်း
အေးစက်သွားသည်။
အချိန်အတော်ကြာအောင်
တိတ်ဆိတ်နေပြီးနောက် သူမ၏ပုံရိပ်က
အဝေးဆီသို့ လွင့်မျောသွားသည်။

...

ယန်ယဲ့ သည် သိုင်းပညာကြယ်စင်စု

ဆီသို့ ပြန်မပြေးဘဲ

အကန့်အသတ်မဲ့ကြယ်တာရာကောင်းက

င်ပြင်ဆီသာ

တောက်လျှောက်ထွက်ပြေးသွားခဲ့သည်။

သူ၏အရှိန်ကိုပါ အကန့်အသတ်ထိ

မြှင့်တင်လိုက်သည်။ထို့ကြောင့်

သိုင်းပညာကြယ်စင်စု၏ နယ်နိမိတ်ထဲမှ
ထွက်လာသည်နှင့် ခဏအကြာမှာပဲ
ကြယ်တာရာကောင်းကင်ပြင်ထဲသို့
ဝင်ရောက်သွားသည်။

ထို့နောက် ယန်ယဲ့က နေရာတွင်ရပ်ကာ
ယန်ရှန်း နှင့် ယန်ရှီကို
လှည့်ကြည့်လိုက်တော့သည်။

"ဘာလို့မပြေးတော့တာလဲ" ယန်ရှီက "ဒါမှမဟုတ် မင်းက ငါတို့ကို သတ်ပစ်ဖို့ ရည်ရွယ်ထားလို့လား"ဟုမေးလိုက်သည်။

ယန်ယဲ့ က နှစ်ယောက်လုံးကို လှည့်ကြည့်လိုက်ပြီး "မင်းတို့ထဲက ဘယ်သူက ငါ့ကို အရင်တိုက်ခိုက်မှာလဲ။ ဒါမှမဟုတ် နှစ်ယောက်လုံး တိုက်ခိုက်မှာလား" ဟုပြန်ပြောသည်။

"နှစ်ယောက် တိုက်ခိုက်ရမလား"

ယန်ရှန်းက လှောင်ပြောင်သံအပြည့်နှင့်

ရယ်မောကာ “မင်းကို

တိုက်ခိုက်စရာလိုသလား”

စကားပြောနေစဉ် ရှေ့သို့

ခြေတစ်လှမ်းတိုးကာ သူ၏ညာလက်ကို

ဆန့်တန်းလိုက်သည်။ သူ့လက်မှီ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းလုံးတစ်ခု

စီးထွက်လာပြီးနောက် ပင့်ကူအိမ်သဖွယ်

ယန်ယဲ့ဆီသို့ လွှမ်းခြုံသွားသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

သူထွက်ပြေးမည့်

လမ်းကြောင်းအားလုံးကို

ပိတ်ဆို့သွားသလို ခံစားလိုက်ရသည်။

ယန်ယဲ့ က သူ့ရှေ့မှ ယန်ရှန်းကို ကြည့်လိုက်သည်။

ပြောစရာမလိုအောင်ပါ၊ထိုလူက သန်မာ၏။

သူ၏သွေးရုပ်သေးများထက်တောင်မှ အားမနည်းခဲ့ပေ။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့ က သူ၏လက်သီးကို ရှေ့သို့ လှမ်းထိုးလိုက်သည်။

လက်သီးချက် က မည်သည့်နည်းစနစ်မျှ

မပါတ်ဘဲ သာမန်ရိုးရှင်းသော

လက်သီးတစ်ချက်သာ။

ဘုန်း...

မျှော်လင့်ထားသည့်အတိုင်း ယန်ယဲ့သည်

ယန်ရှန်း၏ ဖိအားကြောင့်

လွင့်ပျံသွားခဲ့သည်။ သို့သော်လည်း ၃

ကီလိုမီတာ အကွာသို့ ရောက်သည်နှင့်
အနက်ရောင်အရိပ်တစ်ခုသဖွယ်ပြောင်း
လဲကာ ထွက်ပြေးသွားသည်။

ယန်ရှန်း၏ ပါးစပ်ထောင့်မှ
လှောင်ပြောင်လိုသော
အမူအရာတစ်ခုပေါ်လာသည်
“ပုရွက်ဆိတ်တစ်ကောင် ပါပဲလေ"

စကားပြောပြီးသည်နှင့် ယန်ယဲ့နောက်ကို လိုက်ပါသွားသည်။

ထိုအချိန်တွင် ယန်ယဲ့ သည် ထွက်ပြေးနေရာမှ နေရာမှာပင် ဖျတ်ခနဲပျောက်သွား၏။

"သတိထားပါ" ယန်ရှန်း၏ နောက်ကွယ်မှ ယန်ရှီ၏ ထိတ်လန့်တုန်လှုပ်သော အော်ဟစ်သံ ပဲ့တင်ထပ်လာသည်။

ခဏအကြာတွင် ယန်ရှန်း၏ အမူအရာက
ပြောင်းသွားကာ သူ့နောက်ကွယ်မှ
အနက်ရောင်အရိပ်တစ်ခုကို
သတိထားမိလိုက်တော့သည်။
တစ်ချိန်တည်းမှာပင်
ကြောက်မက်ဖွယ်ကောင်းသော
ဖိအားလှိုင်းနှစ်ခုက သူ့အပေါ်သို့
ကျဆင်းသွားသည်။

ဆူး...

ဓားတစ်ချောင်းက ယန်ရှန်း၏
ခေါင်းနောက်ဖက်မှ
ထိုးဖောက်သွားသည်။

ယန်ရှန်း၏ မျက်လုံးများက
ပြူးကျယ်သွားသည်။ မသေခင်
သူ့အကြည့်ထဲ၌ မယုံကြည်နိုင်မှုနှင့်
နောင်တရသောအရိပ်အယောင်များ

ပြည့်နှက်နေခဲ့သည်။ ယန်ယွဲ့
ထွက်ပြေးနေခြင်းက
အားနည်းနေသောကြောင့်မဟုတ်ဘဲ
လှည့်ကွက်သုံးလိုက်မှန်း
သိလိုက်သောကြောင့်ပင်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ" ယန်ရှီ က
ထိုမြင်ကွင်းကြောင့်
ဒေါသတကြီးအော်လိုက်သည်။
သူတိုက်ခိုက်ရန်ပြင်လိုက်စဉ်

မျက်လုံးများ ပြူးကျယ်လာကာ

ခေါင်းထက်မှဆံပင်များ

အဆုံးမဲ့ထောင်မတ်သွားသည်။

ထိုခဏလေးမှာပဲ သူ၏ခန္ဓာကိုယ်ထဲမှ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်တစ်ခု

ထွက်ပေါ်လာသည်။သို့သော်

တစ်ချိန်တည်းမှာပင်

အလင်းတန်းတစ်ခုက

သူ၏ခေါင်းနောက်ဖက်ကို

ထိုးဖောက်လာသည်။

ယန်ရှန်းကဲ့သို့ပင် ယန်ရှီ၏ပုံရိပ်က

တဖြည်းဖြည်း တောင့်တင်းလာသည်။

ထိုအချိန်တွင် ယန်ယဲ့ သည် ယန်ရှီ နှင့်

မီတာ ၃၀၀ အကွာ၌ ရှိနေခဲ့သည်။

"နင်ဘယ်သူလဲ" အသံတစ်သံ

ရုတ်တရက်ထွက်ပေါ်လာပြီးနောက်

ယန်တုံချင်း၏ ပုံရိပ်က

အာကာသပြင်ထဲကနေ ထွက်လာခဲ့သည်။

သူမက ယန်ယဲ့ ကို စိုက်ကြည့်နေသည်။

သူမ၏မျက်လုံးထဲ၌

လူသတ်လိုစိတ်မရှိဘဲ အတော်လေးကို

ထူးထူးခြားခြားငြိမ်သက်နေခဲ့သည်။

သို့သော်လည်း သူမ၏ အရှိန်အဝါက

ပတ်ဝန်းကျင် အာကာသပြင်ကို

အထပ်ထပ်ဖြစ်နေစေသည်။

သူမ ရောက်လာသည့်အချိန်မှာတော့
ယန်ရှန်း အသတ်ခံရသည်ကို
မြင်လိုက်ရ၏။ထို့နောက် သူမ
တိုက်ခိုက်ရန်ပြင်လိုက်စဉ်မှာလည်း
ယန်ရှီ ပါ အသတ်ခံလိုက်ရသည်။

ထာဝရတန်ခိုးရှင် ၂ ပါးလုံး ချက်ချင်း
အသတ်ခံရသည်။

ယန်ရှန်း နှင့် ယန်ရှီ က သာမန်

ထာဝရတန်ခိုးရှင်များ မဟုတ်ကြပေ။

ယန်ယဲ့က ဓားကိုကိုင်လျက် ယန်တုံချင်း

ဆီကို လျှောက်သွားကာ "ငါက

ဘယ်သူလဲ။

မင်းဘာလို့မခန့်မှန်းတာလဲ"ဟုပြန်ပြောလို

က်သည်။

ယန်တုံချင်း က ယန်ယွဲ့၏လက်ထဲမှ

ဓားကို

တစ်ချက်ကြည့်လိုက်ပြီး

"ငါသိသလောက်တော့ ဂ

ယောက်မြောက်အစ်ကို ကလွဲရင်

ဘယ်သူမှ ဓားမသုံးပါဘူး။ ဒါပေမဲ့ ဂ

ယောက်မြောက်အစ်ကိုက ငါနဲ့

ငါ့အစ်ကိုကို ရန်ငြိုးထားတာ မဟုတ်ဘူး၊

ဒါဆိုရင်တော့ သေချာပေါက် သူ

မဟုတ်ဘူး…”

ယန်ယဲ့ က ရုတ်တရက်

စကားဖြတ်ပြောလိုက်သည်

"ငါတို့ကြားမှာ ရန်ငြိုးတွေမရှိဘူးဆိုတာ

မင်းဘယ်လိုသိတာလဲ။ ငါမှားရင်

ငါတို့ကြားမှာ သွေးကြွေးတွေ ရှိနေတယ်"

ဒီအချိန်မှာ ယန်ယွဲ့ သည် သူ့ရှေ့မှ

အမျိုးသမီး ကို

ချက်ချင်းသတိပြုမိခဲ့သည်။

ယန်ရှမ်၏ ပြောစကားအရ ယန်ရှန်း နှင့်

ယန်ရှီ ဟာ ယန်တုံချင်း၏

လက်အောက်ငယ်သား ဖြစ်ကြောင်း

သိနေခဲ့သည်။ တစ်နည်းအားဖြင့်

ထိုအမျိုးသမီးက သူ့အား

သတ်ချင်နေသည့် ယန်တုံချင်း ပင်။

"သွေးကြွေးလား" ယန်တုံချင်း၏ လှပသောမျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားပြီး "နင့်ရဲ့ မျက်နှာ ငါ့ကို ပြ။ နင်က ၈ ယောက်မြောက် အစ်ကို ဟုတ်မဟုတ် ကြည့်ခွင့်ပေးပါ"ဟု ပြောလိုက်သည်။

ယန်တုံချင်း က

သူမရှေ့ကအနက်ဝတ်လူကို ယန်ယဲ့

ဖြစ်နိုင်ကြောင်း တစ်ခါမှ မစဉ်းစားမိပေ။

သို့မဟုတ် ယန်ကလန်၏

အဖွဲ့ဝင်အတော်များများက ယန်ယဲ့

ဟူသောနာမည်ကို

မသိသေးဟုသာဆိုရပါမည်။ ထို့အပြင်

သူမက ယန်ယဲ့ကို တစ်ခါမှမမြင်ဖူးဘဲ

တပ်ဖွဲ့များစေလွှတ်ပြီးသတ်ဖြတ်စေခဲ့ရုံ

သာ။ ထို့ကြောင့် သူမ၏စိတ်ထဲ၌

အနက်ရောင်ဝတ်လူ ဟာ ယန်ယဲ့
ဖြစ်နေမည်ဟု မထင်ထားခဲ့ပေ။

"မင်းချက်ချင်းသိလိမ့်မယ်"
စကားပြန်ပြောပြီး ယန်ယဲ့၏ပုံရိပ်က
ဖျတ်ခနဲပျောက်သွားခဲ့သည်။ ထို့နောက်
ယန်တုံချင်း၏ ရှေ့မှာ ပြန်ပေါ်လာပြီး
သူ့လက်ထဲမှ ဓားဖြင့်
ဆတ်ခနဲပိုင်းချလိုက်တော့သည်။

ယန်တုံချင်း၏ မျက်လုံးများ က

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူမက ယန်ယွဲ့၏တိုက်ခိုက်မှုအား

ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဝံ့ပေ။

သူမ၏ညာခြေကို တစ်ချက်ဆောင့်ကာ

ကိုယ်ကိုတစ်ပါတ်လှည့်၍နေရာမှာပင်

ပျောက်သွားသည်။ ထို့နောက်တွင်

ယန်တုံချင်း၏ ပုံရိပ်က ၁၀

ကီလိုမီတာအကွာကို ရောက်နေခဲ့သည်။

သို့သော် ထိုနေရာ၌ ရုပ်လိုက်သည်နှင့်

တပြိုင်နက် တစ်စုံတစ်ခုကို

သတိပြုမိသွားပုံရပြီး

သူမ၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားခဲ့သည်။

အကြောင်းကတော့

ထူးဆန်းသောအလင်းတန်းတစ်ခုက သူမ

ရှေ့ကို ရောက်ရှိလာသောကြောင့်ပါ။

ပြန်လည်မွေးဖွားခြင်း၏ဓား…။

သို့သော် ယန်တုံချင်း က

ချက်ချင်းတည်ငြိမ်သွားပြီး

သူမ၏လက်သီးကို

အမြန်ဆုပ်လိုက်သည်။

ဘမ်း...

ယန်တုံချင်း၏ လက်သီးချက်မှ

အစိမ်းရောင်အလင်းတန်းသုံးခု

ထွက်ပေါ်လာသည်။

အလင်းတန်းတစ်ခုဟာ

ယန်ယွဲ့၏ဓားပိုင်းချက်ကို

တားဆီးလိုက်ကာ ကျန်နှစ်ခုကတော့

ယန်ယွဲ့ဆီကို

တည့်တည့်ပြေးဝင်သွားသည်။

ဘမ်း...ဘမ်း...ဘမ်း...

ပေါက်ကွဲသံများ ထွက်ပေါ်လာပြီးနောက်
နှစ်ယောက်စလုံး ၁
ကီလိုမီတာကျော်အကွာထိ
အသီးသီးနောက်ပြန်ဆုတ်သွားခဲ့သည်။

ယန်တုံချင်း က သူမ၏လက်များကို
တစ်ချက်ငုံ့ကြည့်လိုက်သည်။ ဒီအချိန်မှာ
သူမ၏လက်မောင်းတစ်လျှောက်
ဓားဒဏ်ရာအပြည့်ဖုံးလွှမ်းထားသည်။
ခဏကြာငြိမ်သက်သွားပြီးနောက်

ယန်ယဲ့ကိုမော့ကြည့်ရင်း "ဘယ်လောက်

အစွမ်းထက်တဲ့

ဓားနည်းစနစ်လဲ"ဟုပြောလိုက်ပါသည်။

ယန်ယဲ့ သည်လည်း သူ့ရင်ဘတ်ကို

ပြန်ငုံ့ကြည့်လိုက်သည်။ သူ့ရင်ဘတ်က

လုံးဝအောင့်သွားသည်။ သူက

ယန်တုံချင်း ကို

မော့ကြည့်လိုက်လေသည်။

ပြောစရာမလိုအောင်ပါ၊ ယန်တုံချင်း က

အမှန်ပင်သန်မာလှသည်။ သို့သော် သူက

အမှောင်တာအိုဥပဒေသ ကို

ထုတ်မသုံးခဲ့ပေ။

အကြောင်းရင်းနှစ်ချက်ရှိနေလို့ပါ။

ပထမအချက်က သူ့အနေဖြင့်

ကောင်းကင်ငယ်၏ တည်နေရာကို

သိချင်ခဲ့သည်။ ထိုအချက်ကြောင့်သာ

ယန်တုံချင်းကို မသတ်သေးဘဲ

သာမန်တိုက်ခိုက်နေခြင်းပါ။

ဒုတိယအကြောင်းရင်းမှာ ယန်တုံချင်းက

သူ့အား မပြတ်သတိထားနေလို့ပါ။

အကယ်၍ သူက

အမှောင်တာအိုဥပဒေသကို

ထုတ်သုံးလျှင်ပင်

ယန်တုံချင်းအားသတ်နိုင်သည်ဟု ၁၀၀

ရာခိုင်နှုန်း ယုံကြည်မှုမရှိခဲ့ပေ။

အမှန်စင်စစ် သူ့အတွက်

တတိယမြောက်အကြောင်းပြချက်ပါ

ရှိနေခဲ့သည်။ ထိုအရာက ယန်ကလန်၏

ပါရမီရှင်များ ပိုင်ဆိုင်ထားသော

ခွန်အားကို

လက်တွေ့စမ်းသပ်လိုခြင်းပင်။

"နင်က ၈ ယောက်မြောက် အစ်ကို

မဟုတ်ဘူး" ထိုအချိန်တွင် ယန်တုံချင်း

က ရုတ်တရက် ပြောခဲ့သည်  " ၈

ယောက်မြောက် အစ်ကိုကို

အပြစ်ပုံချချင်လို့ပဲ။ ပြီးတော့ ငါတို့တွေ

သေတဲ့အထိ တိုက်ခိုက်ပြီးမှ နင်က

ကြားထဲကနေ အကျိုးအမြတ်ဝင်ယူမှာ။

ဟုတ်တယ်ဟုတ်။ နင်က ၈

ယောက်မြောက်အစ်ကို မဟုတ်ဘူးဆိုတာ

ဘာလို့သိလိုက်တာလဲသိချင်လား။

အကြောင်းကတော့…”

"မင်းရဲ့ သောက်အစိပ္ပါယ်မရှိတဲ့

စကားတွေကို နားထောင်ဖို့ ငါ

စိတ်မဝင်စားဘူး" ယန်ယဲ့က

အေးစက်စက်ပြောလိုက်ပြီး
နေရာတွင်ပင် ပျောက်သွားသည်။

ထို့နောက်တွင် အလင်းတန်းများ
ချက်ချင်းဆိုသလို ဖြာထွက်လာပြီး
ပတ်ပတ်လည်ရှိ အာကာသပြင်ဟာ
စာရွက်တစ်ရွက်လို ပွင့်ထွက်သွားသည်။

ထိုတိုက်ခိုက်မှုအား မြင်သောအခါ
ယန်တုံချင်း၏ မျက်လုံးများက

အနည်းငယ် ကျဉ်းသွားပြီး

လူသတ်လိုစိတ်များပင်ပေါ်လာခဲ့သည်။

ထိုအချိန်တွင် ဓားစွမ်းအင်က သူမရှေ့သို့

ရောက်လာပါပြီ။

ဓားစွမ်းအင်က သူမ၏နဖူးမှ

လက်မအနည်းငယ်အကွာသို့

ရောက်ရှိလာသည့်အခိုက်

ယန်တုံချင်း၏နဖူးအလယ်မှ

အစိမ်းရောင်အလင်းတန်းများ

ရုတ်တရက် ထွက်ပေါ်လာသည်။

.

ဘမ်း...

အစိမ်းရောင်အလင်းတန်းဟာ

ယန်ယဲ့၏ဓားစွမ်းအင်မှတစ်ဆင့်

ချက်ချင်း ထိုးဖောက်ဝင်လာခဲ့သည်။

ဓားစွမ်းအင်များ ချက်ချင်း

ပြန့်ကျဲသွားသော်လည်း

အစိမ်းရောင်အလင်းတန်းဟာ

ယန်ယွဲ့ဆီသို့ ဆက်၍

တိုးဝင်သွားလေသည်။

တစ်ချိန်တည်းတွင်

အစိမ်းရောင်အလင်းတန်း

ဖြတ်သန်းလာရာ အာကာသပြင်ဟာ

ကွဲအက်သွားခဲ့သည်။ မြင်ရသည်မှာ

လုံးဝကို ထိတ်လန့်စရာ

မြင်ကွင်းတစ်ခုပင်။

ယန်ယဲ့ သည် သူ၏ဓားကို ရှေ့သို့ ဆတ်ခနဲ လှမ်းထိုးလိုက်သည်။

May Be:

၁၉၆၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန် သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆၄ - ယန်ကလန်၏ အဆင့်မြင့်အာဏာပိုင်

ခွမ်း…

အစိမ်းရောင်အလင်းတန်းဟာ

အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားသည်။

ခဏအကြာတွင် ယန်ယဲ့၏ပုံရိပ်က

နေရာတွင် ပျောက်သွားပြီး ယန်တုံချင်း

ရှေ့၌ ပေါ်လာခဲ့သည်။ တစ်ဆက်တည်း

သူ့ခြားကို ဆွဲထုတ်ပြီး

အားကုန်ပိုင်းချလိုက်၏။

ကောင်းကင်ဘုံဖျက်ဆီးခြင်းခြား ၁၀

ထပ်ပေါင်းစပ်ခြင်း ။

ခြားစွမ်းအင်မှ အဖျက်စွမ်းအားကို

ခံစားမိသောအခါ ယန်တုံချင်း၏

မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းသွားသည်။

ထို့နောက် သူမ၏ခန္ဓာကိုယ်ထဲမှ အစိမ်းရောင်အလင်းတန်းများ ထွက်ပေါ်လာသည်။

အုန်း…

ကျယ်လောင်သော ပေါက်ကွဲသံက ပတ်ဝန်းကျင်အနှံ့ ပဲ့တင်ထပ်သွားပြီးနောက် ပုံရိပ်တစ်ခု လွင့်ပျံလာခဲ့သည်။ ထို့အပြင်

လက်တစ်ဖက်ကပါ အာကာသထဲသို့
ပျံတက်သွားသည် ။

ထိုလွင့်ထွက်လာသော ပုံရိပ်က
ယန်တုံချင်း ပါ။

ယန်တုံချင်း၏ ပုံရိပ်က
လွင့်ပျံသွားသည့်အခိုက် ဓားအူသံ
ရုတ်တရက် ထွက်ပေါ်လာပြီး

အလင်းတန်းတစ်ခုက သူမရှေ့သို့ ချက်ချင်းရောက်ရှိလာသည်။

ထိုအချိန်တွင် အထက်ကောင်းကင်ယံမှ တလက်လက်တောက်ပနေသော လက်ချောင်းတစ်ချောင်း ဆင်းသက်လာသည်။

ဘမ်း…

လက်ချောင်းက ဓားစွမ်းအင်ကို

အစိတ်စိတ်အမြွှာမြွှာ

ထိုးခွဲသွားပြီးနောက် ပုံရိပ်တစ်ခုပါ

လွင့်ပျံလာသည်။

ထိုပုံရိပ်က ယန်ယွဲ့ပါပဲ။

ယန်ယွဲ့ သည် ၃ ကီလိုမီတာနီးပါး

ပျံသန်းပြီးနောက်ဆုံးမှသာ သူ့ကိုယ်သူ

ရပ်တန့်လိုက်နိုင်သည်။ ထို့နောက်

အာကာသပြင်ထဲကို

မျှော်ကြည့်လိုက်သည်။ ထိုအချိန်တွင်

ကောင်းကင်ယံအထက်မှ အသံတစ်သံ

ရုတ်တရက်ထွက်ပေါ်လာသည်

“ဆက်ခံသူတိုက်ပွဲက မစသေးဘူး။

ပြန်လာကြ”

ယန်ကလန် မှ ကျင့်ကြံသူ...။

ယန်ယဲ့၏မျက်လုံးများက

မှိန်ဖျော့ဖျော့အလင်းများ

တောက်ပလာသည်။

ယန်တုံချင်း က သူမ၏ ပါးစပ်ထောင့်ရှိ

သွေးများကို သုတ်လိုက်ပြီး ယန်ယဲ့အား

အေးစက်စက်စိုက်ကြည့်လိုက်သည်။

ထို့နောက် "ငါ့လက်မောင်းအတွက် နင့်ကို

ဆယ်ဆ ပြန်ပေးဆပ်ခိုင်းမယ်။ နင်...”

သူမ၏အမူအရာက ရုတ်တရက်
ပြောင်းသွားသည်။ တစ်ချိန်တည်းမှာပင်
အပေါ်စီးမှ ဒေါသတကြီးအော်သံက
"ဘယ်လောက် ဂုဏ်ယူစရာလိုက်သလဲ"

ထို့နောက်တွင် အထက်မှ
လက်ချောင်းတစ်ချောင်း ရုတ်တရက်
ဆင်းသက်လာသည်။

ယန်တုံချင်း၏ အမူအရာကလည်း

သိသိသာသာပြောင်းလဲသွားသည်။

အကြောင်းကတော့ သူမ၏နောက်ကွယ်မှ

ပုံရိပ်တစ်ခု

ပေါ်လာသောကြောင့်ပါ။

တစ်ချိန်တည်းမှာပင်

ကြောက်မက်ဖွယ်ကောင်းသော စိတ်ဆန္ဒ

နှစ်ခုက သူမအပေါ် ချက်ချင်းပင်

ဖိနှိပ်လာခဲ့သည်။ ထို့အပြင်

ထိုစိတ်ဆန္ဒနှစ်ခုထက် ပိုပြင်းထန်သော
စွမ်းအားတစ်ခုပါကပ်ပါလာသည်။

မတူညီသော စွမ်းအားသုံးမျိုးက
သူမအပေါ် ဖိနှိပ်လာသောကြောင့်
ယန်တုံချင်း၏ ဆန်းကြယ်ချီစွမ်းအင်ဟာ
ချက်ချင်းပင် ပြန်ငြိမ်သွားခဲ့သည်။

ထိုအရာအားလုံးက ခဏလေးအတွင်း
ဖြစ်ပျက်သွားခြင်းပါ။ သို့သော်

ထိုခဏလေးက ယန်ယဲ့အတွက်

လုံလောက်ပါသည်။

တစ်ချိန်တည်းတွင် အလင်းတန်းတစ်ခု

ရုတ်တရက် လင်းလက်လာသည်။

ဆူး....

ခေါင်းပြတ်တစ်လုံးက လေထဲသို့

ပျံတက်သွားသည်။

ယန်တုံချင်းကို သတ်ပစ်လိုက်ပြီးနောက်

ယန်ယွဲ့က သူ့ဓားကို ပြန်သိမ်းလိုက်သည်။

ထို့နောက် ဆတ်ခနဲဆွဲထုတ်ပြီး

အပေါ်သို့လှန်လိုက်၏။ ယန်ယွဲ့ က

ရုတ်တရက် တိုက်ခိုက်လိုက်ခြင်းပင်။

ဓားစွမ်းအင် အလင်းတန်းတစ်ခုက

ကောင်းကင်ပေါ်ထိုးတက်သွားကာ

သူ့အပေါ် ကျဆင်းလာသည့်

လက်ချောင်းကို

နှစ်ခြမ်းခွဲပစ်လိုက်လေသည်။

"မင်းဘယ်လိုတောင်သတ္တိကောင်းနေသ

လဲ" မိုးချိန်းသံကြီး

ကဲ့သို့ အဆုံးမရှိဒေါသသံဟာ

ကောင်းကင်ယံအထက်မှ

ပဲ့တင်ထပ်လာပြီး အစွမ်းထက်အော်ရာ

တစ်ခုပါ အထက်မှ ကျဆင်းလာသည်။

ယန်ယဲ့ က တံ့ဆိုင်းမနေဘဲ

ဓားကိုဆွဲထုတ်ပြီး ပိုင်းချလိုက်သည်။

ထို့နောက် အပေါ်မော့၍

အေးစက်စက်အကြည့်ဖြင့်

အာကာသထဲသို့ မျှော်ကြည့်ရင်း

“မင်းသေချင်လား”ဟုသာ

ပြန်ပြောခဲ့သည်။

သူ့လုပ်ရပ်က လွန်လွန်းသွားပြီဟုတော့
မထင်မိပေ။

ယန်ယဲ့၏ ရည်ရွယ်ချက်ကိုက
ယန်ကလန်ကို ခွန်အားပြရုံသာ။

သူက ယန်တုံချင်းကို
ပေါ်တင်သတ်လိုက်သောကြောင့်
ယန်ကလန်၏ အဆင့်မြင့်အာဏာပိုင်ကို
တိုက်ရိုက်စော်ကားလိုက်သလိုပင်။

သို့သော် ယန်ယဲ့ က ဂရုမစိုက်ပေ။

အကြောင်းကတော့ ယန်ကလန် ဟာ

လူသေတစ်ယောက်အတွက်နှင့် သူ့အား

အပြစ်ပေးမှာမဟုတ်မှန်း သိနေလို့ပါ။

လူသေများက

တန်ဖိုးမရှိတော့သောကြောင့်ပင်။

ထို့အပြင်

သူထုတ်ပြသည့်အလားအလာများလေ

လေ ယန်ကလန်၏

အဆင့်မြင့်အာဏာပိုင်များကို

အလေးအနက်ထားလာအောင်

သွေးဆောင်နိုင်ပါသည်။

ယန်ကလန်၏နံပါတ်တစ်ပါရမီရှင်

ယန်လျန်ရွှမ်း ကဲ့သို့ပင်။ အပြင်လောက၌

ပြဿနာရှာနေသည့်တိုင် ယန်ကလန်ဟာ

သူမ၏နောက်ကွယ်မှ

အမြဲရှိနေပါလိမ့်မည်။

မှန်သည်၊

ခြင်းချက်အနေနှင့်တစ်စုံတစ်ယောက်၏

တန်ဖိုးက

ကြိုတင်သတ်မှတ်ချက်တစ်ခုပါ။

အစပိုင်းတွင် သူက ယန်တုံချင်း ကို

အသက်ရှင်လျက်

ဖမ်းဆီးရန်ရည်ရွယ်ထားခဲ့သည်။

သို့သော် ယန်ကလန်၏

အဆင့်မြင့်အာဏာပိုင်တစ်ဦး

ရောက်လာသောကြောင့်

လက်ရဖမ်းဆီးဖို့က မဖြစ်နိုင်တော့ပေ။

အခြေအနေက ထိုသို့ဖြစ်လေရာ

တစ်ခါတည်း အဆုံးသတ်လိုက်ဖို့သာ

လုပ်ဆောင်ခဲ့သည်။

ခဏအကြာတွင်တော့ အပေါ်မှ

ကျဆင်းလာသည့် အရှိန်အဝါများ

ရုတ်ချည်းပြန့်ကျဲသွားပြီးနောက် ယန်ယဲ့

နှင့် မလှမ်းမကမ်း၌
အဘိုးအိုတစ်ယောက် ပေါ်လာသည်။

ထာဝရတန်ခိုးရှင် ။

ယန်ယဲ့၏ မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းလာကာ
သူ့ခန္ဓာကိုယ်ထဲမှ
ဆန်းကြယ်ချီစွမ်းအင်များ
တဟုန်ထိုးမြင့်တက်လာတော့သည်။ အ

ဘိုးအို ထံမှ ထွက်ပေါ်နေသော

အငွေ့အသက်အရ

သူ၏သွေးရှုပ်သေးများထက်

ပိုသန်မာကြောင်းခံစားမိလို့ပါ။

အဘိုးအိုက ယန်ယဲ့ ကို စိုက်ကြည့်ရင်း

"မင်းဘာပြောတာလဲ။ ဘာလို့

နောက်တစ်ကြိမ် ထပ်မပြောတာလဲ"ဟု

အေးစက်စက်ပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်ပြပြီးနောက်

နေရာတွင်ပင်

ပျောက်သွားခဲ့သည်။ ထို့နောက်

သူ့ပုံရိပ်က အဘိုးအိုရှေ့၌ ပေါ်လာပြီး

ဓားဆွဲထုတ်ကာ တစ်ဆက်တည်း

ပိုင်းချလိုက်တော့သည်။

အဘိုးအို၏ အကြည့်က ချက်ချင်း

အေးခဲသွားကာ သူ့ညာဖက်လက်ဝါးကို

လှန်ပြီး ရှေ့သို့ ပုတ်လိုက်သည်။

ဘုန်း....

သူ့လက်ဝါးကို ရှေ့သို့ ပုတ်လိုက်သည်နှင့်
တပြိုင်နက် မြေလျင်ကြီး
လှုပ်ခတ်သွားသလိုမျိုး ကီလိုမီတာ
ရာချီသော အာကာသပြင်က ပြင်းထန်စွာ
လှုပ်ခါစပြုလာသည်။

အုန်း...

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက် ယန်ယဲ့သည် ၃

ကီလိုမီတာအကွာသို့တိုင်

လွင့်ပျံသွားခဲ့သည်။ သို့သော်

ယန်ယဲ့၏ပုံရိပ်က ရုတ်ချည်းပင်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

ပျောက်ကွယ်သွားလေသည်။

ပြန်လည်မွေးဖွားခြင်း၏ဓား ။

ထာဝရရှင်သန်ခြင်းအဆင့်

(ပြန်လာအဆင့်) စိတ်ဆန္ဒ ၂ နှစ်မျိုးဖြင့်

ပေါင်းစပ်ထားသည့်

ပြန်လည်မွေးဖွားခြင်း၏ခြား ပင်။

စူးရှသော အလင်းတန်းကြီးတစ်ခု

လင်းလက်လာသည်။

အုန်း...

ပေါက်ကွဲသံကြီးတစ်ချက်

ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ဤတစ်ကြိမ်လွင့်ထွက်လာသောပုံရိပ်က

တော့

ယန်ကလန်၏အဆင့်မြင့်အာဏာပိုင်ပါ။

အဘိုးအိုဟာ ၁ ကီလိုမီတာအကွာထိ

လွင့်ထွက်သွားသည်။

ခဏအကြာတော့

သူ့ကိုယ်သူထိန်းလိုက်ပြီး

မတ်တပ်ပြန်ရပ်လိုက်သည်။

တစ်ဆက်တည်း အဘိုးအိုက

သူ၏ညာဖက်လက်ဝါးကို

ငုံ့ကြည့်လိုက်သည်။ ဒီအချိန်မှာ

သူ့လက်ဝါးအလယ်မှ

အပေါက်တစ်ခုရှိနေသည်။

ခဏာမျှတိတ်ဆိတ်သွားပြီးနောက်မှ ယန်

ယွဲ့ ကို မော့ကြည့်ကာ

"ပြန်လာအဆင့် စိတ်ဆန္ဒ ၂ မျိုးပါလား။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နဲ့ ဓားစိတ်ဆန္ဒ "

သူက ခဏာရပ်ပြီး “မင်းက

ဘယ်သခင်ငယ်လဲ"

ဟုမေးလိုက်ပါသည်။

ယန်ယွဲ့ က အဘိုးအိုကို စိုက်ကြည့်နေရင်း

“နောင်မှာ မင်းသိလိမ့်မယ်”

ဟုသာပြန်ပြောသည်။

အဘိုးအိုက ခေါင်းခါလိုက်သည်

“မင်းဟာ စည်းမျဉ်းတွေကို

ဖောက်ဖျက်လိုက်တာ။ ဒါကြောင့် အခုပဲ

ငါနဲ့အတူ

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

ပြန်လာပါ" ဟုပြောပြီး

သူ့လက်နှစ်ဖက်ကို ရှေ့သို့

ဆန့်လိုက်လေသည်။ ထိုခဏလေးမှာပဲ ကြောက်မက်ဖွယ်ရာ စုပ်ယူအားတစ်ခုပေါ်လာပြီး ယန်ယဲ့အား ဆွဲယူလေသည်။

ထိုအချိန်တွင် ယန်ယဲ့ သည် ချက်ခြင်းဆိုသလိုပင် ပျောက်ကွယ်သွားခဲ့သည်။ အဘိုးအို၏ အမူအရာသည် ချက်ချင်း ပြောင်းလဲသွားပြီးနောက် သူကိုယ်တိုင်ပါ

နေရာတွင်ပင်

ပျောက်သွားခဲ့သည်။ နောက်တစ်ကြိမ်

ပြန်ပေါ်လာသည်နှင့်

နဂိုရပ်နေသည့်နေရာကနေ ၃

ကီလိုမီတာအကွာ၌ ရှိနေသည်။

သို့သော် ခဏအကြာမှာပဲ အဘိုးအို၏

မျက်လုံးများက ကျဉ်းမြောင်းလာပြီး

နောက်တစ်ကြိမ်

ပျောက်သွားခဲ့သည်။ တစ်ချိန်တည်းမှာပ

င် ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်တစ်ခုက

ကြယ်တာရာကောင်းကင်ပြင်ကို

ရုတ်တရက် လွှမ်းခြုံသွားခဲ့လေသည်။

ထို့နောက်

ကြယ်တာရာကောင်းကင်ပြင်၏

ကီလိုမီတာ ရာချီသော အာကာသပြင်ဟာ

ပြင်းထန်စွာ လှုပ်ခတ်သွားခဲ့သည်။

အသက်ရှူ ၃ ရှိုက်စာခန့် အကြာမှာတော့
ပတ်ဝန်းကျင်ဟာ ရုတ်တရက်
ပြန်ငြိမ်သက်သွားခဲ့၏။

ထိုအချိန်တွင် ယန်ယဲ့ နှင့် အဘိုးအိုဟာ
တစ်ယောက်နှင့်တစ်ယောက် မီတာ ၃၀၀
အောက်အကွာမှာ ရပ်နေခဲ့ကြသည်။

ယန်ယှဲ သည် လက်ထဲမှာ

ဓားတစ်လက်ကိုင်ထားလျက်သားဖြင့်

နေရာတွင်သာ ရပ်နေဆဲပင်။

အဘိုးအိုကတော့ မျက်လုံးထဲမှ

ထိတ်လန့်တုန်လှုပ်မှုများ

သိသိသာသာပင် ပေါ်နေပါသည်။ သူက

စကားမပြောသေးဘဲ

ထိတ်လန့်နေဆဲအကြည့်များဖြင့်သာ

ယန်ယဲ့အားအချိန်တော်တော်ကြာအောင်

စိုက်ကြည့်နေခဲ့သည်။

အကယ်၍ တစ်ယောက်ယောက်သာ

သူ့နောက်ကျောဖက်ကို လာကြည့်ပါက

နက်ရှိုင်းသော

ဓားဒဏ်ရာနှစ်ချက်ကိုမြင်သွားပေမည်။

ထို့အပြင် လက်ရှိအဘိုးအို၏

နောက်ကျောတစ်ခုလုံးဟာ သွေးများဖြင့်

ဖုံးလွှမ်းထားခဲ့သည်။

ယန်ယဲ့ က အဘိုးအိုကို အေးစက်စွာ

စိုက်ကြည့်ရင်း "မင်းကို ငါမသတ်နိုင်တာ

မဟုတ်ဘူး။ နားလည်လား "

ထိုစကားပြောပြီးနောက်

လှည့်ထွက်သွားသည်။

ထိုအချိန်တွင် အဘိုးအိုက "မင်းဟာ

စည်းမျဉ်းတွေကို

ချိုးဖောက်ခဲ့တယ်။ စည်းကမ်းထိန်းသိမ်း

ရေးခန်းမက ဒါကို ခွင့်ပြုမှာမဟုတ်ဘူး။

ယန်တုံချင်း ရဲ့ မိဘတွေက မင်းကို

ခွင့်ပြုမယ်မထင်ဘူး။ မင်းရဲ့အပြစ်တွေ

ကို ဝန်ခံလိုက်တာ

အကောင်းဆုံးပါပဲ။ မဟုတ်ရင်...”

ယန်ယွဲ့ က ရုတ်တရက် ရပ်လိုက်ပြီး

"ကောင်းပြီ။ သူတို့ လက်စားချေချင်ရင်

ငါ့ဆီကို တိုက်ရိုက်လာနိုင်တယ်"ဟု
ပြန်ပြောလိုက်၏။

ထို့နောက် နေရာမှာပင် ပျောက်သွား၏။

အဘိုးအိုက အချိန်အတော်ကြာအောင်
ရပ်နေရင်း
ယန်ယဲ့ပျောက်သွားသည့်နေရာကို
စိုက်ကြည့်နေခဲ့သည်။ အသက်ရှူ ၁၀
ရှိုက်စာအကြာတွင်

အဘိုးအိုရဲ့ဘေးနားကနေ

ဆံပင်ဖြူအဘိုးအိုတစ်ယောက်

ရုတ်တရက်ပေါ်လာသည်။ ဆံပင်ဖြူ

အဘိုးအိုက ငြိမ်သက်နေသော အဘိုးအို

ကို ငုံ့ကြည့်ကာ "ယန်လင်း၊ မင်းတကယ်

ရှုံးသွားပြီလား"ဟုမေးလေသည်။

ယန်လင်း ဟုခေါ်သော အဘိုးအိုက

ခေါင်းခါကာ

“ငါသေလုနီးပါးပဲ”ဟုပြန်ပြောလိုက်သည်
။

ဆံပင်ဖြူ အဘိုးအိုက သိသိသာသာ
အံ့အားသင့်သွားသည် "သူက
ဘယ်သခင်ငယ်လဲ သိလား"

ယန်လင်းက ခေါင်းခါပြသည် “ငါ
မသိပါဘူး။အနည်းဆုံးတော့

သူ့လိုလူမျိုးက သခင်ငယ်တွေ

ကြားထဲမှာ မရှိနိုင်ဘူး”

ဆံပင်ဖြူအဘိုးအိုက ခဏကြာအထိ

ငြိမ်သက်သွားပြီးမှ “ဘယ်သခင်ငယ် ပဲ

ဖြစ်ဖြစ် ငါတို့ရဲ့

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

ဆန့်ကျင်ရဲမှတော့ ငါတို့ရဲ့အင်အားကို

သူသိသွားအောင်

ထုတ်ပြရမယ်။ ဒီလိုမှမဟုတ်ရင်

တခြားသခင်ငယ်တွေအားလုံးက
ငါတို့ကိုအနိုင်ကျင့်ဖို့
လွယ်တယ်လို့ထင်ကုန်လိမ့်မယ်”ဟုပြော
ပါသည်။

အဘိုးအိုယန်လင်း က
ခဏတုံ့ဆိုင်းသွားပြီး
"ငါတို့သတိထားရမယ်။ သူက
ဆက်ဆံရတာ လွယ်တဲ့လူတော့
မဟုတ်ပါဘူး”ဟုပြောလိုက်သည်။

ဆံပင်ဖြူ အဘိုးအိုက အေးစက်စွာ ရယ်မောလိုက်သည် "မင်းမသိတာလား ဒါမှမဟုတ် မေ့နေတာလား။ ငါတို့ ယန်ကလန်ရဲ့ ဘယ်သခင်ငယ် ကများ ဆက်ဆံရ လွယ်သလဲ"

အဘိုးအိုယန်လင်း က ခေါင်းညိတ်လိုက်သည်။ ထို့နောက် အသက်မဲ့နေသော ယန်တုံချင်း၏

အလောင်းကို ကြည့်လိုက်သည်။ သူက

“ယန်ခုံး က ဒီကိစ္စကို ငြိမ်ခံမှာ

မဟုတ်ဘူး။ ဒီလူက

သူ့ရဲ့အဖိုးတန်သမီးကိုအတော်လေးကာ

ကွယ်ပေးထားတယ်။ အခု  ယန်တုံချင်း

က ငါ့ရှေ့မှာတင် အသတ်ခံရတော့

ငါတောင်

ဖြေရှင်းရခက်နေပြီ…”ဟုပြောခဲ့သည်။

ဆံပင်ဖြူအဘိုးအိုက ခေါင်းခါပြီး “သူ့ရဲ့

ပြိုင်ဖက်ထက် အရည်အချင်း နိမ့်ရင်

ဘယ်သူကို

အပြစ်တင်နိုင်မလဲ။ ဟုတ်တယ်၊

ဒီသခင်ငယ် အသစ်ကတော့ တကယ်ကို

ရက်စက်ကြမ်းကြုတ်တာပါ။ သူက

သက်ညှာတာမျိုးမရှိတဲ့အပြင်

ယန်တုံချင်း ကို

လူဝင်စားဖို့အခွင့်အရေးတောင်မပေးခဲ့
ဘူး”ဟု ထပ်ပြောပါသည်။

အဘိုးအိုယန်လင်းက “အခု
ဒီသခင်ငယ်က ပါဝင်လာတဲ့အတွက်
ဆက်ခံသူရာထူးအတွက် ပြိုင်ပွဲက
စိတ်ဝင်စားစရာ
ကောင်းလာလိမ့်မယ်။ ကံမကောင်းစွာနဲ့ပဲ
ယန်လျန်ရှမ်း က
ယောက်ျားလေးမဟုတ်ခဲ့ဘူး”

ဆံပင်ဖြူအဘိုးအိုက ခေါင်းညိတ်ပြပြီး “တကယ်ကို သနားစရာပဲ။ ဒါနဲ့ သူမက ထာဝရတန်ခိုးရှင်အဆင့် ကို တက်လှမ်းသွားပြီလို့ ငါကြားခဲ့တယ်…”

အဘိုးအိုယန်လင်းက အံ့အားသင့်မှုကြောင့် စကားပင်မပြောနိုင်တော့ပေ။

...

ယန်ကလန် တွင် မဟာကမ္ဘာ ၂၀ ကျော်၊ မရေမတွက်နိုင်သော အလယ်အလတ်အဆင့်ကမ္ဘာ နှင့် အဆင့်နိမ့်ကမ္ဘာပေါင်း ထောင်နှင့်ချီ ရှိခဲ့သည်။ ထိုကမ္ဘာအားလုံးအနက် ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး ဟာ အကြီးမားဆုံးနှင့် အကြွယ်ဝဆုံးကမ္ဘာတစ်ခုပင်။

အကြောင်းကတော့ ယန်ကလန်၏

အခြေခံအုတ်မြစ်ဖြစ်သည့်

ပင်မအိမ်တော်တည်ရှိရာ ဖြစ်နေလို့ပါ။

ငြိမ်သက်ခြင်းမြို့ ။

ငြိမ်သက်ခြင်းမြို့တော် သည်

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး၏

အကြီးမားဆုံးမြို့ကြီးဖြစ်၏။

ယန်ကလန်၏ အခြေခံမြို့လည်း

ဖြစ်ခဲ့သည်။

မြို့တော်သည် အကန့်အသတ်မရှိဟု

ထင်ရသည့်အထိ

ကြီးမားလှသည်။ မြို့တော်အရွယ်အစား

ကြီးမားသော်လည်း တစ်မြို့လုံးကား

တိတ်ဆိတ်နေ၏။ အကြောင်းကတော့

ငြိမ်သက်ခြင်းမြို့ ဟာ ယန်ကလန်၏

အဆင့်မြင့်အာဏာပိုင်များ

နေထိုင်ရာဖြစ်လို့ပါ။

ယန်ကလန်၏ အဆင့်မြင့်အာဏာပိုင်များ

နှင့် အထူးအဖွဲ့အစည်းအနည်းစုသာ

နေထိုင်ခဲ့ကြသည်။ မြို့တစ်ခုလုံးက

ပြင်ပလူများမရှိခဲ့ပေ။

တစ်နည်းဆိုရသော်

ငြိမ်သက်ခြင်းမြို့တော် ဟာ

ယန်ကလန်၏ အဆင့်မြင့်အာဏာပိုင်များ

တိုက်ရိုက်ချုပ်ကိုင်ရာ

အစိုးကနယ်မြေတစ်ခုဖြစ်ခဲ့သည်။

###Book.120